The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 38 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 24, 2018

# (၁၅)ကြိမ်မြောက် တရုတ် – အာဆီယံ ကုန်စည်ပြပွဲမှသည် မြန်မာ – တရုတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆီသို့

စာမျက်နှာ - ၈ ➤



## ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing)ကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်ပြီး တားမြစ်သည့်အမိန့်ထုတ်ပြန်

စာမျက်နှာ - ၂၇ ➤

## ဗီယက်နမ် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် စတုတ္ထ စက်မှုတော်လှန်ရေး

စာမျက်နှာ - ၂၀ ➤

## Visa Contactless ငွေပေးချေမှု နည်းလမ်းလက်ခံသုံးစွဲမှုမြင့်တက်လာဟုဆို

စာမျက်နှာ - ၂၆ ➤



## wefZkd Sfu&.nfjzpf t m;ay;oifho 0g;yvkdkc; 0g;*s, fvD

စာမျက်နှာ - ၁၁ ➤





ဝင်း
溫餐室
စားသောက်ဆိုင်
No(91), 19th Street, Latha Township, Yangon. Ph : 01-250976
No(17,18,19,20), Sanchaung Street, Shin Saw Pu Quarter, Sanchaung Township, Yangon. Ph : 01-510734, 09-8622100
No(20/B), Baho Road, Sanchaung Township, Yangon. Ph : 09-799222246
No(46), Lann Thit Street, Lanmadaw Township, Yangon. Ph : 01-226830, 09-778050300, 09-778050400
No(893), Pin Lon Road, North Dagon Township, Yangon. Ph : 09-778050100, 09-778050200
No(67), Insein Road, Ward 9, Hlaing Township, Between Bu-Tar-Yone Bus Stop & Thu-Kha Bus Stop, Yangon. Ph : 01-512240, 09-777380370
Insein Road, Between Than-Lan Bus Stop & Bar-Tar Bus Stop, Hlaing Township, Yangon. Ph : 09-772222249, 09-429002022, 09-779002022, 09-692121300
No(47), Kyarr Kwat Thit Street, Corner of Aeit-Sar-Thara Street, Tamwe Township, Yangon. Ph : 01-548520
No(379), Lower Kyi Myin Daing Street, Saw Yan Paing North Ward, Alone Township, Yangon. Ph : 09-784444683, 09-262238833




ရန်ကုန်တာယာစက်ရုံ
YANGON TYRE
AG - 357
9-5-24 (8PR)
12-4-24 (8PR)
12-4-24 (12 PR)
ယုံကြည်စိတ်ချသုံးစွဲပါ
"ရန်ကုန်တာယာ"
လယ်ယာသုံးထွန်စက်ကြီးများရှေ့ဘီးတွင်
တပ်ဆင်သုံးစွဲရန်အထူးထုတ်လုပ်ထားပါသည်။
Ph : 09794444487

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကျူးဘားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Hector Conde Almeida အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဘန်ကောက်မြို့ အခြေစိုက် ကျူးဘားနိုင်ငံသံရုံးမှ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hector Conde Almeida အား စက်တင်ဘာလ ၁၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာ-ကျူးဘား နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ရန်၊ ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ ဈေးကွက်သစ်များ ရှာဖွေနိုင်မည့် အလားအလာများ ဆွေးနွေးနိုင်ရန်အတွက် ကျူးဘားနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၃၆) ကြိမ်မြောက် ဟာဗားနား အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ရန်အတွက် ကျူးဘားနိုင်ငံအစိုးရဘက်မှ စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ဆေးဘက်ဆိုင်ရာ နည်းပညာများ (Bio-technology) နှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုတွင် အဆင့်မီခိုင်မာမှုရှိသည့် ကျူးဘားနိုင်ငံမှ မြန်မာနိုင်ငံသို့ဆေးဘက်ဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများအပါအဝင် အခြားကုန်သွယ်မှုပြုလုပ်ရန် အလားအလာရှိသည့် ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ အထူးလုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကုန်သွယ်မှုမူဝါဒများ ခေတ်နှင့်အညီဖြစ်စေရေး စီးပွားရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုတာဝန်ယူညှိနှိုင်းရသည့် အဖွဲ့ဖြစ်၍ ပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုရမည့် နည်းလမ်းများဖော်ထုတ်ရန်၊ ဖြေရှင်းရမည့် လုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုးပေးနိုင်ရန် ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် (၃)ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် (၂) ကြိမ် ကျင်းပခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် သီးခြားအစည်းအဝေး ဆောင်ရွက်မှုကို ပြုလုပ်ခဲ့သော်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအထူးလုပ်ငန်းအဖွဲ့အောက်တွင် အဓိကအားဖြင့် အမျိုးသား ပို့ကုန်မဟာဗျူဟာ (National Export Strategy) ကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်ချောမွေ့စေသည့်လုပ်ငန်း (Ease of Doing Business) ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ Ease of Doing Business လုပ်ငန်းကို World Bank Group မှ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များနှင့် ပူးတွဲပြီး တိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ယခုအစည်းအဝေးတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ လုပ်ငန်းများကိုလည်း ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာအောက်တွင် ဦးစားပေးကဏ္ဍကြီး ၁၁ ခုပါဝင်ပါကြောင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်ရင်း ထပ်မံတိုးချဲ့ရမည့် ကဏ္ဍများကိုလည်း တွေ့ရှိလာကြောင်း၊ ယခုဆွေးနွေးပွဲတွင် အဆိုပါကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက ကဏ္ဍများမှ ပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားထားပါသဖြင့် ဆွေးနွေးပေးရန်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



အထူးလုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြခြင်းနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် UMFCCI မှ CEO နှင့် အခြားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲ တန်ချိန်လေးသောင်းကျော်တင်ပို့ပြီး ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅သန်းကျော်ရရှိ

စက်တင်ဘာ ၈ရက်နေ့မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၇၇၂ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၁၉၁၃၂ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ- တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၁၈၂၁၀ကျော်နဲ့ ကောက်ညှင်းဆန် ၃၁၂ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၁၀၀နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှဧည့်မထဆန် ၅၀၁ တန်ကျော် တင်ပို့ခဲ့ကြောင်းနဲ့ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၉၅၈ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၉ တန်ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၄ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတင်ပို့မှုမှာ မူဆယ် (၁၀၅)မိုင်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၇ သန်းဖိုးရှိ ဆန်ကွဲ ၁၂၀၈ တန်၊ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၁ သန်း တန်ဖိုးရှိဆန်ကွဲတန်ချိန်၁၆၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်က ထိုစခန်းနှစ်ခုမှ ဆန်ကွဲ ၅၉၅တန်ခန့် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၇၇၃ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၂၂ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် ၂၀၂၈၅ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် အာရှနိုင်ငံများသို့ တင်ပို့မှုမှာ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅တန်၊ တရုတ်နိုင်ငံသို့ ငစိန် ဆန် ၇၈ တန်၊ အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ တိုဂိုနိုင်ငံသို့ ဧည့်မထဆန် ၁၆၁၂၅ တန်၊ ဂီနီနိုင်ငံသို့ တန်ချိန် ၁၅၀၀ နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထ ဆန်နဲ့ ပေါင်းဆန် ၂၄၅၇ တန် တင်ပို့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုများနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ၇၀၅၄ တန် ပိုမိုတင်ပို့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၁ သန်းဖိုးနဲ့ ၅၇၄၆ တန်ဖြစ်ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့အီးယူနိုင်ငံများသို့ ၁၃၉၆ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ် မှာ ၂၀၄၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

တစ်ပတ်အတွင်း ဆန်တင်ပို့မှု စုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၉၄ သန်းနဲ့ ၃၉၄၁၇ တန်၊ ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၉ သန်းနဲ့ ဆန်ကွဲ ၇၁၁၄ တန်ဖြစ်ပြီး ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ရေကြောင်းမှ ပိုမိုကြောင်းသိရပါတယ်။ ဆန်ကွဲကိုတော့ နယ်စပ်ရော ရေကြောင်းမှပါ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၉-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၃ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၃ | ၃၈၅ | △ | ၃၉၂ | ၃၉၉ | △ | ၄၀၀ | ၄၀၀ | □ | ၃၉၀ | ၃၈၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၁ | ၃၈၃ | △ | ၃၈၇ | ၃၉၄ | △ | - | - | - | ၃၈၅ | ၃၇၈ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၈ | ၃၈၀ | △ | ၃၈၂ | ၃၉၀ | △ | - | - | - | ၃၈၀ | ၃၇၃ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၇၀ | ၃၇၀ | □ | ၃၆၂ | ၃၆၀ | ▽ | ၃၅၁ | ၃၄၃ | ▽ |
| ပေါင်းဆန် | ၄၀၆ | ၄၀၉ | △ | - | - | - | ၃၆၈ | ၃၇၃ | △ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၂၁-၉-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | △ | ၉၃၂၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၃၀ | □ | ၂၇၀၀၀ | △ | ၁၁၃၆၀ | □ | ၄၈၀၀၀ | △ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၉၅၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၁၆၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၂၀၀ | □ | ၂၆၀၀၀ | △ | ၁၀၁၀၀ | △ | ၅၀၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | △ | ၃၂၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၉၅၀၀ | □ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၉၀၀၀ | △ |
| လှိုင်ကော် | ၈၆၉၀ | □ | ၃၉၀၀၀ | △ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၅၆၀၀၀ | △ |
| ဘားအံ | ၇၅၀၀ | △ | ၂၈၀၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက်တွင် ပေါ်ဆန်းဆန်ဈေးနှုန်းများ မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက်တွင် စက်တင်ဘာလ တတိယပတ်အတွင်း မြောင်းမြခရိုင်၊ မြောင်းမြ၊အိမ်မဲ၊ဝါးခယ်မ၊လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် ယခင် ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၄၉၀၀၀ - ကျပ် ၅၀၀၀၀ မှ ယခုဈေး ကျပ် ၅၀၀၀၀ - ကျပ် ၅၁၀၀၀၊ မအူပင်မြို့နယ်တွင် ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ်၄၉၀၀၀မှ ယခု ကျပ်၅၀၀၀၀ဈေး မြင့်တက်၍ ဆန်တစ်အိတ်ကို ကျပ်၁၀၀၀ခန့် ဈေးနှုန်း မြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

တိုင်းအတွင်း ဆန်စပါးဈေးကွက်မှာ ပေါ်ဆန်းစပါးဆန်ဈေးနှုန်းများ ယခုနှစ်တွင် အမြင့်ဈေးနှုန်းရပြီး မိုး၊ နွေ ဧည့်မထစပါး၊ဆန်ဈေးနှုန်းများ မြင့်တက်မှုရှိသော်လည်း ပေါ်ဆန်းစပါးဆန်ဈေးနှုန်းများ ပို၍မြင့်တက်မှုရှိကြောင်း၊ယခင်နှစ်စပါးပေါ်ချိန်မှစ၍ ယခုအချိန်အထိ ပေါ်ဆန်းဈေးကွက်မှာ ဈေးကွက်ဝယ်လိုအားရှိပြီး ယခုလို စပါးလက်ကျန်များ လျော့နည်းနေချိန် မိုးစပါးသစ်မပေါ်မီ စပ်ကူးမတ်ကူးကာလဒေသတွင်းနှင့် ရန်ကုန်ဈေးကွက်အဝယ်ရှိခြင်း စက်ပိုင်၊ ကုန်သည်များမှ ဈေးပေးဝယ်ယူမှုများကြောင့် ဆန်ဈေးနှုန်းများ မြင့်တက်ရခြင်းဖြစ်ကြောင်း စက်ပိုင်၊ ကုန်သည်အသိုင်းအဝိုင်းနှင့် ဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ၁၇-၉-၂၀၁၈ မှ ၂၁-၉-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 961 | 54,238,207.590 |
| 2 | Form D | 60 | 2,385,481.235 |
| 3 | Form E | 118 | 2,593,125.500 |
| 4 | Korea GSP | 12 | 887,780.680 |
| 5 | Form AK | 149 | 5,889,817.260 |
| 6 | Form AJ | 10 | 474,970.520 |
| 7 | Form AI | 58 | 4,397,761.885 |
| 8 | Form AANZ | 9 | 80,973.030 |
| 9 | Form DFTP | 3 | 562,060,800 |
| 10 | Form CHINA | 1 | 78,425.500 |
| Grand Total | | 1381 | 71,588,604.000 |

# ပေါ်ဆန်း(ရှယ်)နဲ့သီးထပ်(ရှယ်) အဝယ်လိုက်တဲ့အတွက် ဈေးတက်

ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၅၀၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၈၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၅၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၆၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၅၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၅၉၅၀၀-၆၂၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပေါ်ဆန်း(ရှယ်)ကတော့ အရောင်းအဝယ်သွက်တဲ့အတွက် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ခန့်အထိ ဈေးတက်ကြောင်း၊ ဆန်တစ်အိတ်ကို ကျပ် ၄၈၀၀၀-၅၀၀၀၀ ရှိကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။ ယခုတစ်ပတ် ကျားပျံ (ရှယ်) တစ်အိတ် ကျပ် ၅၂၀၀၀-၅၅၀၀၀၊ ပေါ်ကျွဲ တစ်အိတ် ကျပ် ၄၂၀၀၀-၄၄၀၀၀ ရှိကြောင်း သိရပါတယ်။



ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပတင်ပို့တဲ့ ဧည့်မထဆန် ၂၅ မှတ်ကတော့ တစ်အိတ်ကို ကျပ် ၂၁၈၀၀ -၂၂၀၀၀ ရှိပြီး အကြမ်း(ရှယ်)တစ်အိတ် ကျပ် ၂၃၀၀၀-၂၃၅၀၀၊ မိုးသုခ တစ်အိတ် ကျပ် ၂၄၅၀၀-၂၆၀၀၀ရှိပြီး ဈေးငြိမ်နေကြောင်း သိရပါတယ်။ အဝယ်လိုက်တဲ့ သီးထပ်(ရှယ်)က တစ်အိတ်ကို ကျပ် ၂၃၈၀၀-၂၄၂၀၀ ရှိပြီး ယခင်တစ်ပတ် ဈေးထက်တစ်အိတ်ကို ကျပ် ၆၀၀ခန့် ဈေးတက်ကြောင်း ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ ဈေးနှုန်းများအရ သိရပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ပိုသွက်တဲ့ ပေါ်ဆန်း(ရှယ်)နဲ့သီးထပ်(ရှယ်)များ ဈေးတက်ကြောင်း ရန်ကုန်ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၉-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၄/၉ | ၂၁/၉ | ပြောင်းလဲမှု | ၁၄/၉ | ၂၁/၉ | ပြောင်းလဲမှု | ၁၄/၉ | ၂၁/၉ | ပြောင်းလဲမှု | ၁၄/၉ | ၂၁/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၉၂ | ၈၁၆ | ▲ | ၈၃၃ | ၉၁၇ | ▲ | ၈၆၀ | ၉၀၀ | ▲ | ၈၁၅ | ၈၁၅ | ■ |
| ပဲစင်းငုံ | - | - | - | ၇၀၀ | ၇၁၇ | ▲ | ၇၀၀ | ၇၀၀ | ■ | ၆၆၀ | ၆၇၅ | ▲ |
| ပဲတီစိမ်း | ၁၆၁၅ | ၁၅၈၀ | ▼ | ၁၆၈၉ | ၁၆၈၉ | ■ | ၁၆၀၅ | ၁၆၃၁ | ▲ | ၁၄၅၀ | ၁၅၀၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၀၅၀ | ၁၀၀၀ | ▼ | ၁၃၁၀ | ၁၃၉၇ | ▲ | ၁၃၀၀ | ၁၃၇၈ | ▲ | ၁၃၂၀ | ၁၄၀၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၈၀ | ▲ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၆၉၅ | ၂၆၀၅ | ▼ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၄၇၃ | ၂၆၁၁ | ▲ | ၂၉၀၀ | ၂၈၉၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၈) မှ |
| | (၈-၉-၁၈)ထိ | (၁၅-၉-၁၈)ထိ | (၁၅-၉-၁၈) ထိ |
| မတ်ပဲ | ၃၀၈၃၂၄ | ၁၆၉၃၉ | ၃၂၅၂၆၃ |
| ပဲတီစိမ်း | ၈၈၆၇၄ | ၁၉၄၄ | ၉၀၆၁၈ |
| ပဲစင်းငုံ | ၁၅၅၇၅၇ | ၄၁၆၈ | ၁၅၉၉၂၅ |
| ကုလားပဲ | ၄၅၉၆၄ | ၉၁၅ | ၄၆၈၇၉ |
| ပဲလွန်းဖြူ | ၂၀၄၃၅ | ၁၀၂ | ၂၀၅၃၇ |
| မြေထောက်ပဲ | ၉၅၉၃ | ၂၆ | ၉၃၁၉ |

## မတ်ပဲဈေးနှုန်း ပြန်လည်ကောင်းမွန်လာ

သာယာဝတီခရိုင်အတွင်း မြို့နယ်များမှာ ရောင်းဝယ်မှုဖြစ်တဲ့ မတ်ပဲသီးနှံဈေးနှုန်းများသည် တစ်တင်းလျှင် ကျပ် ၁၇၅၀၀ နှုန်းဖြင့် ယခုအခါတွင် တရုတ်နိုင်ငံမှ ဝယ်ယူလာခြင်းကြောင့် စိုက်ပျိုးစရိတ်ပင် မရရှိခဲ့သည့် မတ်ပဲသီးနှံမှာ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဝယ်လိုအားကောင်းခြင်းနှင့်အတူ ဈေးနှုန်းများပါ မြင့်တက်လာသည်ဟု လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး**



## ပြည်ဈေးကွက်တွင် ဝယ်လိုအားကောင်းပြီး နှမ်းရှားလို့ ဈေးဆက်လက်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မိုးနှမ်းကို ဝယ်လိုအား ဆက်တိုက်ရှိလာသလို ဈေးမှာလည်း ဆက်တိုက်မြင့်လာတာ တွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်များနှင့် ဆီစက်လုပ်ငန်းရှင်များက နှမ်းကို ရသလောက် ဝယ်ယူမှုရှိလာလို့ ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းကို ဒေသထွက်ရှိမှု နည်းလို့ တိုင်းကျော်ဖြစ်သော မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့လျှင် အိတ် ၄၀၀ လောက်သာ ဝင်ရောက်မှုရှိနေပါတယ်။ ယခင်နှစ်ထက်စာရင် ယခုနှစ်မှာ နှမ်းအဝင်နည်းသေးတဲ့အတွက် ဈေးကွက်တွင် ပစ္စည်းရှားပြီး အဝယ်လိုက်လာပြီး ဈေးဆက်လက်မြင့်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၃၀၀၀ ဈေးမြင့်လာခဲ့ပါတယ်။ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၅၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၅၀၀၀ အသီးသီး ဈေးမြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဆီဈေးမှာ နှမ်းဦးဆီ တစ်ပိဿာလျှင် ကျပ် ၆၆၀၀ နှင့် နှမ်းဆီရိုးရိုးတစ်ပိဿာလျှင် ကျပ် ၆၄၀၀ ဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားသုံးဆီဖူလုံစေရန်အတွက် ယခင်နှစ်ကထက် နေကြာပိုစိုက်မည်

မကွေးတိုင်းဒေသကြီး၊ရေနံချောင်းမြို့နယ်တွင် အထွက်တိုးသည့်ဆင်းရွှေကြာနှင့်ရေဆင်းနေကြာများကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်၏ရာသီဥတုနှင့်မြေအမျိုးအစားမှာနေကြာနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်ကြောင်းသိရသည်။ တောင်သူတွေရဲ့ စိုက်ပျိုးစရိတ်က အခြားသီးနှံများထက်ကုန်ကျမှုသက်သာပါတယ်။ စားသုံးဆီ ဖူလုံမှုရှိအောင် နေကြာစိုက်ဖို့ နှိုးဆော်ထားကာ ယခင်နှစ်ကထက်ပိုစိုက်မယ်ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၅ ရွာတွင် မိုးနှောင်းသီးနှံအဖြစ် ယာမြေနှင့်ကိုင်းမြေများ၌ ဒေသမျိုးနေကြာကို နှစ်ပေါင်းများစွာ တောင်သူများစိုက်ပျိုးခဲ့ကြရာ ဒေသမျိုးနေကြာမှာ တစ်ဧက ၁၀ တင်းဝန်းကျင်သာ ထွက်ရှိကြောင်း သိရသည်။

ဒေသမျိုးနေကြာထက် အထွက်ကောင်းတဲ့ ရေဆင်းနေကြာ ၁၊ ရေဆင်းနေကြာ ၂ နှင့်ဆင်းရွှေကြာမျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကတင်း ၃၀ ခန့် ထွက်ရှိနိုင်ကြောင်း နေကြာစိုက်ခင်းကို ရေသွင်းလျှင် သွင်းသလောက် အထွက်ကောင်းကြောင်း ၎င်းတာဝန်ရှိသူက ရှင်းပြသည်။

"လက်ရှိအခြေအနေအရတော့ မြေပဲတစ်ဧကစိုက်ပါက စိုက်စရိတ်ကျပ် သုံးသိန်းကျော်လောက်ကုန်တယ်။ နေကြာကတော့ ကျပ်တစ်သိန်းလောက်ပဲကုန်တယ်။ ဒါကအကြမ်းပြောတာပေါ့။နေကြာတင်းသုံးဆယ်ထွက်ပါက အနည်းဆုံးကျပ် ၁၂၀၀၀ရောင်းရဦး။အမြတ်ရတယ်။ နေကြာက ထွေရာလေးပါးမများဘူး။ ဒါကြောင့် စိုက်ကြတာပါ"ဟုဒေသခံ တောင်သူတစ်ဦးက ပြောသည်။

စားသုံးသူများသည် နေကြာကို ဆေးဘက်ဝင်သွေးချိုဆီးချို ကျဆေးနှင့်အစာအိမ်နာလေနာအမျိုးမျိုးအပြင် အခြားဆေးဘက်ဝင်အဖြစ် အသုံးပြုကြကြောင်း နေကြာဆီတစ်ပိဿာ ကျပ် ၄၅၀၀ ဈေးပေါက်နေကာ ယခင်နှစ်ကာလတုန်းက နေကြာဆီတစ်ပိဿာ ကျပ် ၃၀၀၀ သာရှိကြောင်းသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## တရုတ်နိုင်ငံသို့ သကြား ပိုမိုတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၂၇ သန်း တန်ဖိုးရှိ ရိုးရိုးသကြား ၃၅၇၃ တန်နဲ့ Re-export သကြား ၄၁၅၀၈တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၄၀၃၇၀ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၇၁၁ တန် ပိုမို တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၁၀၀၂၃၀၀ ရှိရာမှ စက်တင်ဘာ ဒုတိယပတ်တွင် ကျပ် ၁၀၁၂၇၀၀ ဈေးသို့မြင့်တက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဈေးမှာလည်း၄၄၄၆ယွမ်မှ၄၄၅၄ယွမ်သို့ ဈေးမြင့်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ပြည်ပဲတီစိမ်း ပဲအဝင်လျော့ပေမယ့် လက်ကျန်ရှိလို့ ပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းသစ်များ ဝင်ရောက်မှုရှိနေသော်လည်း ယခင်တစ်ပတ်ကထက် အဝင်လျော့နည်းသွားခဲ့ပါတယ်။ တစ်ရက် အိတ် ၅၀/၁၀၀ ခန့်သာ ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲများ ရှိနေတဲ့အတွက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ မန္တလေးဝယ်လက်သမားများ အဓိကထား ဝယ်ယူခဲ့လို့ တစ်ရက် အိတ် ၂၀၀/၃၅၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာတော့ တစ်တင်းကျပ် ၂၇၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဝယ်လက်ပဲအချို့ဈေးကောင်းရပေမယ့် ပြည်ပဝယ်လက်ပဲများ ဈေးအေးနေပြီး ပဲတီစိမ်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်တော့ ဈေးပိုနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ မျိုးပဲ အဝယ်ရှိလာ

လက်လီပဲဈေးကွက်မှာ ပဲအချို့ ဈေးကောင်းရပေမယ့် ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများကတော့ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ဘိုကိတ်ပဲသီးနှံထက် ဈေးပိုရလို့ တစ်တင်းကျပ် နှစ်သောင်းကျော်သုံးသောင်းခန့် ရရှိခဲ့ပြီး လက်လီဝယ်ယူသူများအပြင် ယခုတစ်ပတ်မှာ မျိုးပဲသမားအချို့ ဝယ်ယူခဲ့တယ်လို့လည်း သိရပါတယ်။ မျိုးပဲဈေးမှာ တစ်တင်းသုံးသောင်းကျပ် ရရှိခဲ့ပြီး ယခင်နှစ်ကထက် ဈေးလျော့နေကြောင်း သိရပါတယ်။ ယခင်နှစ်က မျိုးပဲဝယ်ယူချိန် ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်းကျပ် ၃၆၀၀၀အထိ ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲကြီးသီးနှံ လက်လီ/ကား ဝယ်ယူမှုအပြင် မျိုးပဲပါ အဝယ်လိုက်

ပြည်ပဲဈေးကွက်အတွင်းမှာ ယခုတစ်ပတ်အတွင်း မျိုးပဲအချို့ ဝယ်ယူလာကြတာကို တွေ့ရပြီး ပဲကြီးသီးနှံကိုလည်း မျိုးပဲဝယ်ယူမှုများ ရှိတယ်လို့ သိရပါတယ်။ ပြည်အနီးတစ်ဝိုက် ဒေသများမှ လာရောက်ဝယ်ယူကြပြီး မျိုးပဲမှာ (ရွှေကျွန်း) ပဲအမျိုးအစား ပိုအရောင်းအဝယ်ဖြစ်ခဲ့ကာ မျိုးပဲဈေး တစ်တင်း ကျပ် ၅၀၀၀၀ ရရှိခဲ့ပါတယ်။ လက်လီ၊လက်ကား ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ဈေးကတော့ ရွှေကျွန်း တစ်တင်း ကျပ် ၄၆၀၀၀ မှ ကျပ် ၄၇၀၀၀၊ ကမ်းနား တစ်တင်း ကျပ် ၄၃၀၀၀ မှ ကျပ် ၄၄၀၀၀ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲလှော်ဖိုသမားများ နေ့စဉ်ဝယ်ယူလို့ အိတ် ၂၀၀/၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၉၁၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန်နီးပါးတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉တန်နဲ့ နှိုင်းယှဉ်ပါက ၁၇ တန် ပိုမို တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၁၉၁၄ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၃၀ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက်အခါးခြောက်ကို ဂျာမနီနိုင်ငံသို့တင်ပို့ ရောင်းချပြီး ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံ၍ ထွက်ရှိလာတဲ့ လက်ဖက် ခြောက်ကို စံချိန်စံညွှန်း ပြည့်မီသဖြင့် ဂျာမနီနိုင်ငံမှ ဝယ်ယူခြင်းဖြစ်ကြောင်းသိရပါတယ်။ **မော်မော်အောင်**

# တာဝန်ယူမှုတာဝန်ခံမှုမရှိသော ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်းများကို တားမြစ်ကြပါစို့

**နိုင်ဦး (DOCA)**

ယနေ့ကမ္ဘာကြီး၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် မြန်ဆန်လှသည်။ အထူးသဖြင့် နည်းပညာများဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်လာနေသည်။ ကမ္ဘာ့အရှေ့ခြမ်း၊ တောင်ခြမ်း၊ မြောက်ခြမ်း၊ အနောက်ခြမ်းမှ သတင်းအချက်အလက်များသည် မိနစ်ပိုင်းအတွင်းတစ်ကမ္ဘာလုံးသိရှိလာကြသည်။ စီးပွားရေးလုပ်ငန်းရှင်များကလည်း အညံ့မခံပေ၊ ခေတ်မီလာသော ဆက်သွယ်ရေးစနစ်ကိုအသုံးပြု၍မိမိထုတ်လုပ်သော ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများတွင်ကျယ် ထိရောက်မှုရှိရန်၊ အမြတ်အစွန်းများရရှိရန်ဆောင်ရွက်လာကြသည်။ ထို့ကြောင့်ပင် Online ရောင်းဝယ်ရေးစနစ်သည် တစ်စတစ်စနှင့်တိုးတက်လာခဲ့ရာ ဈေးကွက်အသွင်ဖြစ်ပေါ်လာခဲ့ပါသည်။ မိမိထုတ်လုပ်သောကုန်စည်များနှင့်ပတ်သက်၍ အကုန်အကျနည်းစွာဖြင့် တစ်ကမ္ဘာလုံးသို့ အချိန်တိုအတွင်းဖော်ပြနိုင်ခြင်း၊ မိမိဖောက်သည်များ၏အချိန်ကို ချွေတာ၍ လိုအပ်သောပစ္စည်းများ အိမ်အရောက်ပို့ပေးခြင်း၊ ကြော်ငြာထားသောပစ္စည်းများအတိုင်း မှန်ကန်တိကျစွာဆောင်ရွက်ပေးခြင်းစသည့် အားသာချက်များကြောင့် အချိန်တိုအတွင်း အောင်မြင်လာခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းရှင်ရော၊ စားသုံးသူများ အတွက်ပါကောင်းမွန်သည့်ဈေးကွက်ကြီးတစ်ခုဖြစ်ပါသည်။

သို့သော် ဆွမ်းဆန်ထဲကြွက်ချေးရောဆိုသကဲ့သို့ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသော လုပ်ငန်းရှင်အချို့ကြောင့် အရှိန်အဟုန်ဖြင့် ကြီးထွားလာလျက်ရှိသော Online ရောင်းဝယ်မှု ဈေးကွက်ကြီးတွင် အမည်ဂုဏ်သတင်းများအမည်းစက်ထင်လာသည်။ ကြော်ငြာထားသည့်ကုန်ပစ္စည်းနှင့် အမှန်လက်ခံရရှိသည့် ကုန်ပစ္စည်းအရည်အသွေးကိုက်ညီမှုမရှိခြင်း၊ ဆင်တူရိုးမှား ကုန်ပစ္စည်းများပေးပို့ခြင်း၊ စားသုံးသူထံမှ ငွေကိုကြိုတင်တောင်းခံထားသော်လည်း မှာထားသောပစ္စည်းများအားပေးပို့မှုမရှိခြင်း၊ အချိန်မီ မရောက်ရှိခြင်း၊ ဖြစ်သင့်သောတန်ဖိုးထက် များပြားခြင်း၊ ရက်ချိန်းမမှန်ခြင်းစသည့်အချက်များကြောင့် စားသုံးသူများသည် Online Shopping လုပ်ငန်းများအပေါ် ယုံကြည်မှု လျော့နည်းလာပြီးတဖြည်းဖြည်းပျောက်ကွယ်သွားသည့် အခြေအနေသို့ ရောက်ရှိသွားမှာ စိုးရိမ်ရပါသည်။ ခေတ်နှင့်အညီ ကြီးထွားတိုးတက်လာသော Online ရောင်းဝယ်ရေးဈေးကွက်ကို အဟန့်အတားဖြစ်နေသော ဘယ်သူသေသေငတေမာလျှင်ပြီးရောဟူသည့်စိတ်ထားဖြင့် တစ်နပ်စား လုပ်ငန်းရှင်အချို့ကြောင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သောလုပ်ငန်းရှင်များ၊ စားသုံးသူများ၏ ထိခိုက်နစ်နာ ဆုံးရှုံးမှုများကိုကာကွယ်ရန် ခေတ်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်လာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုများအား ကာကွယ်ပေးခြင်း၊ လုပ်ငန်းရှင်များအားစီးပွားရေးကျင့်ဝတ်များနှင့်အညီ စားသုံးသူများအားဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိသည့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီထုတ်လုပ်ထားသော ကုန်စည်များထုတ်လုပ်မှုကို တွန်းအားပေးဆောင်ရွက်လျက်ရှိသော ဦးစီးဌာနတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်ပင် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing)(MLM) များကြောင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကိုကုစားဖြေရှင်းပေးရန် တောင်းဆိုတိုင်ကြားမှုများ တဖြည်းဖြည်း များပြားလာ၍လည်းကောင်း၊ ခေတ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရေးအတွက်လည်းကောင်း စက်တင်ဘာ ၁၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၁၈)ဖြင့် ထုတ်ပြန်၍ တားမြစ်ခဲ့ပါသည်။

ထုတ်ပြန်ထားသောအမိန့်ကြော်ငြာစာသည် ညီညွတ်မျှတသည့် စီးပွားရေးဈေးကွက် ဖြစ်ပေါ်လာရေးအတွက်သာ ရည်ရွယ်ပါသည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သောလုပ်ငန်းရှင်များ ရေရှည်ရပ်တည်နိုင်ရေး၊ Online ဈေးကွက်ကြီးမားလာမှုကို ဟန့်တားနေသော မသမာသူလုပ်ငန်းရှင်များကို ဈေးကွက်အတွင်းမှ ကွယ်ပျောက်သွားစေရေး အတွက်သာ ရည်ရွယ်ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။ ထိုတားမြစ်ချက်ကိုအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ (၄)(ဂ)အရအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းအဖြစ်သတ်မှတ်၍ ထုတ်ပြန်တားမြစ်ထားခြင်းဖြစ်ပါသည်။

တရားဝင် Online Shopping လုပ်ငန်းလုပ်ကိုင်နေသူများသည် စားသုံးသူဖောက်သည်များရရှိရန် အချိန်ကုန်၊ ငွေကုန်၊လူပန်း ကြိုးစားထားကြရသည်။ Account ဖွင့်၍Page တင်ကြရသည်။ ဤသည်ကိုဆင့်ပွားဈေးကွက်ဖြန့်ချိသူများကလွယ်လွယ်ကူကူကြော်ငြာပုံများ ရောင်းချမည့်ပစ္စည်းများ၏ပုံများကိုကူးယူ၍ ကြားဖြတ်အမြတ်ထုတ်ခြင်း(သို့မဟုတ်) အော်ဒါကောက်ခြင်းပြုလုပ်မှုသည်စီးပွားရေးလုပ်သူ အချင်းချင်းမတရားပြုလုပ်ရာရောက်နေသည်ကို သတိပြုသင့်ပါသည်။ ယခင်က ရောင်းသူနှင့်ဝယ်သူနှစ်ဦးနှစ်ဖက် အချိန်ကုန်၊လူပန်းသက်သာ၍ အကျိုးပြုစီးပွားရေးဈေးကွက်တစ်ခုဖြစ်ခဲ့သော်လည်းမရိုးမဖြောင့်သောလုပ်ငန်းရှင်တချို့ကြောင့် ဈေးကွက်မပျောက်ကွယ်ရေး၊စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာမှ စနစ်တကျ ထိန်းကျောင်းပေးရန် လိုအပ်လျက်ရှိသဖြင့် အချိန်ကိုက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက် ခံဆောင်ရွက်ရေးစင်တာ (Consumer Imformation Complain Centre)(CICC) ရုံးများတွင်ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းကြောင့် စားသုံးသူများ၏ အခွင့်အရေး ချိုးဖောက်ခံရခြင်း၊ ထိခိုက်နစ်နာဆုံးရှုံးခြင်းများ ကြုံတွေ့ရပါက ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက်ပါ တိုင်ကြားနိုင်ပါသည်။စားသုံးသူရေးရာဦးစီးဌာနမှလည်းစားသုံးသူတို့၏ အခွင့်အရေးများဆုံးရှုံးခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးလျက်ရှိပါသည်။

စားသုံးသူများမှလည်း Online ပေါ်တွင် ရောင်းသူနှင့်ဝယ်သူကြားအဆင်မပြေမှုများ၊ ပဋိပက္ခများ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများမဖြစ်စေရေးအတွက် သတိထားဆောင်ရွက်ရန်လိုအပ်ပါသည်။ ယုံကြည်မှုဖြင့် ငွေကြိုတင်ပေးချေခြင်း၊ စည်းကမ်းသတ်မှတ်ချက်များမထားဘဲပစ္စည်းအမျိုးအမည်ကိုသာဖော်ပြခြင်း၊ ငွေကြေးသက်သာမှုများကိုအလေးထားခြင်းများမဆောင်ရွက်သင့်ပေ။ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရေးဈေးနှုန်းမျှတရေး၊ ပစ္စည်းရောက်မှ ငွေပေးချေရေးတို့ကိုဂရုပြုဆောင်ရွက်သင့်ပါသည်။

လက်ရှိတွင် Online Shopping ရောင်းဝယ်ရေးနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်း၊ သတ်မှတ်ဈေးနှုန်းအတိုင်း ငွေပေးချေပြီးဖြစ်သော်လည်း ထပ်မံကောက်ခံခြင်း၊ ဝယ်ယူသောပစ္စည်းများနှင့်ပတ်သက်၍အာမခံမှုမရှိခြင်းစသည့်အချက်များနှင့်ပတ်သက်၍ စားသုံးသူများနစ်နာဆုံးရှုံး၍ တိုင်ကြားမှုများက ပိုမိုများပြားလာနေပါသည်။ စားသုံးသူများမှ မြန်မာတို့၏စိတ်ရင်းအတိုင်းအားနာ၍ ခါးပါခြင်းမဖြစ်ရအောင် တစ်ဖက်ထိခိုက်နစ်နာမည်စိုး၍ ရေငုံနှုတ်ပိတ်နေပါက မရိုးမဖြောင့်သောမသမာမှုပြုလုပ်သော လုပ်ငန်းရှင်များကိုအားပေးအားမြှောက်ပြုရာရောက်သည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သောလုပ်ငန်းရှင်များကိုထိခိုက်နစ်နာစေရာရောက်သည်ကိုသတိပြုသင့်ပါသည်။

လုပ်ငန်းရှင်များလည်း တိုးတက်အောင်မြင်စေ၊စားသုံးသူများ နစ်နာဆုံးရှုံးမှုမရှိသော Online ရောင်းဝယ်မှုဈေးကွက်ကြီးခေတ်နှင့်အညီဖွံ့ဖြိုးလာစေရန်၊ လုပ်ငန်းရှင်များရော စားသုံးသူများမှာပါ တာဝန်ရှိသည်။ လုပ်ငန်းရှင်များကလည်း စီးပွားရေးကျင့်ဝတ်နှင့်အညီတာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် စားသုံးသူစိတ်ချမ်းသာစေရေးအတွက် ဝန်ဆောင်မှုပေးသင့်သည်။ စားသုံးသူများမှလည်းသတင်းအချက်အလက်များကိုကြည့်ရှု၍ စိတ်ချယုံကြည်မှ ဝယ်ယူ၊ ရယူဆောင်ရွက်သင့်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာသော Online ရောင်းဝယ်ရေးဈေးကွက်ကျယ်ပြန့်စွာဖြစ်ပေါ်လာရေး၊ မျှတသောဈေးကွက်ယှဉ်ပြိုင်မှုဖြစ်ပေါ်လာရေး၊ မသမာမှုပြုလုပ်သောလုပ်ငန်းရှင်များဈေးကွက်မှပျောက်ကွယ်သွားစေရေး၊ စားသုံးသူများကိုထိခိုက်နစ်နာဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ရေးအတွက် ထုတ်ပြန်ခဲ့သောအရင်းမစိုက် လေ့ထိုးလိုက်ကာ အောင်မြင်ဖွံ့ဖြိုးနေသော Online ဈေးကွက်ကိုဟန့်တားနှောင့်ယှက်လျက်ရှိသည့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing)(MLM) နှင့်စပ်လျဉ်း၍ တားမြစ်အမိန့်ကြော်ငြာစာပါအတိုင်းလုပ်ငန်းရှင်များရော၊စားသုံးသူများပါ လိုက်နာဆောင်ရွက်ခြင်းဖြင့် ညီညွတ်မျှတသော Online ရောင်းဝယ်ရေးစီးပွားရေးဈေးကွက် ရေရှည်ဖွံ့ဖြိုးတည်တံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၂၀.၉.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | -IAL-001 | ကုန်သေတ္တာ ၅၇၇ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း (၃) | -GINTO | 760Pgs Steel Plate ၁၄၇၆ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၁) | -ANA-M | ဆန်တန်ချိန် ၁၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၂) | -BANG SATONG | သကြား ၈၀၀၀ တန်ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၅) | -BEST FUTURE | ဆန် ၂၀၀၀၀ တန်ကုန်တင်ရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | -VINALINE FREEDOM | Urea ၁၂၀၀၀ ကုန်ချရန် |
| WILMAR JETTY | -SEA PROSPERITY | Coal (In Bulk) ၃၀၃၁၆ တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MELPO MENI | ဆန် ၂၂၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၂၁.၉.၂၀၁၈ |
| TAURUS TWO | Steel Products ၂၈၄၅၅ တန်ကုန်ချရန် | CHINA | ၂၁.၉.၂၀၁၈ |
| FORTUNE | သကြား ၈၀၀၀ တန်ကုန်ချရန် | - | ၂၂.၉.၂၀၁၈ |
| HONOR PESCADORE | Deformed Bars ၉၈၉၆ ကုန်ချရန် | THAI | ၂၄.၉.၂၀၁၈ |
| DYNOMIC OCEAN-02 | သကြား ၆၈၀၀ တန်ကုန်ချရန် | THAI | ၂၆.၉.၂၀၁၈ |
| OCEAN FAITH | IRON PIPE ၂၇၃၈ တန်ကုန်ချရန် | JAPAN | ၂၇.၉.၂၀၁၈ |
| NEW LEVANT | ဆန် ၂၃၅၀၀ တန်ကုန်တင်ရန် | INDIA | ၂၉.၉.၂၀၁၈ |
| HONG LI-8 | H-BEAN&FERTILIZER ၁၆၆၀၀တန်ကုန်ချရန် | CHINA | ၃၁.၉.၂၀၁၈ |
| JOSCO TIZHOU | Steel ၂၂၅၀၀ တန်ကုန်ချရန် | CHINA | ၁.၁၀.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| USINAR BATAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၉.၂၀၁၈ |
| MCC DHAKA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁.၉.၂၀၁၈ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၉.၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၂.၉.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၉.၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၉.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၃.၉.၂၀၁၈ |
| BOX EXPRESS | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၆.၉.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၉.၂၀၁၈ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၉.၂၀၁၈ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၉.၉.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AU VIRGO | P'Oil(In Bulk) | - | ၂၀.၉.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၁.၉.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၂၁.၉.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၂.၉.၂၀၁၈ |
| MT.OCEAN MARLIN | ဒီဇယ်ဆီ | SINGAPORE | ၂၂.၉.၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ+MOGAS 92 RON | SINGAPORE | ၂၂.၉.၂၀၁၈ |
| MT.SENNA-2 | LPG GASS | INDONESIA | ၂၂.၉.၂၀၁၈ |
| MT.OCEAN WINNER | MOGAS 92 RON+ဒီဇယ်ဆီ | SINGAPORE | ၂၃.၉.၂၀၁၈ |
| MT.OCEAN VICTORY | Diesel Oil &JET-A1 | - | ၂၃.၉.၂၀၁၈ |
| MT.INTAN GLORY | ဒီဇယ်ဆီ | SINGAPORE | ၂၄.၉.၂၀၁၈ |
| MT.ORCA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၂၉.၉.၂၀၁၈ |
| MT.PHUBAI PATTRA-2 | ဒီဇယ်ဆီ | SINGAPORE | ၃၀.၉.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁.၁၀.၂၀၁၈ |
| MT.GLORY STAR | MOGAS 92 RON | SINGAPORE | ၂.၁၀.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၄.၁၀.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၄.၁၀.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | SINGAPORE | ၈.၁၀.၂၀၁၈ |

## ကြက်သွန်

# မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ပြည်တွင်းပြည်ပဈေးကွက်ဝင် ကြက်သွန်နီ ဧက ၃၀၀၀ ကျော် စိုက်မည်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ဆောင်းသီးနှံအဖြစ် ဧကသုံးထောင် စိုက်ပျိုးရန်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို ရေနံချောင်းမြို့နယ်တွင် နိုဝင်ဘာလလယ်မှ စတင်၍ ဒီဇင်ဘာလများအထိ ဥပုံကြက်သွန်နှင့် အပင်စိုက်ကြက်သွန်နီနှစ်မျိုးအား ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီမှ ဝင်ငွေရနေကာ တောင်သူများ ဈေးကောင်းမိပါက ပိုမိုတွက်ခြေကိုက်ကြောင်း သိရသည်။

"ယခင်နှစ်ကာလတုတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၀၀၀ ကနေ ကျပ် ၃၀၀၀ အထိ ရောင်းခဲ့ရပါတယ်။ ဥပုံစိုက်ကြက်သွန်နီကနေ ဝင်ငွေ ကျပ် ၁၀ သိန်း ကနေ ၂၀သိန်းအထိ ရခဲ့တယ်။ ဒီနှစ်မှာတော့ ကြက်သွန်နီကို စိုက်ပျိုးဖို့ပြင်ဆင်နေပါတယ်"ဟုဝင်းဝကျေးရွာအုပ်စုမှတောင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် ကြက်သွန်နီစိုက်ချိန်ဖြစ်၍ ဥပုံမျိုးဥဈေး တစ်ပိဿာ ကျပ် ၁၀၀၀ ပေါက်ဈေးနှင့် ဝယ်နေကြောင်း၊ကြက်သွန်နီ လက်လီ ကျပ် ၁၄၀၀ ဖြစ်နေကြောင်း သိရသည်။ ရေနံချောင်းမြို့ နယ်အတွင်း၌ ကြက်သွန်နီက စိုက်ဧက သုံးထောင် စိုက်ပျိုးမည်ဖြစ်ပြီး အထွက်နှုန်းမှာ ကြက်သွန် တင်း၁၄၇၃၆၀၀၀ ထွက်ရှိဖို့ လျာထားကြောင်းသိရသည်။

**ရွှေဇင်**

# ပြည်ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ ယခင်တစ်ပတ်ကထက် ပိုမိုမြင့်တက်နေတာ တွေ့ရပါတယ်။ ပွဲရုံလက်ကားဈေးရောဒေသတွင်း လက်လီဈေး အသေးများတွင်ပါ တစ်ပိဿာကို ကျပ် ၁၅၀ မှ ၂၀၀ထိ မြင့်တက်သွားကြောင်း သိရပါတယ်။ ပြည်ဈေးကွက်သို့ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပခုက္ကူ၊ ဆိပ်ဖြူ စတဲ့ နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိလာတာ တွေ့ရပါတယ်။ နယ်စုံမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀ခန့်သာ ဝင်ရောက်မှုရှိပေမယ့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ် အေးနေသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များမှ အရောင်းအဝယ်



ဖြစ်မည့် ပမာဏလောက်ကိုသာ မှာယူရောင်းချနေကြောင်းလည်း သိရပါတယ်။ စိုက်ပျိုးသူတောင်သူများမှ ဈေးကောင်းရနေချိန်ဖြစ်သဖြင့် လှောင်ကြက်သွန်များထုတ်ကာ ရောင်းချနေကြောင်း သိရပြီး အရည်အသွေးအားဖြင့် ရာသီကုန်ခါနီးအချိန်ဖြစ်လို့ အရည်အသွေး အနည်းငယ် ညံ့နေကြောင်း သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ပွဲရုံဈေး တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၁၁၅၀-၁၂၅၀-၁၃၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး)ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၄၀၀-၁၅၀၀-၁၆၀၀၊ (သေး) ကျပ် ၁၁၀၀-၁၂၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၁၀၅၀-၁၁၅၀-၁၂၀၀ ရှိပြီးလက်လီဈေး (ကြီး)ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၃၀၀- ၁၄၀၀၊ (သေး) ကျပ် ၁၀၀၀-၁၁၀၀ နှုန်းတို့ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်အပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ အတက်ဘက်သို့ဦးတည်နေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ**

# ပြည်ဈေးကွက်တွင် ကြက်သွန်ဖြူဈေး အနည်းငယ်မြင့်တက်

ပြည်ဈေးကွက်တွင် ကြက်သွန်ဖြူဈေးနှုန်းများ ယခုနှစ်ဧပြီလမှစ၍ တဖြည်းဖြည်းကျဆင်းလာပြီး စက်တင်ဘာ တတိယပတ်တွင် ကြက်သွန်ဖြူဈေးမြင့်တက်လာခဲ့ပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာလျှင် (ရှမ်းအမွှာ) ကျပ် ၁၄၀၀ မှ ကျပ် ၁၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၁၂၅၀ ဖြင့်ရောင်းချ လျက်ရှိပါတယ်။ ဒေသတွင်းလက်လီဈေးများတွင် (ရှမ်းအမွှာ)တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ နှင့် (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**နီနီဝင်း**

## နနွင်း

# မူဆယ်မှ နနွင်း ပိုမိုတင်ပို့

စက်တင်ဘာ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၂ သန်း တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၂၅၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၆ တန်နဲ့ နှိုင်းယှဉ်ပါက ၁၅၈ တန် ပိုမို တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၉၉၀၉၅၀ ဈေးဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၆၃၈၂၀ ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရှမ်းနနွင်းအရောင်းအေး

ယခင်နှစ်တွေက ချင်းကအရောင်းအဝယ်အေးပြီး နနွင်းကအရောင်းအဝယ်သွက်ခဲ့ပေမဲ့၊ ဒီနှစ်မှာတော့ ချင်းက အရောင်းသွက်နေပြီး နနွင်းကအရောင်းထိုင်းနေပါတယ်။ ပြည်တွင်းသုံးတွေကတော့ ပုံမှန်ဝယ်ယူမှုသာရှိနေပါတယ်။ ဝယ်လက်တွေက ဝယ်ပြီးစုပုံထားကာ ကားတစ်စီးစာရမှတင်လို့နေ့စဉ်တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ အခုလတ်တလောမှာတော့ နနွင်းကအဝင်နည်းနေပါတယ်။ ဈေးကွက်ရှိတဲ့နေရာတွေဖြစ်တဲ့အောင်ပန်း၊ ဟိုပုံးဈေးကွက်မှာတော့ အဝင်နည်းနေတဲ့အတွက် လက်ကျန် နနွင်းတွေကိုသာ အရောင်းအဝယ်လုပ်နေရတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ရန်ကုန်၊ မန္တလေး၊ ပြည်ဝယ်လက်တွေ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ခုနှစ်သောင်းငါးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း ဈေးကွက်က သိရှိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးမှာ အနိမ့်ဆုံးကျပ် ၁၅၀၀ မှ အမြင့်ဆုံးကျပ် ၂၀၀၀ ဈေးရှိပါတယ်။

**ဧခိုင်**

## ပြောင်း

# မိုးအစောထုတ်ပြောင်းများ တောင်ကြီးဈေးကွက်တွင် ဝင်ရောက်လျက်ရှိ

တောင်ကြီးဈေးကွက်တွင် မိုးအစောထုတ်ပြောင်းအသစ်များစတင်ဝင်ရောက်နေပါပြီ။ ပြောင်း(ဟောင်း)တွေကတော့ ကုန်သလောက်ဖြစ်နေပါပြီ။ မိုးအစောထုတ်ပြောင်းကို တောင်ကြီး၊ ဆီဆိုင်၊ ရပ်စောက်၊ ဟိုပုံး၊နမ့်စန်၊ဖယ်ခုံ၊ပင်းတယမြို့နယ်တွေမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ မိုးအဆက်မပြတ်ရွာနေလို့ တောင်လေးလုံးရှိ မြနန္ဒီပြောင်းအခြောက်ခံစက်ရုံမှ အခြောက်ခံပေးလျက်ရှိပါတယ်။ အဆိုပါစက်ရုံမှ တစ်ပတ်ကိုပြောင်းတန် ၁၀၅၀ ကို အခြောက်ခံပေးလျက်ရှိတယ်လို့သိရပါတယ်။ ရပ်စောက်မြို့နယ် မှာတော့ တစ်ပိုင်တစ်နိုင်အခြောက်ခံစက် ၁၀ လုံးခန့်ရှိတယ်လို့ သိရပါတယ်။ စက်တင်ဘာလ ကုန်လောက်မှာတော့ မေ၊ ဇွန်လတွေက စိုက်ပျိုးခဲ့တဲ့ ပြောင်းတွေဈေးကွက်ကိုလှိုင်လှိုင်ဝင်ရောက်လာတော့မှာလို့သိရပါတယ်။ ဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာ(အဟောင်း) ကျပ် ၅၅၀ ခန့်ရှိပြီး ပြောင်း(အသစ်)ကတော့ အစိုဓာတ်ပေါ်မူတည်၍ တစ်ပိဿာ ကျပ် ၃၂၀ မှ ကျပ် ၃၆၀ ခန့် ရှိတယ်လို့ သတင်းရှိပါတယ်။

**စောမောင်**

## ချင်း

# ဒီတစ်ပတ် ချင်းတန်ချိန် ၃၀နီးပါးသာ တင်ပို့

စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်းချင်း ၂၇ တန်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၂၆၀ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄၀၀ ဝင်ငွေရရှိခဲ့ပါတယ်။ **သီတာဝင်း(DOT)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းပိုမိုတင်ပို့

စက်တင်ဘာ ဒုတိယပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၈၁၉၃၀တန်ဖိုးရှိ ချင်းစို ၂၃၈ တန်ကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၆၃ တန်၊ မောင်တောမှ ၁၇၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေ မှ ၃၄ တန်၊ မောင်တောမှ ၅၅ တန် စုစုပေါင်း ၈၉ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း ၁၄၉ တန် ပိုမို တင်ပို့နိုင်တာ တွေ့ရပါတယ်။ စစ်တွေမှာ ချင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ်၁၁၄၄၇၄၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၁၀၃၃၇၅၀ ဈေးခန့်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

# ရေလမ်းမှ မန်ကျည်းတန်ချိန် ၅၀တင်ပို့

စက်တင်ဘာလ ၉ ရက်မှ ၁၅ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၅၀ ကို စင်ကာပူနိုင်ငံသို့ ရေလမ်းခရီးမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတင်ပို့မှုမရှိခဲ့ဘဲ ဒီတစ်ပတ်မှသာပြန်လည် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၅၀၀ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ဒုတိယပတ်အတွင်းအမေရိကန် ဒေါ်လာ ၁ ဒသမ ၃၈၁ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၁၀၇၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၄၅၈တန်ကျော်၊ နှမ်းဖြူ ၃၅၉ တန် ကျော်၊ နှမ်းညို ၂၂၁ တန်ခွဲနဲ့ နှမ်းညို (အခွံချွတ်) တန် ၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၇၉၀သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၂၈၉ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ အဆိုပါ ရက်သတ္တပတ်အတွင်း မူဆယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၂သန်း တန်ဖိုးရှိ နှမ်းဖြူ (အခွံ ချွတ်) တန် ၄၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ ၈၉ တန် နဲ့ နှိုင်းယှဉ်ပါက ၄၉ တန် လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာဒုတိယပတ်အတွင်း နှမ်းဖြူတစ်တန် ကျပ် ၁၉၉၅၅၀၆၊ နှမ်းနက်တစ်တန်လျှင် ကျပ် ၂၁၀၇၈၅၆ ဈေးရှိကြောင်း သိရပါတယ်။မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၇၃၇၁၀ တန်ဖိုးရှိ နှမ်းနက် ၅၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**







# (၁၅) ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲမှသည် မြန်မာ–တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆီသို့

ဒေါက်တာရွှေစင်ကို

တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေ တည်ဆောက်ရေးကို အထောက်အကူပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလျက်ရှိသော တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှာ ယခု ၂၀၁၈ ခုနှစ်တွင် (၁၅) ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုနှစ်ပြပွဲကြီးကို စက်တင်ဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ခြင်းဖြစ်ပြီး၊ ပြပွဲနှင့်အတူ တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးခေါင်းဆောင်ကြီးများအပြင် ၎င်းတို့၏ မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များပါ တက်ရောက်ခဲ့ကြပါသည်။ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး ဦးဆောင်သော ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် ကုန်စည်ပြခန်းဆောင်တွင် ခင်းကျင်းပြသကြသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် Natural Myanmar National Promotion Conference ကို ကျင်းပခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကွမ်ရှီးကော်မတီ အမြဲတမ်းကော်မတီဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မတီ အတွင်းရေးမှူး Mr. Huang Shi Yong တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပါသည်။ ထို့နောက် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံဘက်မှ ကွမ်ရှီးကော်မတီ အမြဲတမ်းကော်မတီဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး Mr. Huang Shi Yong တို့၏ ရှေ့မှောက်၌ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် Guangdong Institute of Diamond, Jade and Jewellery တို့အကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ မြန်မာနိုင်ငံအထည်အလိပ်လုပ်ငန်းရှင်များအသင်းနှင့် Guangxi Economic and Trade Vocational Institute (GXETVI) တို့အကြား အသက်မွေးဝမ်းကျောင်းမှု သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားပြီးနောက် ဒုတိယပိုင်းအဖြစ် ဆက်လက်၍ မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ MyanTel Holding Company၊ ကော်ဖီလုပ်ငန်းရှင်များ အစုအဖွဲ့၊ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများက မြန်မာ့ထုတ်ကုန်များနှင့် ဈေးကွက်များ၊ ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ၎င်းတို့၏ အလားအလာများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြပြီး တရုတ်နိုင်ငံဘက်မှ စိတ်ပါဝင်စားသူများနှင့် စီးပွားရေးအခွင့်အလမ်းများအပေါ် ဆွေးနွေးခဲ့ကြပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ဝယ်ယူရန် စိတ်ပါဝင်စားသော တရုတ်ကုမ္ပဏီများနှင့် မလေးရှားကုမ္ပဏီတို့နှင့် ဆွေးနွေးခဲ့ကြပြီး ၎င်းကုမ္ပဏီများတွင် သာမန်ဝယ်ယူသူများအပြင် ကမ္ဘာ့ကုန်စည်ပံ့ပိုးပေးသူများ၊ ထောက်ပို့သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ၊ အင်တာနက်မှ သစ်သီးဝလံနှင့် သားငါးဖြန့်ဖြူး ရောင်းချသူများ ပါဝင်ခဲ့ပါသည်။ အယ်လ်ဖာတောက်စင်ပါဝင်မှု အလွန်နည်းပါးသော ကယန်းငရုတ်သီး (၅)တန်အား ဝယ်ယူရန်ကမ်းလှမ်းလာသဖြင့် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကယန်းတောင်သူများ ကုမ္ပဏီနှင့် ချက်ချင်းချိတ်ဆက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် GAP လက်မှတ်ရထားပြီးဖြစ်သည့် မြန်မာနိုင်ငံမှ ထွက်ရှိသော စိန်တလုံးသရက်သီး ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ သခွားမွှေး၊ ထောပတ်သီး၊ ငှက်ပျောသီးနှင့် ထူးခြား လတ်ဆတ်သော တန်ဖိုးမြှင့်သီးနှံများ ရောင်းချနိုင်ရေးအတွက် လည်းကောင်း ဆွေးနွေးနိုင်ခဲ့ကြပါသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် တရုတ်နှင့် အာဆီယံ နိုင်ငံများမှ နှစ်အလိုက် နှစ်လိုဖွယ်ကောင်းသောမြို့များကို ရွေးချယ်၍ ခင်းကျင်းပြသလေ့ရှိပါသည်။ ယခင်ပြပွဲများအတွင်း နှစ်လိုဖွယ်ရာ မြို့တော်အဖြစ် ပြပွဲ၏ ရည်ရွယ်ချက်ပေါ်မူတည်၍ မြန်မာနိုင်ငံမှ မန္တလေး၊ ပုဂံ၊ ရန်ကုန်၊ ရတနာပုံ၊ မူဆယ်၊ မန္တလေး၊ နေပြည်တော်၊ ကျောက်ဖြူ၊ ထားဝယ်၊ မော်လမြိုင်၊ တောင်ကြီးတို့အား တစ်နှစ်စီရွေးချယ်ပြီး အမျိုးသားပြခန်းဆောင်အဖြစ်ခင်းကျင်းပြသခဲ့ပါသည်။ ယခုနှစ်တွင်မူ "၂၁ ရာစု ပိုးလမ်းမကြီးကို အတူတကွတည်ဆောက်ခြင်း ဖြင့် တရုတ်-အာဆီယံအသိုင်းအဝိုင်းကို တီထွင်ဆန်းသစ် ဆောင်ရွက်ကြရန်"ဟူသည့် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ်၏ ဘားအံမြို့တော်အား ရွေးချယ်ကာ အမျိုးသားပြခန်းဆောင် တည်ဆောက်ခဲ့ပြီး ကရင်ဒုံးယိမ်း အကအလှများဖြင့် လာရောက်လည်ပတ်သူများအား ဖျော်ဖြေ၍ မြန်မာနိုင်ငံ၏ အလှအပများကို ဖော်ပြဆွဲဆောင်ခဲ့ကြပါသည်။ အထူးသဖြင့် ဘားအံမြို့တွင် ထင်ရှားသော သမိုင်းဝင် ဘုရားပုထိုးများစွာတည်ရှိခြင်း၊ ခရီးသွားလာရေးအတွက် အခြေခံအဆောက်အဦများရှိခြင်း၊ အဓိက ထွက်ကုန်များအဖြစ် ဆန်စပါး၊ မြေပဲတို့ကို အများအပြား စိုက်ပျိုးထားခြင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်များကိုဆွဲဆောင်နိုင်သည့် ဇွဲကပင်တောင် တည်ရှိနေခြင်း၊ စီးပွားရေးဇုန်များ အကောင်အထည်ဖော်နေခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြခန်းဆောင်သို့ လာရောက်လည်ပတ်သူများစွာ ရှိခဲ့ပြီး၊ ပြပွဲကာလတစ်လျှောက်လုံးတွင် မြန်မာနိုင်ငံအကြောင်း မေးမြန်းသူများ၊ အမှတ်တရဓာတ်ပုံများ ရိုက်ကူးသူများ၊ အကအဖွဲ့နှင့်အတူ ပျော်ရွှင်စွာ လိုက်ပါကခုန်သူများနှင့် အထူးစည်ကားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်စည်များခင်းကျင်းပြသသည့် ကုန်စည်ဆိုင်ရာ ပြခန်းဆောင်တွင်လည်း ပြခန်းပေါင်း ၁၆၈ ခန်းဖြင့် မြန်မာကုမ္ပဏီပေါင်း ၁၄၉ ခုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄၃ သန်းခန့် တန်ဖိုးရှိ စိုက်ပျိုးရေးအခြေခံထွက်ကုန်များနှင့် စားသောက်ကုန်များ၊ ပရိဘောဂပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများ၊ စားသုံးကုန်ပစ္စည်းများကို လာရောက်ခင်းကျင်းပြသခဲ့ကာ ပြပွဲသို့ လိုက်ပါတက်ရောက်သူ ကုန်သည်လုပ်ငန်းရှင်ပေါင်း ၄၅၀ ယောက်ခန့် ရှိခဲ့ပါသည်။ ၎င်းမြန်မာ ကုန်စည်ပြခန်းဆောင်တွင် ယခုနှစ်၏ အထူးပြုထွက်ကုန်အဖြစ် လက်ဖက်၊ လျှော်ဖြူ (ဆေးကုလားမ)နှင့် ကော်ဖီထွက်ကုန်များကို ခင်းကျင်းပြသခဲ့ပြီး စိတ်ပါဝင်စားစွာ မေးမြန်းမြည်းစမ်းဝယ်ယူကြသူများဖြင့် စည်ကားခဲ့ပါသည်။ ယခုနှစ်တွင် ခင်းကျင်းပြသသည့် ပမာဏသည် ယခင်နှစ်က ခင်းကျင်းပြသခဲ့သည့် ပြခန်းပေါင်း ၁၁၀၊ လိုက်ပါသည့် ကုန်သည်ပေါင်း ၃၅၀၊ ခင်းကျင်းပြသသည့် ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၂ သန်းထက် များစွာတိုးတက်လာခြင်းဖြစ်ပါသည်။ ယခုနှစ်တွင်ကျင်းပသည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအတွက် တရုတ်-အာဆီယံ နှစ်လိုဖွယ်အကောင်းဆုံးမြို့ ပြခန်းဆု၊ ပူးပေါင်းပါဝင် ပြသမှုအားအကောင်းဆုံးနိုင်ငံဆု၊ ဆွေးနွေးပွဲများတွင် ပါဝင်မှုအများဆုံးနိုင်ငံဆုနှင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အတွက် အကောင်းဆုံးကုန်သွယ်ရေးဧည့်သည်များအား စုစည်းပေးသူဆုတို့ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် အိမ်နီးချင်းနိုင်ငံကောင်းများအဖြစ် ရပ်တည်လာခဲ့ကြပါသည်။ ယခုကဲ့သို့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲများတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှဦးစီး၍ မြန်မာနိုင်ငံမှ ကုန်သည်အသင်းများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ပြသခြင်းဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၌သာမက ငွေကြေးကဏ္ဍ၊ ကုန်စည်စီးဆင်းမှုကဏ္ဍ၊ စီးပွားရေးဇုန်၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍစသည့် ကဏ္ဍပေါင်းစုံတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာစေပြီး အကျိုးကျေးဇူးများ ဖြစ်ထွန်းစေလျက်ရှိပါသည်။

**စာမျက်နှာ ၁၇ သို့**

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## ဒီတစ်ပတ်ခာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၃၀၆၇၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၇၁၃၁၂ ဒသမ ၄၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၁၆၅၅၅၂၀ တန်ဖိုးရှိ ဒီဇယ် ၁၇၁၇၄ ဒသမ ၃၂ တန်၊ စုစုပေါင်း ၈၈၄၈၆ ဒသမ ၇၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၈၅၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၂၇၉၀ ကျော် တင်သွင်းမှုပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၅၇၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၈၆၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၁ တန်ဖိုးရှိ **Re-export** ဒီဇယ် ၂၅၈၁ ဒသမ ၅၈ တန်တင်ပို့ခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၇၉၂၉၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၂ ဒသမ ၃၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၄၀၄၁ တန်ဖိုးရှိ ဒီဇယ် ၁၀၇ ဒသမ ၂၃တန်၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၄၃၉၅၉တန်ဖိုးရှိ ဒီဇယ် ၃၄၂၇ ဒသမ ၆၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီး ပိုမိုတင်ပို့နိုင်

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၉၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၇၆၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၆၁၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၁၅၆ တန် ပိုမိုခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ကို ကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ် လာ သုည ဒသမ ၀၉၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၈၄ တန်၊ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၀၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၆၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၄သန်း တန်ဖိုးရှိငရုတ်ကောင်း၊ ပဲပုပ်စေ့၊ စီးကရက်၊ နမ့်ဖာလုံကုန်စုံတို့ကို ၅၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၃သန်း တန်ဖိုးရှိ စီးကရက်၊ ထမင်းချိုင့်၊ Stone Craching Machine၊ Air Pressure Gun တို့ကို ၃၅ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၇ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၈ မျိုးကို တန်ချိန် အားဖြင့် ၁၂၈၇ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၅၁ တန်နဲ့ နှိုင်းယှဉ်ပါက ၃၆၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဆီးဆန်၊ ဆီးခွဲခြမ်း၊ ဆီးသီးခြောက်၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ရွှေးရွက်၊ တောဂျူးမြစ်၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ ကြက်ဆူစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ဖန်းခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာတို့ ဖြစ်ပါတယ်။

အဆိုပါသီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၁၉ တန်ဖိုးရှိ ချင်းခြောက်တစ်တန်ကိုလည်းကောင်း၊ ရိဒ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိ တောင်လုံးကျော် နှစ်တန်ကိုလည်းကောင်း မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

## Energy NYMEX

21-9-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 70.80 | -0.32 | -0.45 |
| Brent Crude Futr (USD/bbl) | 78.93 | 0.23 | 0.29 |
| Gasoline Rbob Fut (Cent/gal) | 202.29 | 0.83 | 0.41 |
| Natural Gas Futr (USD/MMBtu) | 2.96 | -0.02 | -0.60 |
| Heating Oil Futr (Cent/gal) | 223.63 | 0.83 | 0.37 |

## ကျပ်ဆယ်သိန်းကျော်သွားခဲ့တဲ့ ပြည်တွင်းရွှေဈေး

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုလရက်သတ္တပတ်အတွင်း ကျပ်ဆယ်သိန်းကျော်အထိ မြင့်တက်ခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသတင်းရရှိသည်။ယခုလဒုတိယပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၉၅၀၀၀ရှိခဲ့ရာမှ တတိယပတ်အတွင်းတွင်ကျပ် ၁၀၄၀၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ပြည်တွင်းရွှေဈေးစံချိန်သစ်ပဲ။ ဈေးကတက်နေတော့ အဝယ်နည်းပြီး အရောင်းပဲများနေတယ်။ မြတ်မယ်ဆိုပြီး ရောင်းတာမျိုးပေါ့။ ဒါပေမယ့်လည်း ကျပ်ငွေတန်ဖိုးကျနေတော့ ဒုံရင်းကဒုံရင်းပဲ။ ဝါကျွတ်ဖို့လည်းနီးနေပြီဆိုတော့ ဒီထက်တက်ဖို့ပဲ အလားအလာရှိတယ်။ ကမ္ဘာ့ရွှေဈေးကတော့ အတက်ပြတယ်ဆိုပေမယ့် ပြည်တွင်းလောက်ဈေးအတက်မကြမ်းဘူး။ ကမ္ဘာ့အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်နေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက သုံးသပ်သည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၁၇ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၉၈၀၀၀ရှိခဲ့ရာမှ စက်တင်ဘာ၁၉ရက်တွင် ကျပ် ၁၀၃၀၀၀၀သို့ ခုန်တက်ခဲ့ရာမှ စံချိန်သစ်တင်ခဲ့ပြီး စက်တင်ဘာ ၂၁ရက်တွင် ကျပ်၁၀၄၀၀၀၀သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ကမ္ဘာ့ရွှေဈေးကွက်မှာတော့ စက်တင်ဘာ ၁၇ရက်က ရွှေတစ်အောင်စလျှင် ၁၁၉၇အမေရိကန် ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၁၉ရက် တွင် တစ်အောင်စလျှင် ၁၂၀၃ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့သလို စက်တင်ဘာ ၂၁ရက်တွင် ၁၂၀၉အမေရိကန်ဒေါ်လာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်းလည်း စံချိန်သစ်တင်

ပြည်တွင်းငွေလဲဈေးကွက်သည် စက်တင်ဘာတတိယပတ်အတွင်း စံချိန်တင်မြင့်တက်လာခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၅၀ကျော်မှ ကျပ် ၁၆၀၀သို့ရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၀ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၉၇ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ပြင်ပပေါက်ဈေးမှာမူ များစွာမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးလောကတွင် အမေရိကန်ငွေကြေးမှာ တန်ဖိုးမြင့်နေခြင်း၊ ကုန်သွယ်ရေးစစ်ပွဲ၌ အမေရိကန်ဘက်မှ အားသာလာခြင်းတို့ရှိသော်လည်း ပြည်တွင်းဈေးကွက်၌မြန်မာကျပ်ငွေတန်ဖိုးစံချိန်တင်ကျဆင်းခြင်းနှင့်အတူ စက်သုံးဆီဈေးနှုန်း၊ အခြေခံစားသောက်ကုန်ဈေးနှုန်းတို့မှာ မြင့်တက်လာပြီး အခြေခံလူတန်းစားမိသားစုများအပေါ် ရိုက်ခတ်မှုရှိလာကြောင်း၊ ယခုလိုအခြေအနေများကြောင့်စီးပွားရေးလောကကို သက်ရောက်မှုရှိနေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် စက်တင်ဘာ ၁၇ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၆၅ကျပ်၊ ဝယ်ဈေး ၁၅၆၀ကျပ်မှ စက်တင်ဘာ ၁၉ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၆၂၀ကျပ်၊ ဝယ်ဈေး ၁၆၀၅ကျပ်သို့မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၂၁ရက်တွင်ရောင်းဈေး၁၆၃၅ကျပ်၊ ဝယ်ဈေး၁၆၂၅ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## အစုရှယ်ယာဝယ်ယူမှု ပြီးမြောက်သူများကို YSX မှ ကံစမ်းမဲဖောက်ပေးမည်

ရန်ကုန် စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသော FMI၊ MTSH၊ MCB၊ FPBနှင့် TMHအစုရှယ်ယာများကို စက်တင်ဘာ ၁၀ရက်မှ အောက်တိုဘာ ၁၀ရက်အတွင်း ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း (Buy Order)ဖြင့် အဝယ်ပြီးမြောက် ခြင်း (Execution For Buy Order) ဖြစ်ပါက ရန်ကုန်စတော့အိတ်ချိန်းမှ ဆုမဲပေါင်းများစွာကို မဲဖောက်ချီးမြှင့်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဆုမဲများမှာ ပထမဆုအဖြစ် Acer Core i5၊ ဒုတိယဆုအဖြစ် Samsung A6 Plus Mobile Phone၊ တတိယဆုအဖြစ် Samsung 40" LED TV၊ စတုတ္ထဆုအဖြစ် Sony Digital Camera ၊ ပဥ္စမဆုအဖြစ် Casio G-Shock နာရီနှင့် အထူးဆုအနေဖြင့်နာမည်ကျော် ဘဏ္ဍာရေးသင်တန်းကျောင်းများမှ သင်တန်းတက်ရောက်ခွင့်များကို ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကံစမ်းမဲရလဒ်နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာများကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကံထူးရှင်များကိုစည်းကမ်းချက်နှင့်ကိုက်ညီသူများထဲမှတစ်ကြိမ်သာ ကျပန်းရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အငြင်းပွားဖွယ်တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက ရန်ကုန်စတော့ အိတ်ချိန်း၏ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ပြီး ကံစမ်းမဲပေးအပ်ချီးမြှင့်ပွဲနေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်ထားသည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့် Japan Exchange Group တို့မှ ပူးပေါင်း တည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ်မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။ **သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17-September | 14.06 | 2279.38 | 1966.19 | 5822.09 | 792.00 |
| 18-September | 14.14 | 2330.51 | 1996.60 | 5950.14 | 801.00 |
| 19-September | 14.17 | 2382.74 | 2004.32 | 6091.20 | 817.00 |
| 20-September | 14.29 | 2432.56 | 2000.13 | 6069.60 | 823.00 |
| 21-September | 14.34 | 2452.32 | 2023.49 | 6112.13 | 833.00 |

## Currency Exchange Rate

September 21, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 83.62 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.84 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 71.88 |
| I DR | Indonesia Rupiahs | 14816.67 |
| JPY | Japan Yen | 112.82 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 123.74 |
| PHP | Philippines Pesos | 54.00 |
| RUB | Russia Rubles | 66.33 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1115.37 |
| LKR | Sri Lanka Rupe | 168.30 |
| THB | Thailand Baht | 32.39 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 23332.87 |

*Source:xe.com*

## World Gold Price

September-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 17 | 1203 | 1194 | 1194 |
| 18 | 1203 | 1202 | 1202 |
| 19 | 1211 | 1205 | 1199 |
| 20 | 1209 | 1207 | 1208 |
| 21 | 1212 | 1210 | 1212 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-9- 2018 | 995.00 | 995.00 |
| 18-9- 2018 | 1000.80 | 1001.00 |
| 19-9- 201 | 1017.50 | 1018.00 |
| 20-9- 2018 | 1034.00 | 1034.00 |
| 21-9- 2018 | 1034.00 | 1036.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6.87 | 32.67 | 84.21 | 72.54 |
| 18 | 6.86 | 32.59 | 83.69 | 72.39 |
| 19 | 6.86 | 32.54 | 83.93 | 72.67 |
| 20 | 6.85 | 32.39 | 84.03 | 72.09 |
| 21 | 6.84 | 32.39 | 83.62 | 71.88 |

## ဘိလပ်မြေ

# ရေကြောင်းလမ်းမှဘိလပ်မြေတန်ချိန် ၂၀၀၀ ကျော်ဝင်

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၈၂၅၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၁၅၅ ဒသမ ၇၃၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၆၉၉ ဒသမ ၉၉၈ တန်၊ အာရပ်နိုင်ငံမှ ၅၂ တန်၊ တရုတ်နိုင်ငံမှ ၄၀၃ ဒသမ ၇၃၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၄၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၆၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

စက်တင်ဘာ ၈ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၅၃၄၂ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၃၁၁၀ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၂၃၂တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



## ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်း မိုးရွာနေပေမယ့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးအပြောင်းအလဲတော့မရှိဘူးလို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း)ကျပ် ၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် ရောင်းအားတက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အေသုံးလုံးဘိလပ်မြေက ကျပ် ၃၀၀၊ အယ်လ်ဖာ ဘိလပ်မြေက ကျပ် ၂၀၀ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၇၀၀၊ ဘလူးဒိုင်းမွန်းကျပ်၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဒီတစ်ပတ်မှာ အပါချီနဲ့ ကြံ့တံဆိပ်ဘိလပ်မြေများက ကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ် ၅၀၀၀၊ ကြံ့ကျပ်၄၆၀၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ အပါချီ ကျပ် ၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# နိုင်ငံစုံမှ မြေဩဇာတန်ချိန် ၁၂၀၀၀ ကျော်ဝင်

စက်တင်ဘာ ၉ ရက် မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၃၆၆၆၇၄၀ တန်ဖိုးရှိမြေဩဇာ ၁၂၅၁၃ ဒသမ ၅၈၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ ၅၁၀ ဒသမ ၉၃၇ တန်၊ တရုတ်နိုင်ငံမှ ၂၄၂၃ ဒသမ ၆၉၃ တန်၊ အီရန်နိုင်ငံမှ ၃၇၂၇ ဒသမ ၇၇၇တန်၊ ကိုရီးယားနိုင်ငံမှ ၄၆၆ ဒသမ ၂၄၇ တန်၊ မလေးရှားနိုင်ငံမှ ၂၅၀ ဒသမ ၁၅၃ တန်၊ နော်ဝေနိုင်ငံမှ ၂၂၀ဒသမ၆၁၀တန်၊ ရုရှားနိုင်ငံမှ ၂၉၉၀ ဒသမ ၁၆၅ တန်၊ထိုင်းနိုင်ငံမှ ၁၁၂၄ ဒသမ ၀၀၄တန်၊ တပ်မင်နစ္စတန်နိုင်ငံမှ တန်ချိန် ၅၀၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အာမို၊ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ယူရီးယား ၄၆%၊ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့မြေဩဇာ၁၀၃၅၆တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၁၅၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## မြေဩဇာဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ ၁၄၉၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ ၂၀၈၁၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၈၇၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီး၊မော်လမြိုင်၊ မကွေးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၆၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၃၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၆၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၇၂၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၂၆၅၀၀ ၊ မြားကမ္ဘာကျပ် ၁၇၃၀၀ ၊ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်းကျပ်၃၁၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မြားကမ္ဘာ(၁၂း၁၃)က ကျပ် ၁၂၀၀၊ ဆင်(၁၀း၁၀း၅)၊ သီးစုံ (ဝါစိမ်းပြာ) နဲ့ အာမို၁၅း၁၅း၁၅က ကျပ် ၂၀၀၊ အာမို(၁၆း၁၆း၈)၊ တောင်သူမ နဲ့တီစူပါ က ကျပ်၃၀၀၊ အာမို(၁၀း၁၀း၅)ကကျပ် ၈၀၀၊ ယူရီးယား(ပန်းဖူး၊ ရွှေတောင်)ကျပ် ၅၀၀ ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၇၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၇၂၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ် ၁၇၅၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၈၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၇၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၂၀၀၊တီစူပါ ကျပ် ၂၃၅၀၀၊ တောင်သူမ ကျပ် ၁၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ဒီတစ်ပတ် နှံ့ဆီ၁၅တန်ကျော်နဲ့ နှံ့မှုန့်တန်ချိန် ၅၀ကျော်ဝင်

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၅၄၀၀ တန်ဖိုးရှိ နှံ့ဆီ ၁၅ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနှံ့ဆီ ၁၂တန်နဲ့ ကောင်းဘဲလ်နှံ့ဆီ ၃ ဒသမ ၆၀ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၂၉၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နှံ့ဆီတန်ချိန် ၂၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၁၂၀၄၆၃ တန်ဖိုးရှိ နှံ့မှုန့် ၅၄ ဒသမ ၅၇၆ တန်တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၅၄ တန်နဲ့ ယူကေမှ သုည ဒသမ ၅၇၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့် ၁၀၄ တန်ကျော်နဲ့ နှိုင်းယှဉ်ရင်၄၉တန်ကျော်တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နှံ့ဆီရောနှံ့မှုန့်ပါအဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** စိုက်ပျိုးရာသီချိန် ရောက်လာတာကြောင့် အရောင်းအဝယ်ကသွက်လာတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာယူရီးယားနဲ့ မြားသီးစုံကကျပ် ၃၀၀၊ တီစူပါ ၄၆% နဲ့အာမို(၁၅း၁၅း၁၅) ကကျပ် ၂၀၀၊ အာမို (၁၀း၁၀း၅)ကကျပ် ၈၀၀၊ပိုတက်က ကျပ် ၁၇၀၀ဈေးမြင့်လာခဲ့ပြီး ကျန်မြေဩဇာများက ယခင် တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၆၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)ကျပ် ၂၇၂၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၂၈၀၀၊ မြားသီးစုံ ကျပ် ၁၆၇၀၀၊ ပန်းသီးစုံ ကျပ် ၁၆၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၁၂၀၀၊ ပိုတက် ကျပ် ၂၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၉ မှ ၁၄/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၉ မှ ၇/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၂.၅၀ | - | (+) | ၆၂.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၅၅.၀၀ | ၁၈၅.၀၀ | (-) | ၃၀.၀၀ |
| ၅။ | တာချီလိတ် | ၄၀၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၅.၀၀ | ၂၅.၀၀ | | - |
| ၈။ | မြိတ် | ၁၁၀၀.၀၀ | ၉၀၀.၀၀ | (+) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၅၃၄၂.၅၀ | ၃၁၁၀.၀၀ | (+) | ၂၂၃၂.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၉ မှ ၁၄/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၉ မှ ၇/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၉၉၅.၉၅ | ၁၂၁၁၄.၀၀ | (-) | ၁၁၈.၀၅ |
| ၂။ | လွယ်ဂျယ် | ၁၆၅.၅၀ | ၃၀၂.၅၀ | (-) | ၁၃၇.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၁၅.၂၀ | ၁၈၁၇.၆၅ | (-) | ၅၀၂.၄၅ |
| ၄။ | ကန်ပိုက်တီ | ၁၁၄၆.၀၀ | ၈၁၆.၀၀ | (+) | ၃၃၀.၀၀ |
| ၅။ | မြဝတီ | ၅၆.၂၆ | ၃၇၇၃.၇၃ | (-) | ၃၇၁၇.၄၈ |
| ၆။ | ကော့သောင်း | ၆၀.၀၀ | ၂၉၀.၀၀ | (-) | ၂၃၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၀၀.၀၀ | ၁၇၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၄၉၃၀.၉၁ | ၂၀၈၁၃.၈၈ | (-) | ၅၈၇၄.၉၇ |

ခင်မိုးသူ

# တန်ဖိုးမြှင့်ကုန်စည်အဖြစ် အားပေးသင့်သော
# 0g;y v kyfac: 0g;*s , fvD

ဝါးပလုပ်ခေါ် ဝါးဂျယ်လီကို တနင်္သာရီတိုင်း မြိတ်ခရိုင်၊ မြိတ်၊ ပုလော၊ ကျွန်းစုမြို့များတွင်သာ ပေါက်ရောက်လေ့ရှိသော "ကလွေဝါး" မှစုဆောင်းရရှိတာဖြစ်ပါတယ်။



ဝါးပလုပ်လို့ခေါ်တဲ့ ဝါးဂျယ်လီကို ကြည့်ရတာ ဆေးကုလားမလိုလို၊ ငှက်သိုက်လိုလို ကြည်ကြည်တုန်တုန်လေးပါပဲ။ အရသာလည်း မဲ့ပါတယ်။ ဒါပေမဲ့ မြည်းစမ်းကြည့်ရာမှာတော့ ရင်ထဲမှာအေးမြမြလေးဖြစ်သွားစေပါတယ်။ သူ့ရဲ့သဘာဝကိုကလည်း "ကိုယ်တွင်းအေးစေတယ်၊ သွေးလှည့်ပတ်မှုကို မှန်စေတယ်၊ ကျန်းမာရေးအထောက်အကူပြုသဘာဝဆေး"ဖြစ်တယ်လို့ ပြခန်းတာဝန်ခံက မြိတ်သံဝဲဝဲနဲ့ ရှင်းပြပါတယ်။ (၃) မိနစ်စာ Video clip လေးဖွင့်ပြီးတော့လည်း ဝါးဂျယ်လီ စုဆောင်းပုံလေးလည်း ပြပေးထားပါတယ်။

မြေပြင်ကနေ ဝါးအဆစ် (၃) ဆစ်အထက်ကနေစပြီး အပေါ်ပိုင်းက ဓားနဲ့ အရာပေးပြီး ဟက်ထားပေးရကြောင်း၊ အဆစ်တွေကို မိုးရေ၊ နှင်းတို့ အဲဒီဟက်ထားတဲ့အရာကနေ ဝါးလုံးခေါင်းထဲကို ဝင်သွားအောင် ပြုလုပ်ထားပြီး ၁၀ ရက်ခန့်အကြာမှာ ဝါးဂျယ်လီကို စုဆောင်းနိုင်ကြောင်း သိရပါတယ်။ ဝါးခေါင်းထဲမှာရှိနေတဲ့ ပလိုတင်းနဲ့ မိုးရေ၊ နှင်းစက်တို့ဓာတ်ပြုပြီး သဘာဝဂျယ်လီ ဖြစ်တည်လာစေတယ်လို့ သိရတယ်။

ဝါးရေကိုတောင် ဆေးဖက်ဝင်လို့ သောက်သုံးကြသလို ဒီဝါးဂျယ်လီလည်း တန်ဖိုးထားသောက်သုံးကြပါတယ်။ ဝါးပလုပ်၊ ဝါးဂျယ်လီကတော့ အာနိသင်ပိုကောင်းတယ်၊ သကြားထည့်သောက်သောက်၊ Milk shake လုပ်စားစားကောင်းတယ်လို့လည်း ပြောပြပါတယ်။ ၁၀ ရက်ခန့်ကြာတဲ့အခါ ဝါးပင်ကို ခုတ်လှဲ၊ ဝါးဆစ်အလိုက်ခြမ်းပြီး ဝါးဂျယ်လီကို စုဆောင်းလို့ရတယ်။ ရေသန့်ပုလင်းထဲ သဘာဝအတိုင်း ထည့်ထားရင် ၅ ရက်လောက်ထိ ထားလို့ရတယ်၊ တနင်္သာရီတိုင်း မြိတ်ခရိုင်ဒေသမှာသာ ကလွေဝါး အမျိုးအစားရှိတာလို့ ရှင်းပြပါတယ်။ ဖြစ်နိုင်ရင်တော့ စည်သွပ်ဘူးနဲ့ထည့်ပြီး Value added အဖြစ် ထုတ်လုပ်ချင်တယ်၊ ဒေသမှာတော့ ဝါးဆစ်တွေနဲ့ ထည့်၊ ထမ်းပိုးလေးနဲ့ထမ်းရောင်းချတဲ့ အဆင့်ပဲရှိသေးတယ်လို့ သိခဲ့ရပါတယ်။

ဒီပစ္စည်းအမယ်လေးကို စက်တင်ဘာလ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ ပြုလုပ်ကျင်းပတဲ့ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ ၂၀၁၈ (World BAMBOO DAY 2018) မှာ ခင်းကျင်းပြသထားတဲ့ ပြခန်းတွေထဲက ပြကွက်တစ်ခုမှာ လေ့လာသိရှိခွင့်ရခဲ့တာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်ကစပြီး မြန်မာနိုင်ငံမှာ ကမ္ဘာ့ဝါးအထိမ်းအမှတ်ကို စတင်ကျင်းပခဲ့တာဖြစ်ပြီး ယခုအကြိမ်ဟာ တတိယအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားကို ကမ္ဘာအနှံ့ရှိဝါးနဲ့သက်ဆိုင်သော ကွန်ရက်အဖွဲ့အစည်းများ၊ ဝါးချစ်မြတ်နိုးသူများနဲ့ ဝါးအခန်းကဏ္ဍတိုးတက်ဖွံ့ဖြိုးရန်အတွက် လုပ်ကိုင်နေကြသော ပညာရှင်များအားလုံး တစ်စုတစ်စည်းတည်း တွေ့ဆုံနိုင်ကြစေရန် စီစဉ်ကျင်းပကြတာလို့ သိရပါတယ်။ ဝါးမှ ဆောင်ကျဉ်းပေးနိုင်သော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများနှင့်ပတ်သက်၍ အသိပညာများ တိုးပွားစေရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးစားအားထုတ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ယခုကဲ့သို့ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ပွဲကို ကျင်းပခြင်းဖြစ်ပါတယ်။ အခမ်းအနားမှာ မြန်မာနိုင်ငံအပါအဝင် ပြည်ပပညာရှင်များ စာတမ်းဖတ်ကြားခြင်း၊ အမေးအဖြေကဏ္ဍ၊ စကားဝိုင်းဆွေးနွေးပွဲများနှင့် ဆန်းသစ်တီထွင်ထားသော ဝါးထုတ်ကုန်လက်ရာပြခန်းများ ပြသထားတာလေ့လာကြည့်ရှုခွင့်ရခဲ့ပါတယ်။

ယင်းအခမ်းအနားမှာ အဖွင့်အမှာစကားကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (Department for International Department -DFID) တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ Key note address ကို အသီးသီးပြောကြားခဲ့ကြပါတယ်။ အခမ်းအနားမှာ (Bamboo Diversity in the Royal Project Areas, Vietnam bamboo conservation for sustainable development & the route of Bamboo, Using bamboo culm technologies to develop SME industries, Bamboo Sector Development in Myanmar through Community Forestry) စာတန်းများကို ဖတ်ကြားခြင်း၊ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းနှင့် စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

အစိုးရမှ ဝါးလုပ်ငန်းရှင်နှင့် ဝါးစိုက်တောင်သူများ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဝါးသီးနှံရောနှောသစ်တော စိုက်ပျိုးရန်၊ ဝါးသစ်ပင်နှင့် တိရစ္ဆာန်ရောနှောစိုက်ပျိုးမွေးမြူခြင်းနည်းစနစ်၊ ဝါးသီးနှံနှင့် တိရစ္ဆာန်စားကျက်ရောနှောစိုက်ပျိုးခြင်း၊ မျှစ်ထုတ်လုပ်နိုင်ရန်၊ ဝါးစိုက်ပျိုး-သယ်ယူပို့ဆောင်-ကုန်ချောထုတ်လုပ်ခြင်း စတဲ့ ဈေးကွက်အချိတ်အဆက်မှာ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းကဏ္ဍတွေ ပါဝင်တဲ့အတွက် လက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေးကျဆင်းနေချိန်မှာ ရင်းနှီးမြှုပ်နှံမှုလည်းနည်း၊ Infrastructure လည်းမလို၊ ကြားညှပ်သီးနှံစိုက်ပျိုးမှု လုပ်လို့ရတဲ့ ဝါးထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ကလည်းအရေးပါတဲ့အတွက် Private Public Partnership - PPP ကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုတယ်လို့ သိခွင့်ရခဲ့ပါတယ်။

ပြခန်းမှာတော့ ကုမ္ပဏီ ၂၀ ခန့်မှ ၎င်းတို့ထုတ်လုပ်တဲ့ ဝါးနဲ့ ဝါးထွက်ပစ္စည်းများ၊ ဝါးထုတ်ကုန်လက်ရာများ၊ ဝါးမီးသွေး၊ လေသန့်စင်အထုတ်များ၊ ဓာတုဗေဒဓာတ်ကြွင်းများ ဖယ်ရှားပေးမည့်အဆင့်မြင့် ဝါးမီးသွေးခဲလေးများ၊ ဆပ်ပြာ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ ရေနွေးကြမ်းခွက်၊ လင်ပန်း၊ ခရားအိုး၊ ကော်ဖီခွက်၊ တူစားခွက်၊ ဟင်းရည်ခွက်၊ ရေတကောင်း၊ ယောင်းမနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်တဲ့ ခြင်းတောင်း၊ ballpen ခွက်၊ ရေထည့်ဘူး၊ ဆပ်ပြာခွက်၊ ဂျပ်ခုတ်အထည်များ၊ ဟိုတယ်သုံး စားပွဲခင်းလေးများ၊ သော့ချိတ်၊ လက်ကောက်၊ ဆံထိုး၊ tissuebox စသည်များကို ခင်းကျင်းပြသထားတာ တွေ့ရှိခဲ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနိုင်ငံတို့က ဝါးထွက်ကုန်ပစ္စည်း တင်ပို့မှုဟာ နှစ်စဉ် ကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံဝန်းကျင်ရှိနေပြီး မြန်မာနိုင်ငံမှ တင်ပို့နိုင်မှုကတော့ ကန်ဒေါ်လာ ၅ သန်းဝန်းကျင်သာရှိတယ်လို့ သိရပါတယ်။

ဝါးပင်ရဲ့ အကျိုးပြုမှုတွေထဲမှာ ဝါးပင်အမြစ်ရဲ့ ဖွဲ့စည်းပုံခိုင်မာမှုကြောင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ဝင်ငွေတိုးစေနိုင်တဲ့ အကျိုးကျေးဇူးများကို ရရှိစေနိုင်တယ်လို့လည်း သိခွင့်ရခဲ့ပါတယ်။

**ပိတောက် (Myantrade)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၉-၂၀၁၈)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၄၀၀ | ၅၈၀၀ | △ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၆၂၀၀ | △ | ၁၈၄၀ | ၁၉၀၀ | △ |
| မုံရွာ | ၅၃၀၀ | ၅၅၀၀ | △ | ၅၃၀၀ | ၅၅၀၀ | △ | ၂၁၅၀ | ၂၀၀၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၉-၂၀၁၈ US$/Ton

| အမျိုးအစား | စက်တင်ဘာပထမပတ် | စက်တင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | - | ၅၆၀.၅၀ | - |
| **RBD P.Olein** | ၅၆၄.၅၀ | ၅၅၈.၀၀ | ▽ |
| **RBD P.Stearin** | ၅၃၉.၀၀ | ၅၃၇.၀၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁-၉-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၂၆.၅၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၃.၀၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၈၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၆.၆၂၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၉-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 585 ဒေါ်လာနှင့် USD ဈေး ၁၅၉၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၁-၉-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၉၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လထိ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ အခြေအနေများကို သုံးသပ်တင်ပြခြင်း

စာရင်းအင်း

မြန်မာနိုင်ငံအနေဖြင့် အဓိကသီးနှံများအဖြစ် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့အား စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကာ ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး၏ လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ (၃၂ ရာခိုင်နှုန်း) စိုက်ပျိုး ထုတ်လုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေ ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၆၆ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ ကုလား ပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြပါသည်။ လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံမှ တင်ပို့ သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး၊ ပဲမျိုးစုံသည်လည်း အဓိက ပို့ကုန်တစ်မယ် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် (ဧပြီ ၁ ရက်နေ့ မှ ဩဂုတ်လ ၃၁ ရက်) နေ့ထိ ပဲမျိုးစုံတင်ပို့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၅၆၅၄၅၁ | ၁၀၉၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၃၆၉၈၈၀ | ၉၅၀ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၄၉၇၉၇၁ | ၁၂၀၀ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၂၄၂၆၈၃ | ၁၂၁၅ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၄၂၄၆၃၉ | ၁၃၉၉ |
| ၆ | ၂၀၁၇-၂၀၁၈ | တန် | ၁၃၁၇၉၇၂ | ၈၈၇ |
| ၇ | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ထိ(ယာယီ) | တန် | ၆၈၄၂၁၀ | ၃၅၁ |

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံတင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂ သိန်း၊ အမေရိကန်ဒေါ်လာ ၁၂၁၅ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် တန်ချိန် ၁၄ သိန်း၊ အမေရိကန်ဒေါ်လာ ၁၃၉၉ သန်းခန့် တင်ပို့မှုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၃ သိန်း၊ အမေရိကန်ဒေါ်လာ ၈၈၇ သန်း တင်ပို့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃၁ ရက်နေ့ထိ) ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၆ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၃၅၁ သန်းခန့်တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တန်ချိန် ၅ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၂၄၄ သန်းခန့်၊ နယ်စပ်မှ တန်ချိန် ၁ သိန်းကျော် အမေရိကန်ဒေါ်လာ ၁၀၇ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး၊ ယခင် ဘဏ္ဍာနှစ်ကာလတူထက် ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၁ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၈ သန်းကျော် လျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ (ဧပြီလ မှ ဩဂုတ်လ ၃၁ ရက်နေ့ထိ) ကာလအတွင်း မြန်မာနိုင်ငံမှ အများ ဆုံးတင်ပို့လျက်ရှိသည့် မတ်ပဲတင်ပို့မှု တန်ချိန် ၂ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၀၄ သန်းခန့်ရှိပြီး ယခင်နှစ် ကာလတူထက် တန်ချိန် ၆ သောင်းကျော်၊ တန်ဖိုး ၁၄၃ သန်းခန့် လျော့နည်းခဲ့ပါသည်။ ဒုတိယအများဆုံးဖြစ်သည့် ပဲတီစိမ်းတင်ပို့မှုတွင် တန်ချိန် တစ်သိန်းခြောက်သောင်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၄ သန်းခန့်ဖြစ်ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် သုံးသောင်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ သန်း ကျော် လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ တတိယအများဆုံးအနေဖြင့် ပဲစင်းငုံတင်ပို့မှုတွင် တန်ချိန် တစ်သိန်းသုံးသောင်းကျော်၊ အမေရိကန်ဒေါ်လာ ၄၇ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန် နှစ်သောင်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၅ သန်းခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိပါသည်။ ကုလားပဲတင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ယခုဘဏ္ဍာနှစ်တွင် တန်ချိန် လေးသောင်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ သန်းခန့်တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန်တစ်သောင်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာငါးသန်းကျော် လျော့နည်း တင်ပို့ခဲ့သည်ကို တွေ့ရှိခဲ့ရပြီး ယခင်ကာလတူထက် ဈေးနှုန်းများကျဆင်းခြင်းကြောင့် ဈေးနှုန်းကွာခြားချက်များကို သိသိသာသာတွေ့ရှိရပါသည်။



ထို့အပြင် အိန္ဒိယကုန်သည်များမှ မြန်မာ့ပဲမျိုးစုံဝယ်ယူရာတွင် ဒေါ်လာဈေးအတက်အကျပေါ်မူတည်၍ ဈေးနှိမ်ဝယ်ယူလာကြကြောင်း၊ အိန္ဒိယကုန်သည်များမှ ဒေါ်လာ ဈေးတက်တိုင်း ဈေးတက်မဝယ်ကြကြောင်း၊ နေ့စဉ်ဒေါ်လာဈေးပေါ် မူတည်၍ ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၂၉၀ ပေါက်လျှင် ကန်ဒေါ်လာ ၂၀ ခန့်ဈေးနှိမ်ပြီး ဝယ်ယူကြောင်း၊ ဒေါ်လာ ဈေးမြင့်တက်လာလေလေ ဈေးလျော့ဝယ်လေလေဖြစ်သောကြောင့် ငွေဈေးတည်ငြိမ်ရန် လိုအပ်ပါကြောင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ပဲကုန်သည်များထံမှ သတင်းရရှိပါသည်။ ယခင်က ပဲအများဆုံး ဝယ်ယူခဲ့သည့် အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတင်ပို့မှု အပေါ် ကန့်သတ်ခဲ့ခြင်းကလည်း ပဲတင်ပို့မှုလျော့နည်းရခြင်း၏ အဓိက အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ပြည်ပပဲမျိုးစုံဈေးကွက် အခြေအနေကို လေ့လာကြည့်ပါက မတ်ပဲ၊ ပဲစင်းငုံ အစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေသည့်အချိန်တွင် တောင်သူများ အားထားရာ သီးနှံအဖြစ်ရှိနေသည့် ပဲတီစိမ်းသည် အိန္ဒိယနိုင်ငံတစ်ခုတည်းကို မှီခိုရောင်းချနေရသည့် သီးနှံမဟုတ်ဘဲ ကျယ်ပြန့်သည့် ဈေးကွက်ရှိနေသည်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းသည် အခြားပဲတီစိမ်းစိုက်နိုင်ငံများထက် အရည်အသွေး အားသာချက်ရှိသောကြောင့် တင်းကျပ်သည့်စည်းကမ်းများ ချမှတ်ထားသည့် အီးယူကဲ့သို့သော နိုင်ငံများကပင် နှစ်စဉ်ဝယ်ယူလျက်ရှိသည်။ ပဲတီစိမ်းသီးနှံသည် တွက်ခြေကိုက်သည့် စိုက်ပျိုးသီးနှံအခြေခံအချက်များနှင့် ကိုက်ညီမှုရှိသည့်အပြင် တောင်သူတွက်ခြေကိုက်ခြင်း၊ ရေမြေရာသီဥတုကိုက်ညီခြင်း၊ ဈေးနှုန်းညီမျှခြင်း၊ ဈေးကွက်ထိုးဖောက်နိုင်ခြင်း၊ ဈေးကွက်လိုအပ် ချက်ကို အချိန်မီ တင်ပို့နိုင်ခြင်းတို့မှာ အားသာချက်အဖြစ် ရှိနေသည်။ ထို့ကြောင့် "နိုင်ငံတကာ ဈေးကွက်နှင့် ရေရှည်တည်တံ့သော ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ကောင်းမွန်ခိုင်မာသည့် ဈေးကွက်ဆီသို့"ခေါင်းစဉ်ဖြင့် နယ်သာလန်အခြေစိုက် အဖွဲ့အစည်းတစ်ခုက ဦးဆောင်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သည့် ပဲတီစိမ်းဖိုရမ်တစ်ခုကို ဩဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဆွေးနွေးခဲ့ရာ ပဲတီစိမ်းသီးနှံ၏ စားသုံးမှု၊ တင်ပို့မှု၊ တန်ဖိုးမြင့်ကွင်းဆက်ထုတ်လုပ် နိုင်မှု၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း လက်မှတ်ရရှိရေးတို့ကို သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန၊ အရပ်ဖက် အကြံပေးပညာရှင်၊ တောင်သူများနှင့်ဆက်စပ်ဆောင်ရွက်နေသူများ ဆွေးနွေးခဲ့ ကြပါသည်။ ဆွေးနွေးချက်အရ ပဲတီစိမ်းသည် ပြည်တွင်းစားသုံးမှု ရှိနေသလို ခနအင်အားကြွယ်ဝသောနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက် ရှိခြင်းကြောင့် ပဲတီစိမ်းသည် ကမ္ဘာ့ဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီ၍ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းနေသည့် ပြည်ပဈေးကွက် အလားအလာကောင်းများစွာရှိနေသည့် တစ်ခုတည်းသော သီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလဆန်းပိုင်းတွင် ရန်ကုန် (FOB) ဈေးနှုန်းနှင့် အိန္ဒိယ (မွမ်ဘိုင်း) ဈေးကွက်၏ ပဲမျိုးစုံဈေးနှုန်းများ အနေဖြင့် ရန်ကုန်(FOB) မတ်ပဲသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၁၀၊ ပဲစင်းငုံသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၉၅၊ ပဲတီစိမ်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၀ နှင့် ကုလားပဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၀ အသီးသီးဖြစ်ပြီး ဩဂုတ် ၆ ရက်နေ့၌ တရုတ်နယ်စပ်တွင် ဖြစ်ပေါ်လျက်ရှိသော ပျမ်းမျှဈေးနှုန်းများအနေဖြင့် ပဲတီစိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၆ ၊ ပဲပုပ်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၈၉ နှင့် ပဲလွန်းဖြူတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၄ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ဒုတိယသမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ တန်ဖိုးမြင့်သီးနှံများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရန် လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတွင် အလွှာပေါင်းစုံမှ ပညာရှင်များ၊ တောင်သူများနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးမှုရလဒ်များအရ မတ်ပဲ၊ ပဲစင်းငုံသီးနှံများသည် အိန္ဒိယနိုင်ငံ၏ လက်ရှိဝယ်လိုအားအကန့်အသတ်နှင့် ပေါက်ဈေးမှာ မြန်မာနိုင်ငံအတွင်း လက်ကျန်များပြားမှုနှင့် ရောင်းလိုအားများမှုကြောင့် လက်ငင်း အိန္ဒိယပေါက်ဈေး၏ ထက်ဝက်ခန့်သာရှိ၍ ဈေးကွက်အာမခံချက်မရှိခြင်း၊ ပြည်တွင်း၌ ပိုလျှံနေသည့် မတ်ပဲလက်ကျန် တန်ချိန်များစွာ ရောင်းချရန်ကျန်ရှိနေခြင်း၊ လက်ရှိပြည်တွင်းဈေးကွက်ပေါက်ဈေးသည် စိုက်ပျိုးထုတ်လုပ်မှု စရိတ်အောက်သို့ ရောက်နေခြင်းကြောင့် လာမည့် စိုက်ပျိုးရာသီတွင် များစွာလျော့နည်း စိုက်ပျိုးသင့်ကြောင်း သို့မဟုတ် မစိုက်သင့်တော့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံမှ ဩဂုတ်လအထိသာ ဝယ်ယူမည်ဟုသတ်မှတ်လိုက်ခြင်းကြောင့် ပြည်တွင်းဈေးနှုန်းများ ထပ်မံကျဆင်းစေနိုင်ကြောင်း လေ့လာသိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ပဲမူဝါဒပြောင်းလဲမှုသည် မြန်မာနိုင်ငံတစ်ခုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်ဘဲ ကမ္ဘာ့ပဲအများဆုံးတင်ပို့သည့် နိုင်ငံများဖြစ်သည့် ကနေဒါ၊ ဩစတြေးလျအပါအဝင် ပဲတင်ပို့သည့်နိုင်ငံအများစုကို ထိခိုက်စေခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာ့ပဲဈေးကွက်တွင် အိန္ဒိယနိုင်ငံသည် နှစ်စဉ်တန်ချိန် ၁၀ သန်းခန့် ရောင်းဝယ်မှုရှိခြင်းကြောင့် မြန်မာနိုင်ငံသာမက ကမ္ဘာ့ပဲဈေးကွက်ကိုလည်း ထိခိုက်နိုင်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှုမှ နိုင်ငံခြားငွေအများဆုံးရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အများဆုံးတင်ပို့သည့် မတ်ပဲ၊ ပဲစင်းငုံဈေးများသည် အိန္ဒိယနိုင်ငံ၏ ပဲမူဝါဒအပြောင်းအလဲကြောင့် ဈေးနှုန်းများကျဆင် လာပြီး ဒုတိယအများဆုံးသာ တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ မြန်မာနိုင်ငံသည် အာရှတွင် ပဲအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ပြီး ကမ္ဘာတွင် ကနေဒါနိုင်ငံပြီးလျှင် အများဆုံး တင်ပို့သည့် နိုင်ငံဖြစ် ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသို့တင်ပို့နေသည့် မတ်ပဲနှင့် ပဲစင်းငုံသည် ပြည်ပပို့ကုန်အားလုံး၏ အရေးကြီးသည့် တစ်ခုတည်းသော ဝယ်လက်ဖြစ်ပါသည်။ ယခုအခါတွင် အခြားနိုင်ငံများသို့ တင်ပို့နိုင်ရန် အရေအတွက်ထက် အရည်အသွေးမြင့်တင်ရေး ပံ့ပိုးမှု များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုအပ်သလို ကူညီထောက်ပံ့မှုဖြင့် တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေမည့် ပြည်တွင်းပြည်ပဈေးကွက်ရှိသည့် နှမ်းစပါး၊ ပဲတီစိမ်း၊ ပြောင်း၊ ပဲပုပ်၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲလွန်းနီ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲနီပြား၊ စွန်တာပြာ၊ မြေပဲ၊ နှမ်း၊ ကြံ၊ ဝါ စသည့်သီးနှံများမှ မိမိတို့ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီမည့် သီးနှံအမျိုးအစားများကို အစားထိုးပြောင်းလဲ စိုက်ပျိုးသင့်ကြောင်း တွေ့ရှိရပါသည်။

လက်ရှိကာလတွင် မိမိနိုင်ငံ ကုန်သည်ကြီးများအတွက် အဓိကပဲများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲနှင့် ပဲစင်းငုံတို့မှာ တွက်ခြေကိုက်မှုရှိကြောင်း တွေ့ရှိရပါသည်။ စက်တင်ဘာ ၇ ရက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ဖြစ်ပေါ်လျက်ရှိသော ဈေးနှုန်းများအရ ဩဂုတ်လကုန်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက အဓိကပဲ

စာမျက်နှာ ၂၇ သို့

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လထိ ဆန်နှင့်ဆန်ကွဲ၏ ပြည်တွင်းဈေးကွက်၊ နိုင်ငံတကာဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ၊ မြန်မာနိုင်ငံမှ တင်ပို့မှုအခြေအနေ အကြောင်းအရာများကို သုံးသပ်တင်ပြခြင်း

ဆန်သည် ကမ္ဘာပေါ်ရှိလူသားတို့အဓိကစားသုံးသည့် သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့်အလျှောက် ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်၏အဓိကပင်မအစားအစာဖြစ်ပြီး၊ ကမ္ဘာနှင့် အဝန်းတွင် နှစ်စဉ် ခန့်မှန်း ကြိတ်ခွဲပြီး ဆန်တန်ချိန် သန်းပေါင်း ၄၈၀ ခန့် ထုတ်လုပ်လျက်ရှိပါသည်။ ဆန်စိုက်ပျိုးထုတ်လုပ်နိုင်သည့် အားလျော်စွာ သုံးစွဲစားသုံးမှုလည်း များသောဒေသများမှာ အာရှ၊ ပါကစ္စတန် အနောက်ပိုင်း၊ ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသများဖြစ်ပါသည်။ အာရှဒေသတွင်မူ ဆန်သည် ရှေးယခင်ကတည်းကပင် အဓိကပင်မအစားအစာဖြစ်ခဲ့ပြီး၊ နောက်ပိုင်းတွင် လက်တင် အမေရိကနှင့် အာဖရိကတို့တွင်လည်း အဓိက အစားအစာ နေရာကို ဆန်ကတဖြည်းဖြည်း ရယူလာလျက်ရှိပါသည်။ အာဖရိက သည် ဆန်ကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုက စိုက်ပျိုးထုတ်လုပ်နိုင်မှုထက် များပြားသဖြင့် အာရှဒေသရှိ နိုင်ငံများထံမှပြန်လည် ဝယ်ယူတင်သွင်းရပြီး၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် နိုင်ငံများ တွင် အာဖရိကနိုင်ငံများလည်း အပါအဝင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တစ်ချိန်က ပြည်ပသို့ဆန်တင်ပို့မှုတွင် ကမ္ဘာ့ဆန်အိုးကြီးဖြစ်ခဲ့ပြီး၊ စစ်တမ်းများအရ ၂၀၀၆ ခုနှစ် မှစ၍နှစ်စဉ် ဆန်တန်ချိန် သန်း ၃၀ ခန့်ထုတ်လုပ်နိုင်သည်ကို လေ့ လာ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ဆန်စပါးအခြေခံမူမှာ ပြည်တွင်းစားသုံးဖူလုံမှုကို ဦးစားပေး၍ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရန်ဖြစ်သည့် အားလျော်စွာ ဆန်ထုတ်လုပ်မှု၏ ၇၅ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌ စားသုံးကာ ပိုလျှံသောပမာဏကို ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၃ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ကာ နှစ်ပေါင်း (၇၀) အတွင်း အမြင့်ဆုံးစံချိန်သို့ရောက်ရှိခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှဩဂုတ်လ အထိ(ယာယီ) မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု အခြေအနေအား ဘဏ္ဍာနှစ် အလိုက် လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၃ - ၂၀၁၄ | တန် | ၁၂၆၂၆၁၇ | ၄၇၅ |
| ၂ | ၂၀၁၄ - ၂၀၁၅ | တန် | ၁၈၄၀၅၈၇ | ၆၆၁ |
| ၃ | ၂၀၁၅ - ၂၀၁၆ | တန် | ၁၄၉၃၂၄၅ | ၅၂၆ |
| ၄ | ၂၀၁၆ - ၂၀၁၇ | တန် | ၁၇၅၀၅၆၂ | ၅၅၄ |
| ၅ | ၂၀၁၇ - ၂၀၁၈ | တန် | ၃၅၉၀၇၂၆ | ၁၁၄၂ |
| ၆ | ၂၀၁၈(ဩဂုတ်လထိ) (ယာယီ) | တန် | ၉၈၃၇၉၂ | ၃၄၁ |

မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှဩဂုတ်လ အထိ(ယာယီ) ပို့ကုန်တင်ပို့နိုင်မှု အခြေအနေမှာ အမေရိကန်ဒေါ်လာ ၇၀၅၄ ဒသမ ၂၁၅ သန်းဖြစ်ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၅၄၇၅ ဒသမ ၈၄၆ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၅၇၈ ဒသမ ၃၆၉ သန်း ပိုမို တင်ပို့နိုင်ခဲ့ပါသည်။ လယ်ယာထွက်ကုန်အနေဖြင့် ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၀၆၄ သန်း တင်ပို့မှု လျော့နည်းခဲ့ပြီး၊ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာလည်း ယခင်နှစ် အလားတူကာလထက် အမေရိကန် ဒေါ်လာ ၃၄ ဒသမ ၀၀၅ သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ (ဧပြီလမှဩဂုတ်လ)အထိ(ယာယီ) ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုအနေဖြင့် ဆန်တန်ချိန် သုညဒသမ ၇၇၈ သန်းခန့်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၄၈၄ သန်း၊ ဆန်ကွဲတန်ချိန် သုညဒသမ ၂၀၅ သန်းခန့်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၆၁ ဒသမ ၆၉၇ သန်း တင်ပို့နိုင်ပြီး၊ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းအနေဖြင့် တန်ချိန် သုညဒသမ ၉၈၄ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၁ ဒသမ ၁၈၁ သန်း တင်ပို့နိုင်ခဲ့ကာ ပို့ကုန်တင်ပို့မှု၏ ၄ ဒသမ ၈ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါသည်။ ယခင်ဘဏ္ဍာနှစ်ကာလတူတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၂၇၅ သန်း၊ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၃၇၅ ဒသမ၁၈၆ သန်း တင်ပို့နိုင်ခဲ့သဖြင့် ကာလတူ ထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၀၀၅ သန်း တင်ပို့မှု လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်းထက် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရှိရပြီး၊ ရာခိုင်နှုန်းအရ နှိုင်းယှဉ်ကြည့်ပါမူ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာ၌ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့နိုင်မှု ၆၇ ရာခိုင်နှုန်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၃၃ ရာခိုင်နှုန်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်နေ့အတွင်း (ယာယီ) ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ချိန် သုညဒသမ ၁၆၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၉၈၉ သန်းရှိခဲ့ပြီး၊ ပင်လယ်ရေကြောင်းမှ တင်ပို့မှုမှာ တန်ချိန် သုညဒသမ ၀၆၉ သန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၇၁၇ သန်းဖြစ်ပြီး နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့မှုအနေဖြင့် မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၇၂ သန်း တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် သုညဒသမ ၀၉၈ သန်း ကျော်တင်ပို့နိုင်ခဲ့ပြီး၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့နိုင်မှုမှာ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၉ သောင်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၉ သန်း၊ လွိုင်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၇၅၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၉ သန်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၃၃၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၆၂ သန်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်း တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၀ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၇ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂၀ တန် အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ (ယာယီ) ဆန်နှင့် ဆန်ကွဲ အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယံ၊ အိုင်ဗရီကို့စ်၊ ပိုလန်၊ ဂွါနီယာ၊ ကင်မရွန်း၊ နယ်သာလန်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကနေဒါ၊ စပိန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လ အထိ(ယာယီ) ကာလတွင် တင်ပို့မှုဈေးကွက် ပျောက်ကွယ်သွားသည့် နိုင်ငံ ၁၉ နိုင်ငံရှိပြီး၊ ၎င်းနိုင်ငံများမှာ ထိုင်း၊ ဩစတြီးယား၊ ဆီရာလီယွန်၊ နိုင်ဂျီးရီးယား၊ အဇာဘိုင်ဂျန်၊ ဆီနီဂေါ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ဟောင်ကောင် (တရုတ်)၊ ဂင်းနစ်ဗစ်ဆော၊ ဂွာနာ၊ အန်ဒေါ်ရာ၊ တောင်အာဖရိက၊ အာဖဂန်နစ္စတန်၊ ဂျီပူတီ၊ မွန်တီနီ ဂရိုးနိုင်ငံတို့ ဖြစ်ကြပါသည်။ ဈေးကွက်အသစ်ချဲ့ထွင်ရရှိသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး၊ ၎င်းနိုင်ငံများမှာ ကင်မရွန်း၊ စလိုဗက်ရီပဘ္ဗလစ် (စလိုဗားကီးယား)၊ ထိုင်ဝမ်၊ လက်ဗီးယား၊ ပြင်သစ်၊ ဆွာဇီလန် (အာဖရိက)၊ ဟိုလီဆီး၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ အီကွေဒေါနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။

အင်တာနက်တွင်ဖော်ပြပါရှိသော သတင်းများအရ ဗီယက်နမ် ကုမ္ပဏီတစ်ခုသည် တောင်ကိုရီးယားနိုင်ငံသို့ ဂျပိုနီကာဆန်ညို တန်ချိန် ၆၀၀၀၀ တင်ပို့ခွင့်ကို တရုတ်၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံမှ ပြိုင်ဖက် ကုမ္ပဏီများကိုကျော်ဖြတ်ကာ ရရှိခဲ့ပါကြောင်း၊ Tan Long Group JSC ကုမ္ပဏီသည် တောင်ကိုရီးယားသို့ ဆန်တင်ပို့ခွင့်ရရှိခဲ့သည့် တစ်ခုတည်းသောကုမ္ပဏီဖြစ်ခဲ့ပြီး၊ တစ်ပြိုင်နက်တည်းမှာပင် ဆန်ဖြူ တန် ၂၈၀၀ တင်ပို့ခွင့် ရရှိခဲ့ပါကြောင်း၊ ဗီယက်နမ် စားနပ်ရိက္ခာအဖွဲ့ (VFA) အဖွဲ့ဝင်များ၏ပြောကြားမှုအရ သိရှိရပါသည်။ ဗီယက်နမ်ကုမ္ပဏီအနေဖြင့် တောင်ကိုရီးယား အစိုးရ၏ ဆန်အဝယ်တင်ဒါသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တရုတ်၊ ထိုင်းနှင့် ဩစတြေးလျတို့မှ လုပ်ငန်းများကို ပထမဆုံးကျော်ဖြတ်နိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ ဂျပိုနီကာ ဆန်တင်ပို့ရာ ပို့ကုန်ဈေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ရရှိခဲ့ဖူးကြောင်း ဗီယက်နမ် ပြည်တွင်းဆန်လုပ်ငန်းရှင်များ၏ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားပြီး၊ ၎င်းဈေးနှုန်းမှာ ဗီယက်နမ် ဆန်တင်ပို့မှုများအနက်ဈေးအမြင့်ဆုံး ဖြစ်ကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းသို့အဆိုပါ ဆန်တန်ချိန် ၆၀၀၀၀ တင်ပို့ရမည့် နောက်ဆုံး ရက်မှာ စက်တင်ဘာလ ၁၅ ရက်နေ့ဖြစ်ကြောင်း၊ Tan Long Group JSC ကုမ္ပဏီသည် မေလကလည်း တောင်ကိုရီးယားအစိုးရထံသို့ ဂျပိုနီကာဆန် တန် ၅၀၀၀၀ တင်ပို့ခွင့်ရရှိခဲ့ရာ ယခုနှစ်အတွင်း တင်ပို့ခွင့်ရရှိမှု တန်ချိန် ၁၁၀၀၀၀ ရှိလာခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း ဗီယက်နမ်သည် တောင်ကိုရီးယားသို့ ဆန်တင်ပို့ခွင့် နှစ်ကြိမ်ရရှိခဲ့ပြီး Tan Long Group သည် စုစုပေါင်း ဆန်တန်ချိန် ၄၁၀၀၀ တင်ပို့ခဲ့ကြောင်း Tien Phong သတင်းစာက ဖော်ပြထားပါသည်။ ယခုနှစ် ပထမ ၆ လအတွင်း ဗီယက်နမ်၏ ဆန်တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၅၆ သန်းရရှိခဲ့၍ ဝင်ငွေ ဒေါ်လာ ၁ ဒသမ ၈၁ ဘီလီယံ ရရှိခဲ့ရာ နှစ်အလိုက် ပမာဏ ၂၅ ရာခိုင်နှုန်းနှင့် တန်ဖိုး ၄၂ ရာခိုင်နှုန်း မြင့်တင်ခဲ့ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဗီယက်နမ် ဆန်တင်ပို့မှုစုစုပေါင်းအနက် ၃၀ ရာခိုင်နှုန်းအား တရုတ်နိုင်ငံမှဝယ်ယူကာ အကြီးဆုံး ဈေးကွက်အဖြစ်ရပ်တည်နေပြီး အင်ဒိုနီးရှားက ဗီယက်နမ်ဆန် ၁၉ ရာခိုင်နှုန်း ဝယ်ယူကာ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရပါသည်။

ထိုင်းနိုင်ငံတွင် ဆန်တင်ပို့မှုအရေအတွက်နှင့် တန်ဖိုးကျဆင်းခဲ့ပြီးအထူးသဖြင့် အာဖရိကဝယ်လက်များ၏ ပေါင်းဆန် ဝယ်လိုအား ကျဆင်းခဲ့ကာ ဟွန်မလီဆန်တင်ပို့မှုလည်း ကျဆင်းလာခဲ့ကြောင်း၊ သို့ရာတွင် ဆန်ဖြူအပေါ်တွင် ဝယ်လိုအား မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ သို့သော် ထိုင်းနိုင်ငံ၏ တစ်နှစ်တာ ဆန်တင်ပို့မှုမှာ မျှော်မှန်းထားသည့်အတိုင်း တန်ချိန် ၁၁ သန်းသို့ ရောက်ရှိနိုင်မည်ဟု ကုန်သည်များက ယုံကြည်နေကြဆဲဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း ထိုင်းဆန်တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းကာ တန်ဖိုးအားဖြင့် ၆ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အဓိကအားဖြင့် ပေါင်းဆန်နှင့် ဟွန်မလီဆန် တင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ ဆန်ကုန်သည်ကြီးများအသင်းချုပ်၏ အစီရင်ခံစာအရ သိရှိရပါသည်။ ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ခုနစ်လအတွင်း ဆန်တန်ချိန် စုစုပေါင်း ၆ ဒသမ ၁၆ သန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် တန်ဖိုးအနေဖြင့် နှစ်အလိုက် ၄ ဒသမ ၅ ရာခိုင် နှုန်းမြင့်တက်ကာ တင်ပို့တန်ဖိုး ဒေါ်လာ ၃ ဒသမ ၄၁ ဘီလျံအထိ ရှိခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အန်ဂိုလာ၊ မလေးရှား၊ ကင်ညာ၊ ဘီနင်နှင့် တောင်အာဖရိကနိုင်ငံတို့၏ ဝယ်လိုအားကြောင့် ဩဂုတ်လအတွင်း ထိုင်းဆန်တင်ပို့မှုမှာ တန်ချိန် ၈ သိန်းနှင့် ၉ သိန်းအကြားရှိနိုင်လိမ့်မည်ဟု ပို့ကုန်လုပ်ငန်းရှင်များ အသင်းမှ ခန့်မှန်းထားပြီး ထိုင်းဟွန်မလီဆန် အမျိုး အစားအနေဖြင့် ဈေးကြီးမြင့်လျက်ရှိပြီး ၎င်းဆန်ရောင်းလိုအား နည်းပါးနေသဖြင့် ဩဂုတ်လတွင်လည်း ဟွန်မလီဆန်တင်ပို့မှု ကျဆင်းဦးမည်ဟု အသင်းဥက္ကဋ္ဌက ခန့်မှန်း ပြောကြားထားသည်ကို သိရှိရပါသည်။ အမျိုးသားဆန်စပါး မူဝါဒ ကော်မတီသည် ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဈေးကွက်အတွင်း မှုမမှန်မှုအခြေအနေများကို ထိန်းသိမ်းနိုင်ရေးအတွက်အစိုးရအထောက်အပံ့အစီအစဉ်တွင်ပါဝင်ထားသော သမဝါယမ အသင်းများနှင့် တောင်သူများအနေဖြင့် ဆန်ကိုထုတ် မရောင်းသေးဘဲ သိုလှောင်ပေးရန် ပန်ကြားထားကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယဆန်တင်ပို့မှုဈေးကွက်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ရူပီးငွေတန်ဖိုးစံချိန်တင် ကျဆင်းမှုနှင့် ဝယ်လိုအား ကျဆင်းမှုများကြောင့် ပို့ကုန်ဆန်ဈေးနှုန်းများ ယခုတစ်ပတ်အတွင်း အနိမ့်ဆုံးသို့ ဈေးကျဆင်းခဲ့ပါသည်။ ယခုနှစ် ငွေကြေးတန်ဖိုးကျဆင်းခဲ့ခြင်းသည် ပို့ကုန်သမားများအတွက် အမြတ်အစွန်း ပိုမိုရရှိသော်လည်း ဈေးကွက်ထဲတွင် ဆန်ဝယ်လိုအား များများစားစား မရှိကြောင်း Olam India မှ ဆန်စပါးအသင်းတာဝန်ရှိသူထံမှ သိရှိရပါသည်။ ယခုနှစ် အိန္ဒိယနိုင်ငံ၏ဆန်စပါးစိုက်ပျိုးမှုမှာ ဇူလိုင်လ ၂၀ ရက်နေ့အထိ ဟက်တာ ၁၅ ဒသမ ၆၅ သန်း ရှိထားပြီး ယခင်တစ်နှစ်က ထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဆန်တင်သွင်းခွန် ၂၈ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံနေသော အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ၂၀၁၈ခုနှစ် ဇူလိုင်လအထိ တန်ချိန် ၁၉၆၀၀ တန် ရှိထားသည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာန၏ ကိန်းဂဏန်းများက ဖော်ပြထားကြောင်း လေ့လာသိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဆန် လိုအပ်ချက်ဖြည့်ဆည်းရန်နှင့် အရန်ဆန်ထားရှိရန်အတွက် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ နှစ်စဉ် ဆန်တန်ချိန် (၁) သန်းကျော် တင်သွင်းရကြောင်း သိရှိရပါ သည်။ ဖိလစ်ပိုင် စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (NFA) သည် လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဆန်တန်ချိန် ၅၀၀၀၀၀ ဝယ်ယူထားပြီး နောက်ထပ်ဆန်တန်ချိန် ၈၀၅၂၀၀ ခန့် ထပ်မံ တင်သွင်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၁၇ ခုနှစ်က ဆန်ဈေးကြီးမြင့်မှုကြုံခဲ့ရပြီးနောက် တောင်သူများက စိုက်ဧရိယာချဲ့ထွင်ခဲ့ကြသလို ဆန်စပါးအထွက်နှုန်းလည်း မြင့်တက်လာသဖြင့် ၂၀၁၈-၂၀၁၉ ရာသီအတွင်း ဘင်္ဂလားဒေ့ရှ်ဆန်တင်သွင်းမှုကျဆင်းလာဖွယ်ရှိကြောင်း လေ့လာသိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယဆန် တင်ပို့မှု စုစုပေါင်း အနက် (၁ ရာခိုင်

**စာမျက်နှာ (၂၅)သို့**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများ အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလ တတိယပတ်အတွင်းဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိ၍ Kenya နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၉ ဒသမ ၃၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၁ နိုင်ငံရှိပြီး မြန်မာ၊ တရုတ်၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါ၊ ထိုင်ဝမ်၊ ပါကစ္စတန်နှင့် ရုရှား စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၅ နိုင်ငံရှိ၍ ပြင်သစ်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဟောင်ကောင်နှင့် ကနေဒါနိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် ၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၂ ဒသမ ၃၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံသည် ၁ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလ တတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိခဲ့၍ Kenya နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်နှင့် ထိုင်ဝမ် စသည့်နိုင်ငံများ အပါအဝင် ၅၂ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၇ နိုင်ငံရှိ၍ ကနေဒါ၊ ဒိန်းမတ်၊ ဆွီဒင်နှင့် ဟောင်ကောင်နိုင်ငံ စသည်တို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင် နှုန်းမှ ၁ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကိုတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် ၂ ဒသမ ၈၀ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၁ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၄ | ၀.၅၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၉ | ၀.၇၉ |
| ၃ | ထိုင်း | လီတာ | ၁.၁၈ | ၀.၉၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၅ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၉ | ၀.၈၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၆ | ၀.၉၄ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၇ နိုင်ငံမြောက်တွင်

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်နှင့် ထိုင်းဆန်ဈေးနှုန်းများ ဈေးတည်ငြိမ်နေခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ညှော့မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်ဈေးနှုန်းများ အနည်းငယ်ဈေးတက်ခဲ့သည်ကိုတွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ် ဆန်နှင့် ပေါင်းဆန်များဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဆန်ရောင်းလိုအားမြင့်တက်စေရေးနှင့် ဆန်လက်လီဈေး ထိန်းချုပ်ရေးအတွက် ဆန်တန်ချိန် ၂ သိန်းခွဲကို တင်ဒါမှတစ်ဆင့်တင်သွင်းမည်ဟု နိုင်ငံ၏ ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဝယ်လိုအားထပ်တိုးလာသဖြင့် အဓိကရောင်းလက်များဖြစ်သော ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ဆန်ဈေးမြင့်တက်လာနိုင်ကြောင်း၊ အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ သီးခြားထုတ်ပြန်ချက်၌ လာမည့်လအတွင်း တင်သွင်းဆန်အိတ်ရေ ၅ သန်း ဆိုက်ရောက်မည်ဖြစ်ပြီး နှစ်ဆန်းပိုင်းတွင်လည်း အိတ်ရေ ၅ သန်း ထပ်မံဆိုက်ရောက်မည်ဟု ဖော်ပြထားသည်ကို သိရှိရပါသည်။ ပြည်တွင်းတွင် ဆန်ရောင်းအား အလုံအလောက်ရှိသည်ဟု NFA ကထုတ်ပြန်ထားသော်လည်း ဆန်ဈေးများတရိပ်ရိပ်မြင့်တက်လာခဲ့ကြောင်း၊ NFA အဖွဲ့မှတစ်ဆင့် အစိုးရကပံ့ပိုးရောင်းချသော ဆန်ရှားပါးလာချိန်တွင် ဆန်ဈေးများစတင်မြင့်တက်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းများအား တစ်နှစ်တာခွဲတမ်းအနေဖြင့် တင်သွင်းခွင့်ပြုထားသော ဆန်တန်ချိန် ၈၀၅၂၀၀ အပြင် ထပ်မံတင်သွင်းခဲ့ခြင်းဖြစ်ပြီး တင်သွင်းဆန်တချို့မှာ ပြည်တွင်းသို့ မဆိုက်ရောက်သေးကြောင်း၊ ဖိလစ်ပိုင်သည် ကုန်ဈေးနှုန်းထိန်းချုပ်ရေးနှင့် ကုန်သွယ်ရေးပိတ်ဆို့မှုအန္တရာယ်နှင့်လည်း ရင်ဆိုင်ရခြင်းတို့ကြောင့် ဆယ်စုနှစ် နှစ်ခုကြာကျင့်သုံးခဲ့သော ခွဲတမ်းစနစ်ဖြင့် ဆန်တင်သွင်းရေးမူဝါဒကို ရုတ်သိမ်းရန်ကြိုးပမ်းနေကြောင်းသိရှိ ရပါသည်။

အိန္ဒိယရူပီးငွေတန်ဖိုး စံချိန်တင်ကျဆင်းမှုနှင့် ဝယ်လက်များက ဈေးအကျကို ထပ်မံစောင့်ဆိုင်းနေမှုများကြောင့် ယခုသီတင်းပတ် အိန္ဒိယပို့ကုန်ဆန်ဈေးများ ကျဆင်းခဲ့ပါသည်။ အိန္ဒိယ ၅ မှတ် ပေါင်းဆန်ဈေးသည် ယခုတစ်ပတ်အတွင်း ၅ ဒေါ်လာခန့် ဈေးကျဆင်းလာခဲ့ပါသည်။ ရူပီးတန်ဖိုးနှင့် ဝယ်လိုအား လျော့နည်းခြင်းကြောင့် ဈေးကျခဲ့ပြီး ဝယ်လက်များကလည်း ဈေးထပ်ကျရန် မျှော်လင့်ချက်ဖြင့် အဝယ်ကို ရပ်ဆိုင်းထားကြောင်း အန်ဒါပရာဒေ့ရှ်ပြည်နယ်အခြေစိုက် ဆန်ကုန်သည်တစ်ဦးမှ ပြောကြားခဲ့ပါသည်။ ယခုနှစ်လက်ရှိအချိန်ထိ ရူပီးငွေတန်ဖိုးသည် ၁၃ ရာခိုင်နှုန်းကျော် ကျဆင်းနေရာ ယင်းအချက်သည် ဆန်ပို့ကုန်သမားများအတွက် အမြတ်အစွန်း ပိုမိုရရှိစေကြောင်းသိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် အမြင့်ဈေးဖြင့် ငြိမ်နေသော ဆန်ဈေးနှုန်းများသည် ယခုအခါ ဆက်လက်မြင့်တက်လျက်ရှိပါကြောင်း ရန်ကုန်မြို့၏ အဓိက ဆန်ဈေးကွက်များဖြစ်သည့် ဘုရင့်နောင်နှင့် ဝါးတန်းဆန်ဈေးကွက်များအတွင်းမှ သိရှိရပါသည်။ ဆန်ချောတွင် ကြားပျံနှင့် မြီးဒုံးဆန်ကဲ့သို့ ဆန်ဈေး များသည် တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ ခန့် အထိနှင့် ဆန်ကြမ်းတွင် ရက် ၉၀ နှင့် သီးထပ်ရှယ်ဆန်အမျိုးအစားများ ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ၉၀၀ အထိ ဆက်လက်ဈေးတက် ကြောင်း၊ လက်ရှိ ဆန်ဈေးကွက်အတွင်း ကြားပျံရှယ်တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ မှ ၅၅၀၀၀ အထိ၊ မြီးဒုံးဆန်တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ မှ ၄၄၀၀၀ အထိ၊ သီးထပ်ရှယ်တစ်အိတ်လျှင် ကျပ် ၂၃၂၀၀ မှ ၂၄၂၀၀ အထိ ဈေးရှိကြောင်း အဆိုပါဆန်ဈေးကွက်များအတွင်းမှ သိရှိရပါသည်။ ယခင်က နယ်ဒေသများမှ ရန်ကုန်သို့ တစ်ရက်လျှင် ဆန်အိတ်ရေ ရှစ်သောင်းမှ တစ်သိန်းခန့်အထိ ဝင်ရောက်သော်လည်း ယခုအခါ တစ်ရက်လျှင် ဆန်အိတ်ရေ ခြောက်သောင်းမှ ခုနှစ်သောင်းခန့်သာ ဝင်ရောက်ကြောင်း၊ ယခုနောက်ပိုင်းတွင် ရန်ကုန်သို့ ဆန်အဝင်နည်းနေပြီး ဆန်ဝယ်ယူမှုများခြင်းကြောင့်လည်း ဈေးတက်ခြင်းဖြစ်ကြောင်း ဆန်ကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလား

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဘာဘေဒို | လီတာ | ၁.၉၅ |
| ၂ | အီရန် | လီတာ | ၀.၂၈ | နယ်သာလန် | လီတာ | ၁.၉၇ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၂.၀၆ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၂.၀၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၆ | ဟောင်ကောင် | လီတာ | ၂.၁၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | မိုနာကို | လီတာ | ၁.၈၁ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၈၂ |
| ၃ | အယ်ဂျီးရီးယား | လီတာ | ၀.၂၀ | ဆွီဒန် | လီတာ | ၁.၈၄ |
| ၄ | ဆူဒန် | လီတာ | ၀.၂၃ | နော်ဝေ | လီတာ | ၁.၉၃ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၂.၀၃ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၅.၉.၂၀၁၈ | စည် | ၆၈.၅၉ |
| ၂ | ၁၇.၉.၂၀၁၈ | စည် | ၆၈.၉၁ |
| ၃ | ၁၈.၉.၂၀၁၈ | စည် | ၆၉.၈၅ |
| ၄ | ၁၉.၉.၂၀၁၈ | စည် | ၇၁.၁၂ |
| ၅ | ၂၀.၉.၂၀၁၈ | စည် | ၇၀.၈၀ |

မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်းဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ)ဈေးနှုန်းများသည် ယခုစက်တင်ဘာလ တတိယပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်ခဲ့ပါသည်။

အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ တရုတ်၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့်ထိုင်ဝမ်နိုင်ငံများ၏ဈေးနှုန်းမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ကြည့်စိမ့်သူ

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | စက်တင်ဘာ ၁၄ | စက်တင်ဘာ ၁၇ | စက်တင်ဘာ ၁၈ | စက်တင်ဘာ ၁၉ | စက်တင်ဘာ ၂၀ | စက်တင်ဘာ ၁၄ | စက်တင်ဘာ ၁၇ | စက်တင်ဘာ ၁၈ | စက်တင်ဘာ ၁၉ | စက်တင်ဘာ ၂၀ |
| ၁ | မြစ်ကြီးနား | ၄၉၈၀ | ၄၉၈၀ | ၄၉၈၀ | ၄၉၈၀ | ၄၉၈၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | လားရှိုး | ၄၈၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၅၀ | ၄၉၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၅၆၂၅ | ၅၆၂၅ | ၅၆၂၅ | ၅၆၂၅ | ၅၆၂၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ |
| ၄ | တောင်ကြီး | ၄၈၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၈၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၅ | လွိုင်ကော် | ၄၂၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၆ | ဘားအံ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၇ | မော်လမြိုင် | ၄၇၇၀ | ၄၈၁၅ | ၄၈၃၇ | ၄၈၃၇ | ၄၈၃၇ | ၄၇၂၅ | ၄၇၄၇ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ |
| ၈ | ထားဝယ် | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၉ | မြိတ် | ၄၃၆၃ | ၄၃၆၃ | ၄၃၆၃ | ၄၃၆၃ | ၄၆၃၅ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၆၈၀ |
| ၁၀ | ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၆၁၄ | ၄၆၁၄ | ၄၆၁၄ | ၄၆၁၄ | ၄၇၂၈ |
| ၁၁ | ပုသိမ် | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၅၀ |
| ၁၂ | စစ်တွေ | ၄၀၈၀ | ၄၁၂၀ | ၄၁၂၀ | ၄၂၀၀ | ၄၂၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၈၀ | ၄၄၈၀ |
| ၁၃ | ဟားခါး | ၄၉၂၀ | ၅၀၈၀ | ၅၀၈၀ | ၅၀၈၀ | ၅၀၈၀ | ၄၈၇၀ | ၄၉၃၀ | ၄၉၃၀ | ၄၉၃၀ | ၄၉၃၀ |
| ၁၄ | မုံရွာ | ၄၅၀၀ | ၄၅၀၀ | ၄၇၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၇ | မကွေး | ၄၅၅၀ | ၄၅၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၇၃ | ၄၇၇၃ | ၄၈၄၀ | ၄၈၄၀ | ၄၈၄၀ |
| ၁၈ | ပြည် | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၁၉ | ပဲခူး | ၄၄၅၅ | ၄၅၀၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၉၀ | ၄၅၄၅ | ၄၅၉၀ | ၄၆၃၅ | ၄၆၃၅ | ၄၆၅၅ |
| ၂၀ | ပျဉ်းမနား | ၄၆၅၇ | ၄၆၅၇ | ၄၆၅၇ | ၄၆၈၀ | ၄၆၈၀ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၂၅ | ၄၇၂၅ |
| ၂၁ | နေပြည်တော် | ၄၆၅၇ | ၄၆၅၇ | ၄၆၅၇ | ၄၆၈၀ | ၄၆၈၀ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၂၅ | ၄၇၂၅ |
| ၂၂ | ကလေး | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |

Source : DOCA-Domestic

ဒေ့ရှ် နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သောဆန်ဈေးကွက် မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၀ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၄.၉.၂၀၁၈ | ၁၇.၉.၂၀၁၈ | ၁၈.၉.၂၀၁၈ | ၁၉.၉.၂၀၁၈ | ၂၀.၉.၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၅၂၀၀ | ၂၄၃၀၀ | ၂၄၃၀၀ | ၂၄၈၀၀ | ၂၅၀၀၀ |
| ၂ | ဧယာ | ၁၀ | ၂၄၇၀၀ | ၂၄၃၀၀ | ၂၄၃၀၀ | ၂၄၃၀၀ | ၂၄၅၀၀ |
| ၃ | ဧယာ | ၂၅ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၂၂၀၀၀ |
| ၄ | ဧယာ | ၃၅ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၄၂၀၀ | ၂၄၀၀၀ | ၂၄၂၀၀ | ၂၄၂၀၀ | ၂၄၂၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၃၇၀၀ | ၂၃၅၀၀ | ၂၃၇၀၀ | ၂၃၇၀၀ | ၂၃၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၈၅၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ စစ်တွေမြို့ ကျပ် ၁၂၀၀၊နှင့် မြိတ်မြို့တို့တွင် ၁၁၅၀ ကျပ်ဖြင့် အနိမ့်ဆုံး ဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်း သုည ဒသမ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်း အနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားစားသုံးမှုအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တစ်ကမ္ဘာလုံး သုံးစွဲမှု၏ ၇၇ ရာခိုင်နှုန်းရှိပြီး သကြားအဓိကစားသုံးသော နိုင်ငံများအနေဖြင့် အိန္ဒိယ၊ EU-28၊ တရုတ်၊ ဘရာဇီးလ်၊ အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ရုရှား၊ ပါကစ္စတန်၊ မက္ကဆီကို၊ အီဂျစ်/အာရပ် ပြည်ထောင်စုတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) ၏စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာ့သကြား ဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar ) တစ်တန်လျှင် စက်တင်ဘာလ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၁ ဒသမ ၈၀ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၁၈ ရက်တွင် အမေရိကန် ဒေါ်လာ ၃၃၀ ဒသမ ၂၀ ထိကျဆင်းလာခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၄၅ ဖြင့် ဈေးအနည်းငယ် ပြန်တက်လာသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည် -

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 19-Sep-18 | 11.39 cts/lb | 11.52 cts/lb | 331.45 $/T | 15.03 cts/lb |
| 18-Sep-18 | 11.22 cts/lb | 11.48 cts/lb | 330.20 $/T | 14.98 cts/lb |
| 17-Sep-18 | 11.32 cts/lb | 11.46 cts/lb | 331.15 $/T | 15.02 cts/lb |
| 14-Sep-18 | 11.79 cts/lb | 11.44 cts/lb | 334.30 $/T | 15.16 cts/lb |
| 13-Sep-18 | 12.20cts/lb | 11.38 cts/lb | 341.80 $/T | 15.50 cts/lb |
| 12-Sep-18 | 12.15 cts/lb | 11.29 cts/lb | 341.10 $/T | 15.47 cts/lb |
| 11-Sep-18 | 11.79 cts/lb | 11.20 cts/lb | 332.95 $/T | 15.10 cts/lb |
| 10-Sep-18 | 11.80 cts/lb | 11.14 cts/lb | 331.85 $/T | 15.05 cts/lb |
| 7-Sep-18 | 11.57 cts/lb | 11.07cts/lb | 330.85 $/T | 15.01 cts/lb |
| 6-Sep-18 | 11.36 cts/lb | 11.02 cts/lb | 329.35 $/T | 14.94 cts/lb |
| 5-Sep-18 | 11.47 cts/lb | 10.99 cts/lb | 334.50 $/T | 15.17 cts/lb |
| 4-Sep-18 | 11.22 cts/lb | 10.95 cts/lb | 327.95 $/T | 14.88 cts/lb |
| 3-Sep-18 | 11.17 cts/lb | 10.94 cts/lb | 326.55 $/T | 14.81 cts/lb |
| 31-Aug-18 | 11.17 cts/lb | 10.93 cts/lb | 324.65 $/T | 14.73 cts/lb |
| 30-Aug-18 | 11.12 cts/lb | 10.94 cts/lb | 323.00 $/T | 14.65 cts/lb |
| 29-Aug-18 | 10.92 cts/lb | 10.96 cts/lb | 319.85 $/T | 14.51 cts/lb |
| 28-Aug-18 | 10.90 cts/lb | 10.99 cts/lb | 315.70 $/T | 14.32 cts/lb |
| 27-Aug-18 | 11.04 cts/lb | 11.04 cts/lb | 310.05 $/T | 14.06 cts/lb |
| 24-Aug-18 | 10.86 cts/lb | 11.07 cts/lb | 310.05 $/T | 14.06 cts/lb |
| 23-Aug-18 | 10.77 cts/lb | 11.11cts/lb | 306.40 $/T | 13.90 cts/lb |
| 22-Aug-18 | 10.84 cts/lb | 11.14 cts/lb | 306.85 $/T | 13.92 cts/lb |
| 21-Aug-18 | 10.83 cts/lb | 11.16 cts/lb | 307.15 $/T | 13.93 cts/lb |
| 20-Aug-18 | 10.75 cts/lb | 11.18 cts/lb | 304.90 $/T | 13.83 cts/lb |

၂၀၁၈ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၅ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ ၂၁၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၁-၅၉၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး၊ အိန္ဒိယနိုင်ငံတို့၏ သကြားဈေးမှာ အနည်းငယ်မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ မြန်မာ - တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် **စာမျက်နှာ ၁၇ သို့**

# မီးခိုးတိတ်စက်ရုံများ . . . . ပုံမှန်လည်ပတ်အောင်ဆောင်ရွက်ကြစို့

**မြင့်ဦး(ပခုက္ကူ)**

နိုင်ငံတစ်နိုင်ငံမှာနိုင်ငံခြားဝင်ငွေရရှိစေတဲ့အလုပ်(သို့မဟုတ်)လုပ်ငန်းတစ်ခုကို မီးခိုးတိတ်စက်ရုံလို့ တင်စားခေါ်ဝေါ်နေကြတဲ့လုပ်ငန်းဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပါ။ ကိုယ့်မိခင်နိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားတွေကို ဖိတ်ခေါ်နိုင်ပြီလား၊ လာရောလာနေကြသလားဆိုတာ ပြန်လည်ဆန်းစစ်ကြည့်ရအောင်ပါ။ သမိုင်းတစ်လျှောက်ပြည်ပခရီး သွားဝင်ရောက်မှုအမြင့်ဆုံးလို့ စံချိန်တင်ခဲ့သည့် ၂၀၁၅ ခုနှစ်မှာကို အာဆီယံနိုင်ငံများနှင့်ယှဉ်ရင် မြန်မာနိုင်ငံရဲ့ခရီးသွားဝင်ရောက်မှုဟာ အနိမ့်ဆုံးလို့လေ့လာရပါတယ်။ကိုယ့်မိခင်နိုင်ငံဟာနိုင်ငံခြားသား ခရီးသွားလာရောက်လည်ပတ်လေ့လာစရာတွေမရှိလို့လား. . .ဒါမှမဟုတ် မြန်မာနိုင်ငံသူနိုင်ငံသားတွေဟာ ရင်းနှီးခင်မင်၊ ဖော်ရွေ ဧည့်ဝတ်မကျေပွန်တဲ့ လူမျိုးလား၊ ဆန်းစစ်ကြည့်ရင်နိုင်ငံအတွင်းမှာ ရှေးဟောင်းအမွေအနှစ်တွေပြည့်နေတဲ့ ပုဂံရှိတယ်။ ပုဂံကိုရောက်ဖူးတဲ့ နိုင်ငံခြားသားတွေပြောတာ သတိရမိတယ် ကိုယ်တွေ့ကြုံရတာပါ။ " နိုးကရိန်း နိုးကရိန်း"နဲ့ မြင့်မားတဲ့ သာသနိကအဆောက်အဦတွေ ထုထည်ကြီးမားတဲ့အဆောက်အဦတွေ တွေ့တိုင်းပြောကြတဲ့စကားပါ "တန်ခိုးအရာ ရွှေစည်းခုံ"၊ "အနုလက်ရာအာနန္ဒာ" "ထုမှာ ဓမ္မရံ"ဟု တင်စားပြောဆိုကြတဲ့နေရာရောက်တိုင်းတအံ့တသြပြောကြတာပါ။ သဘာဝတရားကပေးထားတဲ့ "အင်းလေးကန်"လှေကိုလက်နဲ့မလှော်ခြေနဲ့လှော်တဲ့အင်းလေးဘုရားဖူးမလား။ မြန်မာအနုပညာ လက်ရာဝယ်မလား။ဒေသခံအစားအစာစားမလား။ နိုင်ငံတစ်နံတလျား လေ့လာစရာအများကြီးရှိပါတယ်။ ကိုယ့်ပခုက္ကူနဲ့ (၂၇)မိုင်ပဲ ဝေးတဲ့ မြိုင်မြို့နယ်"အင်းရောင်း"ရွာမှာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းရှိပါတယ်။ မြိုင်မြောက်ဘက်မှာပါ ရေကန်ကြီးရှိတယ်။ ကန်ဘောင်ပေါ် စက်ဘီးစီးလို့ရတယ်။ လှေစီးလှေလှော်လို့ရတယ်။ လေကောင်းလေသန့် ရှူရမယ်။ ညနေဆည်းဆာမှာကျန်းမာရေးလှုပ်ရှား ကစားလို့ရတယ်။ ရေကန်ကြီးဘေးကုန်းမြင့်ပေါ်မှာ တည်ဆောက်ထားတဲ့ရိပ်သာ ဒေသထွက်တိုင်တွေနဲ့ဆောက်ထားပါတယ်။ သွပ်မမိုးပါဘူး။ ထန်းပင်ကရတဲ့ထန်းခလက်(ထန်းရွက်)နဲ့ မိုးထားပါတယ်။ လေတဖြူးဖြူးနဲ့ပါ။ အဲယားကွန်းလုံးဝအသုံးမပြုပါဘူး။ လျှပ်စစ်မီးမရှိပါဘူး။ ညအခါမှာ အောက်လင်းဓာတ်မီးထွန်းတယ်။ အဲဒီမီးရောင်အောက်မှာ ညနေလှုပ်ရှားအားကစားပြီးရင်ရေချိုးတယ်၊ ရေချိုးပြီးရင် နိုင်ငံခြားသားတွေကို ဒေသထွက်တဲ့ရှင်မတောင်သနပ်ခါးကို ကျောက်ပြင်ထက်မှာသွေးပြီး လိမ်းပေးတယ်၊ နိုင်ငံခြားသား၊ နိုင်ငံခြားသူ ယောက်ျား၊ မိန်းမသဘောအကျဆုံးအရာပါ။ မြန်မာသနပ်ခါးကို မြန်မာမိတ်ကပ်ဆိုပြီး လိမ်းပေးတယ်။ လာတဲ့ ဧည့်သည်တိုင်း သဘောကျတယ်။ ပြုံးလို့ပျော်လို့ရွှင်လို့ပါ။ ညဦးမှာ တာဝန်ယူရတဲ့ရွာက မောင်းဆိုင်း၊ခြောက်လုံးပတ်နဲ့ယိမ်းနဲ့ဖျော်ဖြေ တယ်။ ဒါမှမဟုတ် ဦးရွှေရိုးဒေါ်မိုးအက၊ ဒိုးပတ်ဝိုင်းနဲ့ဖျော်ဖြေကြတယ်။ လက်ခုပ်သံညံမစဲပါ။ ဖျော်ဖြေတဲ့အဖွဲ့ကိုမြန်မာငွေတစ်သောင်းခွဲနဲ့ သုံးသောင်းအထိဆုချပါတယ်။ နံနက်စောစောစာ မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်း၊ နှမ်းဖြူဆီသန့် ထမင်းဆီဆမ်းတစ်ပွဲ သုံးဆောင်ပါ။ နေ့လယ်စာ မြန်မာထမင်း ကြက်သား (ဒေသကြက်ပါ လုံးဝ CP ကြက်မသုံးပါ) ကာလသားချက်နဲ့ ထမင်းတစ်ပွဲ ငါးထောင် ခြောက်ထောင် ခုနှစ်ထောင်အထိရောင်းရပါတယ်။ နေ့လယ်သရေစာ ရေနွေးကြမ်း လက်ဖက်ခြောက်ကောင်းကောင်းနဲ့မရွေး(မြိုင်မြို့နယ် 'အင်းရောင်း' ရွာက အရင်အဓိကလုပ်ငန်းကမရွေးမုန့်ထုတ်လုပ်တာပါ။ မရွေးဆိုတာ ထမင်းခြောက်နဲ့ထန်းလျက်နဲ့ရောလုပ်တာပါ သီချင်းတွေတောင်ဖွဲ့ဆိုထားတာရှိပါတယ်။ "အညာမန်းမရွေးနဲ့ တမာပန်းလေးပေးမယ်"လို့ပါ။ နောက်ပိုင်းကြားရတာက"အင်းရောင်း"ရွာက လူတွေရပ်ရွာအခြေပြုလုပ်ရုံနဲ့အဆင်ပြေနေလေတော့ မရွေးတောင် များများမထုတ်လုပ်ဘဲ နိုင်ငံခြားသားရောင်းဖို့ပဲ လုပ်ကြတယ်။ ဒါကြောင့်မြိုင်နယ်က လူတွေမရွေးမုန့်တောင် မစားရတော့ဘူးဆိုရင် စိတ်မကောင်းစရာပေ့ါဗျာ။ ဒါမျိုးတွေ မဖြစ်သင့်ဘူး လို့ထင်ပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ ခန့်မှန်းချက်အရ ၂၀၂၀ပြည့်နှစ်မှာ တစ်ကမ္ဘာလုံး ခရီးသွားစုစုပေါင်း(၁ ဒသမ ၆)ဘီလီယံရှိနိုင်တယ်လို့ဆိုပါတယ်။ ဒီအထဲကအာရှတိုက်နိုင်ငံများသို့ ခရီးသွား ၁၂၃ သန်း လာရောက်နိုင်တယ်လို့ခန့်မှန်းကြပါတယ်။

မနည်းမနော ဈေးကွက်ကြီး မဟုတ်ပါလား စာရှုသူ။ ဒီဈေးကွက်ထဲမှာ မြန်မာနိုင်ငံက အခွင့်အရေးဟာ ဘယ်လောက်ယူမှာလဲ၊ ဒီနေရာမှာ တိုးတက်ဖို့ဆိုတာက ငွေရရှိဖို့သာမကဘဲလာရောက်၊ ဝင်ရောက်မယ့် ခရီးသည်တွေအတွက် ဘာတွေလိုအပ်သလဲဆိုတဲ့ လိုအပ်ချက်ကိုထည့်သွင်းစဉ်းစားဖို့ မလိုဘူးလားဆိုတာကိုပါ။ ကျွန်တော်တို့နိုင်ငံကို လာလည်မယ်ဆိုရင် (၇)ရက်၊ တခြားနိုင်ငံမှာ (၂)နိုင်ငံ လည်လို့ရတယ်။ ဒီနေရာမှာကို ရှင်းနေပါတယ်။ ကိုယ့်နိုင်ငံ (၇)ရက်လည်ရမယ့်အချိန် တခြားနိုင်ငံမှာ(၂)နိုင်ငံလည်လို့ရတယ်။ အသုံးစရိတ်တွေ ဘယ်လောက်ကွာနေလဲ။ လေယာဉ်စီးခတွေ တည်းခိုတဲ့ တည်းခိုခန်းခတွေကွာနေတယ် ဘယ်လိုညှိမလဲ။ ဘယ်လို ဆောင်ရွက်မလဲဆိုတာ စဉ်းစားဖို့ကောင်းပါတယ်။ ဒါသည်ပင် တိုင်းပြည်စီးပွားရေး အခြေအနေနဲ့ တိုက်ရိုက်ဆက်စပ်နေခြင်းမဟုတ်ပါလား။ ကုန်ကျမယ့်စရိတ်ကို သူများနိုင်ငံနည်းတူဖြစ်အောင်လျှော့ချဖို့ရန်ကို မလိုအပ်ဘူးလား။ ဒီအတွက် ကွင်းဆက်ဖြစ်တဲ့ကဏ္ဍများကို ဆက်စပ်လျှော့ချနိုင်ဖို့လိုပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လဆန်းပိုင်းက အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးပွဲမှာ ပြောဆိုတဲ့အကြံပြုချက်ကို ပြန်လည်သတိရမိပါတယ်။

**"တစ်ခါဆက်ဆံ ဆယ်ခါလံ" ကိစ္စမျိုးတွေ ရှောင်ကြဉ်ပြီးမှန်မှန်ကန်ကန် ဝန်ဆောင်မှုပေးမယ်ဆိုရင်မကြာသောကာလ မိုးလေကင်းစင်လို့ပွင့်လင်းရာသီရောက်ချိန်ကြရင် မီးခိုးမထွက်သောစက်ရုံလို့ တင်စားကြရတဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး.......**

ယခုခေတ်မှာဆိုရင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံအတွက် အင်မတန် ဝင်ငွေကောင်းတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက ဆွဲဆောင်နေတာ ကျွန်မတို့က ယှဉ်ပြိုင်နိုင်ဖို့ဆိုရင် အခြားသူတွေ ပေးနိုင်တာထက် ပိုပြီးစိတ်ဝင်စားမှုအရ၊ ယဉ်ကျေးမှုအရ၊ စိတ်ချမ်းသာမှုအရ၊ ပေးနိုင်မှုဆွဲဆောင်နိုင်မယ်လို့ထင်ပါတယ်။ ပိုက်ဆံရှာနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ပဲ စဉ်းစားလို့မဖြစ်ပါဘူး။ ကျွန်မတို့လိုလူသားတွေ ကျွန်မလိုပဲ ပျော်ရွှင်ချင်တယ်။ ချမ်းမြေ့ချင်တယ်၊ ခဏတာအလည်အပတ်လာတဲ့အခါမှာကျရင်စိတ်အေးလက်အေးနဲ့မြင်ချင်တွေ့ချင်တာတွေကို မြင်တွေ့ရဖို့ အခွင့်အရေးလေးတွေ ရချင်တယ်ဆိုတဲ့ စိတ်တွေနည်းကြတာ ဒီလိုဆန္ဒတွေဖြည့်ဆည်းပေးမယ်ဆိုရင်နော် ကမ္ဘာလှည့်ခရီးသည်တွေ ပိုမိုပြီးတော့လာကြမှာဖြစ်တယ်လို့ ပြောဖူးတာကို မှတ်သားဖူးပါတယ်။ကြောင်းကျိုးဆက်စပ်ဆီလျှော်တဲ့အကြံပြုချက်တစ်ခုပါ။ ဘာတွေဆောင်ရွက်ပေးကြမှာလဲ။ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းဝန်ကြီးဌာန စာရင်းများအရ ၂၀၁၈ ခုနှစ်ဇွန်လအထိ အရှေ့ဥရောပနှင့်အနောက်ဥရောပနိုင်ငံများမှ ခရီးသွား ၁ သိန်းကျော်သာဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်နဲ့ယှဉ်လျှင် ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရပါတယ်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်ပြည်ပခရီးသည် ဧည့်သည်တစ်ဦးလျှင် တစ်ရက်ပျမ်းမျှ အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၅၃ ဒေါ်လာခန့်သုံးစွဲတယ်လို့ ဖတ်ရ မှတ်ရပါတယ်။ ဒီနှုန်းနဲ့ပဲ တွက်ကြည့်ရင် ၂၀၁၇ ခုနှစ်အတွင်း မြန်မာခရီးသွားလုပ်ငန်းကဏ္ဍဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါးရရှိပါတယ်။ တွက်ကြည့်ရင်နည်းတဲ့ဝင်ငွေလားဗျာ။ မြန်မာနိုင်ငံ၏ဗီဇာကြေးသည် စီးပွားရေးဗီဇာ အမေရိကန်ဒေါ်လာ ၅၀၊ ခရီးသွားဗီဇာသည် အမေရိကန်ဒေါ်လာ ၄၀၊ ခရီးသွားများများ ဝင်ရောက်စေလိုပါက တံခါးဖွင့်ပြီးလွယ်ကူစွာသွားလာနိုင်အောင် အာဆီယံဒေသတွင်းကို မဆွဲဆောင်နိုင်ဘူးလား။ အာဆီယံနိုင်ငံအတွင်း ခရီးသွားအဖွံ့ဖြိုးဆုံးက အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ဥရောပနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံ ၅၅ နိုင်ငံကို ဗီဇာကင်းလွတ်ခွင့် ပြုထားပါတယ်လို့ လေ့လာရပါတယ်။ ခရီးသွားလာရေးလွယ်ကူစေရန် စီစဉ်ထားတာဖြစ်တဲ့အတွက် ခရီးသွားတွေ ကြိတ်ကြိတ်တိုး စည်ကားနေတာ ယခုလက်တွေ့ပါ။ ပတ်စ်ပို့ကိုင်ပြီးထွက်သွားရုံပဲ ကမ္ဘောဒီးယား၊ ဗီယက်နမ် ဒီအတိုင်းပါပဲတဲ့။ လွယ်ကူတဲ့နေရာနဲ့ ခက်ခဲတဲ့နေရာ ဘယ်ကိုသွားမလဲ စာရှုသူရှင်းပါတယ်။ လွယ်တဲ့နေရာ သွားမှာပေ့ါဗျာ။ မဟုတ်ဘူးလား။ ဒီတော့ နိုင်ငံတော်အနေနဲ့ တိုင်းသူပြည်သားတွေအနေနဲ့ ဘာတွေပြင်ဆင်ပြီလဲ၊ ဘာတွေလုပ်ရမှာလဲ။ တစ်ခုအရေးကြီးတာကရခိုင်ပြည်နယ် အရေးအခင်းဟာ မြန်မာအစိုးရ ပုံရိပ်ကိုကျစေတယ်၊ မြန်မာ့ခရီးသွားလုပ်ငန်းကို ထိခိုက်စေတယ်ဆိုတာကိုပါ။ ရခိုင်ပြည်နယ်အရေးကြောင့် အနောက်နိုင်ငံများသည် မြန်မာနိုင်ငံသို့ခြေဦးမလှည့်ချင်တော့ မြန်မာနိုင်ငံဟာ ခရီးသွားရန် မသင့်သော နိုင်ငံလို့ကမ္ဘာက ထင်လာအောင် လုပ်ဆောင်နိုင်ကြသည့်အတွက် ကြိုတင်စီစဉ်ထားသည့် ခရီးစဉ်တွေကိုပင် ဖျက်သိမ်းခဲ့ကြတယ်လို့ ခရီးသွားလုပ်ငန်းရှင်များက ပြောကြပါတယ်။ သူတို့နိုင်ငံရဲ့ မီဒီယာစွမ်းပကားပေ့ါ။ ဒါဆိုရင် ကိုယ့်နိုင်ငံမှာရော မီဒီယာမရှိဘူးလားဆိုတာ နှိုင်းယှဉ်စဉ်းစားဖို့လိုပါပြီ။ လူဆိုတာ မြန်မာနိုင်ငံအရေးကို ပျက်စီးအောင်လုပ်ရင် ကာကွယ်ရမှာက ကိုယ့်နိုင်ငံရဲ့တာဝန်ပါ။ နောက်တစ်ခါဗီဇာကိစ္စ အိမ်နီးချင်းနိုင်ငံလုပ်နိုင်ရင် ကိုယ်ဘာလို့ မလုပ်နိုင်ရမှာလဲ စဉ်းစားကြစေလိုပါတယ်။ တစ်ခါ တည်းခိုခန်းတွေ၊စားသောက်ဆိုင်တွေ၊ ကားလိုင်းတွေကလည်း တိကျမှန်ကန်စွာ စနစ်တကျဝန်ဆောင်မှုပေးနိုင်ရမယ် 'တစ်ခါဆက်ဆံ ဆယ်ခါလံ' ကိစ္စမျိုးတွေရှောင်ကြဉ်ပြီး မှန်မှန်ကန်ကန် ဝန်ဆောင်မှုပေးမယ်ဆိုရင် မကြာသောကာလမိုးလေကင်းစင်လို့ ပွင့်လင်းရာသီရောက်ချိန်ကြရင်မီးခိုးမထွက်သောစက်ရုံလို့ တင်စားကြရတဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး တိုင်းပြည်ဝင်ငွေတိုးအောင် ဆောင်ရွက်ကြပါစို့လို့တိုက်တွန်းရေးသားရပါကြောင်း။ **(စာရေးသူ၏အာဘော်သာဖြစ်သည်)**

## ဩရိဿနှင့်အန္ဒြာပရာဒေ့ရှ်တို့တွင် ဆိုင်ကလုန်းသတိပေးချက်ထုတ်ပြန်

ဩရိဿနှင့် အန္ဒြာပရာဒေ့ရှ်တို့အတွက် ဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်ကို အိန္ဒိယမိုးလေဝသဌာနက စက်တင်ဘာ ၂၀ ရက်တွင်ထုတ်ပြန်ခဲ့သည်။ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတွင်ဖြစ် ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာကာလာမည့် ၁၂ နာရီအတွင်း ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့ကျရောက်နိုင်ကြောင်းမိုးလေဝသဌာနကပြောသည်။

"ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနဲ့အရှေ့အလယ်ပိုင်းမှာဖြစ်ပေါ်နေတဲ့လေဖိအားနည်းရပ်ဝန်းက လွန်ခဲ့တဲ့ ၆ နာရီအတွင်းမှာ တစ်နာရီကို ၁၅ ကီလိုမီတာနှုန်းနဲ့ အနောက်ဘက်ကို ရွေ့လျားနေပါတယ်။ လေဖိအားနည်းရပ်ဝန်းက ပြင်းထန်တဲ့ရပ်ဝန်းဖြစ်လာပြီး ကလင်ဂါပတ်တနန် (အန္ဒြာပရာဒေ့ရှ်ကမ်းခြေ)ရဲ့အရှေ့အရှေ့တောင်ဘက် ကီလိုမီတာ ၃၂၀ နဲ့ ဂိုပါပူရ(ဩရိဿ)ရဲ့အရှေ့အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာကိုဗဟိုပြုနေပါတယ်"ဟုကြေညာချက်တွင် ဖော်ပြထားသည်။

လေဖိအားနည်းရပ်ဝန်းက လာမယ့် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲလာနိုင်ပါတယ်။ ဆက်လက်ပြီး အနောက်အနောက်မြောက်ဘက်ကို ရွေ့လျားကာတောင်ပိုင်းဩရိဿဒေသကို ဖြတ်ကျော်ပြီး သန်းခေါင်ယံမှာဂိုပါပူရကိုနီးကပ်လာပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိကာ လေတိုက်ခတ်နှုန်းက တစ်နာရီကို ကီလိုမီတာ ၆၀ မှ ၈၀ အထိတိုက်ခတ်နိုင်ပါတယ်ဟုလည်း ဖော်ပြထားသည်။

နေရာအနှံ့အပြားမှာ မိုးများရွာသွန်းပြီး ဩရိဿ တောင်ပိုင်းနှင့် အန္ဒြာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေဒေသတွေမှာ နေရာကျဲကျဲမိုးသည်းထန်စွာရွာသွန်းမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ အန္ဒြာပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင်များအပါအဝင် ခရိုင်အများအပြားသည်မုန်တိုင်းဒဏ်ကိုခံစားနိုင်ရဖွယ်ရှိကြောင်းသိရသည်။

**စံမီအောင်**

**စာမျက်နှာ (၈) (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ . . . . မှအဆက်**

တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမှု တိုးတက်လာသည့်နည်းတူ မြန်မာ-တရုတ်နှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်လျက်ရှိပြီး စာရင်း ဇယားများ အရ ၂၀၁၄-၁၅ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံ၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉ ဘီလီယံ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၈၀ ဘီလီယံနှင့် ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၈ ဘီလီယံ အသီးသီးဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၀ ရာခိုင်နှုန်းပါဝင်ကာ တရုတ်ကုမ္ပဏီပေါင်း ၁၂၀၀ကျော် လာရောက်ရင်းနှီးမြှုပ်နှံနေလျက်ထိပ်ဆုံးမှ ဦးဆောင်ပါဝင်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံခေါင်းဆောင်များ၏ လမ်းညွှန်မှုအရ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် တရုတ်နိုင်ငံ၏ သမ္မတ Mr.Xi Jin Ping ၏ ရပ်ဝန်းနှင့်လမ်းကြောင်း ပဏာမခြေလှမ်း (Belt and Road Initiative) နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ပေါ်တွင် အခြေခံသည့် မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ (Myanmar-China Economic Corridor)၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများကို ပေါင်းကူးဆက်သွယ်ထားသည့် တံတားသဖွယ် တည်ရှိနေသဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် စီးပွားရေးစင်္ကြံစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းပိုမိုကောင်းမွန်လာရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက်လျော့ကျစေရေးတို့အား များစွာအထောက်အကူဖြစ်စေနိုင်မည့်အပြင် အခြားသောနိုင်ငံများနှင့် ကူးသန်းသွားလာရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးတွင်ပါ ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်ပါသည်။

ကွမ်ရှီး(ကွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နိုင်ငံ၏ တောင်ပိုင်းတွင်တည်ရှိပြီး ယူနန်ပြည်နယ်ကို ဖြတ်သန်းပြီးလျှင် မြန်မာနိုင်ငံနှင့် ကုန်းမြေချင်းထိစပ်နေသည့်ဒေသတစ်ခု ဖြစ်ပါသည်။ ကွမ်ရှီး(ကွမ့်)ဒေသသည် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (one belt one road)စီမံကိန်းမူဘောင်အောက်တွင် မြန်မာနိုင်ငံနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးတွင်သာမက ခရီးသွားလာရေး၊ ယဉ်ကျေးမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိပါသည်။

တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကွမ်ရှီး(ကွမ့်)ဒေသနှင့် မြန်မာနိုင်ငံတို့အကြား အကွာအဝေးကို ပိုမိုနီးကပ်လာစေပြီး ပြည်သူလူထု၏ ကူးလူးဆက်သွယ်မှုများ ပိုမိုများပြားလာပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီးဖြစ်သည့် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည့်ကာလလည်း ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများ၏ ဦးဆောင်မှုအောက်တွင် သဘာဝသယံဇာတနှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပေါများကြွယ်ဝသည့် မြန်မာနိုင်ငံနှင့် အရင်းအနှီး၊ အတတ်ပညာ၊ နည်းပညာများရှိသည့် တရုတ်နိုင်ငံတို့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မည့် အလားအလာကောင်းများ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**စာမျက်နှာ (၁၅) သကြားပြည်တွင်းဈေးနှုန်း . . . . မှအဆက်**

ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၆၃ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၅ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၂ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၆ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိ ရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

## ရွှေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေး ကျဆင်းနေသော်လည်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀ သိန်းအထက်သို့မြင့်တက်လာခဲ့သည်။ ဇွန် ၁၈ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၃၃၃ ဒေါ်လာရှိရာမှ စက်တင်ဘာ ၁၈ ရက်တွင် ၁၁၉၉ ဒေါ်လာသို့ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁၃၄ ဒေါ်လာကျဆင်းလာချိန်တွင် ပြည်တွင်းရွှေဈေးမြင့်တက်ခြင်းနှင့် ပတ်သက်၍ ကန်ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်းနှင့် ပြည်ပသို့ရွှေများတင်ပို့နေခြင်းက ဈေးတွန်းတင်နေသကဲ့သို့ဖြစ်နေသည်ဟု လေ့လာသုံးသပ်ရပါသည်။


ပြည်တွင်းရွှေဈေး မြင့်တက်နေသော်လည်း ကမ္ဘာ့ရွှေဈေးက သုံးလအတွင်း ၁၀ ရာခိုင်နှုန်း ဈေးကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးအနေဖြင့် စက်တင်ဘာ ၁၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၀၂၀၀၀ သို့ ရောက်ရှိလာခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင်ကျပ် ၁၀၃၅၀၀၀ မှ ၁၀၄၀၅၀၀ ထိ စံချိန်တင် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာတန်ဖိုး စတင်မြင့်တက်ခဲ့သည့် သုံးလအတွင်း ပြည်တွင်းရွှေဈေး ၇ ရာခိုင်နှုန်းခန့် မြင့်တက်လာ ခဲ့သည်။ ပြီးခဲ့သည့်တစ်ပတ်အထိ မြန်မာနိုင်ငံတွင် ရောင်းချသည့် ရွှေဈေးနှုန်းက နိုင်ငံတကာဈေးနှုန်းထက် လျော့နည်းနေသဖြင့် ပြည်တွင်းမှ ရွှေများကို ပြည်ပသို့ ပြန်လည်တင်ပို့ ရောင်းချခြင်းများရှိခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးသည် ဆက်တိုက်မြင့်တက်လာရန် တွန်းအားဖြစ်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ ပြည်တွင်းရွှေဈေးစံချိန်တင် မြင့်တက်လာချိန်တွင် ဒေါ်လာဈေးကလည်း တစ်ဒေါ်လာလျှင် စက်တင်ဘာ ၁၈ ရက်တွင် ၁၅၅၀ ကျပ်မှ စက်တင်ဘာ ၂၀ ရက်တွင် ၁၅၇၈ ကျပ်အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဒေါ်လာကို ကုန်စည်တစ်ခုကဲ့သို့ ဈေးနှုန်းမြင့်တက်ရန် ဈေးဆွဲတင်မှုများကြောင့်ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့မှ သုံးသပ်ကြသည်ကို သိရှိရပါသည်။ ယခုကဲ့သို့ ဒေါ်လာဈေးမြင့်တက်ပြီး ရွှေဈေးစံချိန်တင် မြင့်တက်လာခြင်းများကို အဖြေရှာရန် အစိုးရ၊ ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်များ၊ ငွေလဲလုပ်ငန်း လုပ်ကိုင်သူများနှင့် သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံကာ ညှိနှိုင်းအဖြေရှာသင့်ကြောင်း၊ ယခုကဲ့သို့ ရွှေဈေးတက်လာခြင်းကြောင့် ရွှေအရောင်းအဝယ်လုပ်ရာတွင်လည်း အရောင်းအဝယ်လုပ်၍ မကောင်းကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။ ဈေးနှုန်းအပြောင်းအလဲ မြန်နေ၍ ငွေလဲလုပ်ငန်းများ အရှုံးပေါ်နေသည်ဟုလည်း ငွေလဲလုပ်ငန်းလုပ်ကိုင်သည့် အကျိုးဆောင်တစ်ဦးမှ ပြောကြားခဲ့ပါသည်။

ငွေကြေးလဲလှယ်နှုန်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေလဲလှယ်နှုန်းအရ စက်တင်ဘာ ၁၄ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၄၀ ကျပ်မှ စက်တင်ဘာ ၂၀ ရက်တွင် ၁၅၇၈ ကျပ်ထိမြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၃၈ ကျပ် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဒေါ်လာတန်ဖိုးမြင့်တက်မှုသည် ငွေကြေးချမ်းသာသူအချို့၏ ဝယ်ယူစုဆောင်းမှု၊ ကုန်ပစ္စည်းတစ်ခုကဲ့သို့ ဈေးကစားလိုသူများက အဝယ်များသောကြောင့်ဟု ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကို ဈေးနှုန်းသုံးမျိုးဖြင့် အရောင်းအဝယ် ပြုလုပ်ကြသည်ကိုလည်း သိရှိရပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် အသုံးပြုရန် ပို့ကုန်ရငွေအဖြစ် ဒေါ်လာနှင့် ကျပ်ငွေ လဲလှယ်သည့် ဈေးနှုန်း၊ သွင်းကုန်လုပ်ငန်းများအတွက် စင်ကာပူ၊ ဟောင်ကောင်ရှိဘဏ်များသို့ ဒေါ်လာလွှဲပြောင်းပေးရသည့် ဈေးနှုန်းနှင့် ပြည်တွင်းဒေါ်လာ အရောင်းအဝယ်အတွက် (အရွက်) ဈေးနှုန်းဟူ၍ဖြစ်သည်။ လက်ရှိစံချိန်တင် ဈေးတက်သော ဒေါ်လာသည် အရွက်ဈေးနှုန်းဖြစ်ပြီး ပို့ကုန်ရငွေနှင့် သွင်းကုန်အတွက် ပြည်ပသို့ ငွေလွှဲသည့်ဒေါ်လာဈေးနှုန်းက အနည်းငယ်သာ မြင့်တက်ပြီး ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာသုံးသောင်း၊ လေးသောင်းရောင်းချရန် မလွယ်ကူသော်လည်း ဒေါ်လာဝယ်ယူသူများက ဒေါ်လာ သန်းချီဝယ်ယူမှုများ ရှိနေသည်ကို လေ့လာသိရှိရပါသည်။ ဒေါ်လာအရွက် အဓိကဝင်ငွေသည် ခရီးသွားလုပ်ငန်းမှဖြစ်ပြီး ယခုနှစ်တွင် နိုင်ငံတကာ ခရီးသွားအဝင်နည်းသဖြင့် ဒေါ်လာဝယ်ယူစုဆောင်းမှုများခြင်းက ဒေါ်လာဝယ်လိုအား မြင့်တက်စေရန်တွန်းအားတစ်ခု ဖြစ်စေသည်။ ထို့ အပြင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး နှေးကွေးနေခြင်းကြောင့် မြန်မာနိုင်ငံသို့ ဒေါ်လာအဝင်နည်းခြင်းက ဒေါ်လာဈေးတက်သည့် အချက်တစ်ခုဖြစ်သည်ဟုလည်း လုပ်ငန်းရှင်များက သုံးသပ်ကြပါသည်။

ကျပ်တန်ဖိုးကျဆင်းခြင်းနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လေ့လာရာတွင် ပြည်ပ သက်ရောက်မှုကစတင်သော်လည်း ပြည်တွင်းစီးပွားရေးအခြေအနေ မညီမျှမှုပြဿနာများ၊ စီးပွားရေးနှင့်ပတ်သက်သော အခြေခံအားနည်းချက်များရှိခြင်း၊ ကုန်သွယ်မှုလိုငွေများက ပြည်တွင်း ကျပ်ငွေတန်ဖိုးအပေါ် ဖိအားများစွာ သက်ရောက်သကဲ့သို့ ဇူလိုင်မှ ဒီဇင်ဘာအထိ နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မားသည့်ကာလ ဖြစ်နေခြင်းလည်းပါဝင်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၊ ပြည်ထောင်စုဝန်ကြီးမှ လွှတ်တော်၌ ပြောကြားခဲ့ပါသည်။ ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် ကျပ်ငွေတန်ဖိုး သုံးလအတွင်း ၁၅ ရာခိုင်နှုန်းကျော် ကျဆင်းကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောကြားခဲ့ပါသည်။


လက်ရှိ မြန်မာနိုင်ငံအတွင်း ဒေါ်လာဈေးနှုန်းမြင့်တက်မှုမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ၈၀ ရာခိုင်နှုန်း ဖောင်းပွမှုရှိလာကြောင်း ဒေါ်လာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော ကန်ဒေါ်လာ ဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source : ဗဟိုဘဏ်


HERCULES LOGISTICS
Hercules Logistics
Our value
Right Time
Full Insurance
Reliable Service
Quality Assurance
Committed Scedule
Our Services
Hercules Schedule Services
Hercules Cold Chain Services
Hercules Long Haul Services
Downtown Delivery Services
Valued Added Services
Warehousing Services
Mandalay Office : No. (H-205/ 9-10), 55th St., Between Phoe Yar Zar & Ka Naung Road, Industrial Zone (2) Mandalay, Myanmar
Yangon Office : Room (CC2-32,33), Thiri Yadanar Wholesale Market, North Okkalapa Township, Yangon, Myanmar.
Tel: 09 253198680~81~82~83~84~85, 09 977181660 Fax: +952 5153140 Email: info@herculeslogs.com, cs@herculeslogs.com
Website: www.herculeslogs.com

SMT
SUN MYAT TUN CONSTRUCTION GROUP
SMT where ownership set you free
လူတိုင်းလွတ်လပ်စွာ အိမ်ပိုင်ဆိုင်ဖို့ SMT နှင့် ဆက်သွယ်စို့
Ph ; 09 777700111,09 7777 00222,09777700333

Infinity Speed Lucky Co., Ltd
ISL Logistics
DOOR TO DOOR WORLD WIDE SERVICE
Air Sea Land
Bld (5), Room (103/A), 2nd floor, 54th Street (Inngin Street), Pazaudaung Tsp, Yangon
Ph : 095155012 , 09 965155012 , 09974850870 , 01201658 , Fax : 01201658
Email : aung@islgroups.com , Webside : www.islgroups.com

THIDA Chan Myay Electrical Trading Co.,Ltd.
THIDA Chan Myay
- High Voltage /Low Voltage Circuit Breaker
- Transformer
- Transformer (KVA)
AS WE ARE EPC CONTRACTOR
We design, materials supply and installation of the following.
- SUBSTATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
- HIGH VOLTAGE/ LOW VOLTAGE SWITCHGEAR PANEL/ CUBICLES
- TRANSFORMER & ACCESSORIES
- CABLE & ACCESSORIES
OSM
NOJA POWER
-Authorized Distributor For Myanmar
-15kV, 27kV and 38kV Automatic Circuit Recloser, Noja Power (Australia)
No.17, Myintzu Street, Parami Avenue, Yankin Township, Yangon.
Contact us: 09-5133406, 09-420737407, 09-5011478, 09-5141179
Email: thidachanmyayoffice@gmail.com, office@thidachanmyay.com, engineering@thidachanmyay.com
Website : www.thidachanmyay.com

SLK **SHWE LONE KIT**
CAR SALE CENTRE



R39 • ကံ့ကော်(၅)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်
Tel: 0951 41595, 0978 5575852, 0951 41252
Email : shwelonekit@gmail.com
facebook: shwelonekir.cartrade

ဗေဒါရွှေကြာ
ငယ်ထွေးနှပ်
နှင့်
နှစ်ပြန်ကြော်





ဆိုင် – ၈၆ × ၂၇ လမ်းထောင့်၊ ဈေးချို၊ မန္တလေး။
အိမ်ဆိုင် – ၈၆ လမ်း၊ ၂၆ × ၂၇ လမ်းကြား၊ ပွဲစားတန်း၊ ဈေးချို၊ မန္တလေး။ ဖုန်း – ၀၂–၆၅၀၅၄၉၊ ၀၉–၂၀၅၂၈၃၉

PPC
Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



**Property Services**
- Property Management
- M & E Services
- Cleaning
- Security

**Renovation Service**
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

**Real Estate Services**
- Leasing, Purchasing & Selling

No.19, 4th Floor, Innwa Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

**Do can Do Company Limited**




No-42A, Parami Road, 4th Ward, South, Oakkalarpa, Yangon.
Ph: 09 440224422

# မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ မဟာဗျူဟာသီးနှံ (သို့) အမယ်သစ်ပို့ကုန်အကြောင်း တစေ့တစောင်း

(ယခင်တစ်ပတ်မှအဆက်)

### အိန္ဒိယနိုင်ငံ၏ လျှော်ဖြူစေးအမှုန့်အတွက် စံသတ်မှတ်ချက်များ

အိန္ဒိယနိုင်ငံတွင် လျှော်ဖြူစေးကို အမှုန့်ပြုလုပ်၍ ရောင်းဝယ်ဖောက်ကားရာတွင် စံသတ်မှတ်ချက်များချမှတ်ကာ ရောင်းဝယ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ အဆိုပါ စံသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းပင်ဖြစ်သည်-

(၁) အရောင်အသွေးမှာ အဖြူရောင်မှ အညိုရောင်အတွင်း ရှိရပါမည်။
(၂) အနံ့မှာ ထူးခြားသောအနံ့မရှိရပေ။
(၃) ထူးခြားသောအရသာလည်းမရှိရပါ။
(၄) ဆားငံကိန်း (စံ) သည် ၄ မှ ၅ အတွင်းရှိရပေမည်။
(၅) သိပ်သည်းဆ (density) မှာ သုညဒသမ ၈ မှ သုညဒသမ ၉၅ ဂရမ် မီလီမီတာအတွင်း ရှိရပေမည်။
(၆) စေးပျစ်ကိန်း (viscosity) သည် ၁၀၀ အောက်နည်းရပေမည်။
(၇) ကလိုရိုက် ပါဝင်မှုကန့်သတ်ချက်မှာ ၂၅ အောက် လျော့နည်းရမည်ဖြစ်ပြီး အာဆင်းနစ်ဓာတ်ပါဝင်မှုမှာ ၁၀ အောက် လျော့နည်းရမည်ဖြစ်ပေသည်။
(၈) particle size distribution (μm) သည် 40-180 mesh အတွင်းရှိရပေမည်။
(၉) ပျော်ဝင်နိုင်မှုအနေဖြင့် ရေတွင်ပျော်ဝင်မှုနှေးရပေမည်။ အီသနောနှင့် အခြားသော အော်ဂဲနစ်ပျော်ရည်များ၊ စံတန်ဖိုး ၆. ၅ အထက်ရှိသော အယ်ကာလီပျော်ရည်များတွင်လုံးဝမပျော်ဝင်ရပေ။ ရေရောထားသော အက်ဆစ်တစ် အက်ဆစ်တွင် တဖြည်းဖြည်းအရည်ပျော်ပြီး ဟိုက်ဒြိုကလိုရစ် အက်ဆစ်တွင် အနည်းငယ်သာ ပျော်ဝင်ရပေမည်။
(၁၀) အခြောက်ခံရာတွင်ဆုံးရှုံးမှုအနေဖြင့် ၂၀ ရာခိုင်နှုန်း အောက်လျော့နည်းရပေမည်။
(၁၁) သိုလှောင်ရာတွင် အေး၍ခြောက်သွေ့သောနေရာတွင် လေလုံသော ကွန်တိန်နာများထဲတွင် သိမ်းဆည်းသင့်ပါသည်။

### လျှော်ဖြူစေးပါဝင်သော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ

ယနေ့ကာလတွင် လျှော်ဖြူစေးကို အသုံးပြု၍ အမျိုးမျိုးသော တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ကြကြောင်း တွေ့ရှိရပေသည်။ ဆေးဝါးထုတ်လုပ်မှုတွင် အများဆုံးဖြစ်ကာ အစားအသောက်နှင့် စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်ရာတွင် အနည်းငယ်သာရှိသေးကြောင်း တွေ့ရှိရပေသည်။ အိန္ဒိယနိုင်ငံထုတ် အရေပြားလိမ်းဆေးများ၊ အစာအိမ်အူလမ်းကြောင်းသုံးဆေးများ၊ အစာအိမ်အူလမ်းကြောင်းသုံးပလာစတာများ၊ ဝမ်းပျော့ဆေးများနှင့် ဝမ်းနုတ်ဆေးများတွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံထုတ် Phan Rang Sterculia Latex အားဆေး စသဖြင့် ဆေးဝါးများ ပြုလုပ်ရာတွင် လျှော်ဖြူစေးကို ထည့်သွင်းအသုံးပြုကြပေသည်။ ထို့ပြင် သွားဖြူဆေးများ၊ leather အရောင်တင်ဆေးများ၊ အသားအလှဆီများ၊ Hair gel များ၊ Body lotion စသည့် cosmetic ပစ္စည်းများတွင်လည်း လျှော်ဖြူစေးအား ထည့်သွင်းအသုံးပြုကြလေသည်။ မြန်မာနိုင်ငံတွင်မူ မန္တလေးမြို့ရှိ စောနန်းမှုံလျှော်ဖြူရောင်းဝယ်ရေးကုမ္ပဏီမှ လျှော်ဖြူစေးပါဝင်သော ဖျော်ရည်များ၊ အချိုရည်ဘူးများထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ထို့ကြောင့်ပြည်တွင်းတွင်လည်း လျှော်ဖြူစေးမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ သို့မှသာ လျှော်ဖြူကဏ္ဍရေရှည်ဖွံ့ဖြိုးရာတွင် အထောက်ကူပြုမည်ဖြစ်ပေသည်။

### ကမ္ဘာ့လျှော်ဖြူဈေးကွက်အခြေအနေ

ကမ္ဘာ့လျှော်ဖြူဈေးကွက်ကို လေ့လာကြည့်ပါက US နှင့် ကနေဒါနိုင်ငံများသည် လျှော်ဖြူဈေးကွက်တွင် ဈေးအမြင့်ဆုံးနှင့် အရည်အသွေးအကောင်းဆုံးဝယ်ယူသည့် ကြီးမားသော ဈေးကွက်ဖြစ်ပါသည်။ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ် စသည့်နိုင်ငံများသည် ဝယ်လိုအား ဒုတိယအများဆုံးဖြစ်ပြီး စားသောက်ကုန် လုပ်ငန်းများတွင် အသုံးပြုကြပါသည်။ တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံနိုင်ငံများ၌ ပမာဏ အများဆုံးဝယ်ယူပြီး အစားအသောက်နှင့်ဆေးဝါးလုပ်ငန်းများတွင် အသုံးပြုကြပေသည်။ ထို့ပြင် ပိုလန်၊ ရုရှားနှင့် အရှေ့ဥရောပ

အောင်ဆန်းလင်း (DOCA)



နိုင်ငံများသည် ဈေးနှုန်းအလယ်အလတ်တန်းစားတွင်ရှိပြီး ဂျပန်နိုင်ငံတွင်မူ ဈေးနှုန်း အလယ်အလတ်တန်းစားတွင်ရှိပါသည်။မက္ကဆီကို၊ ဘရာဇီးနိုင်ငံတို့တွင် အနည်းဆုံးဈေးကွက်သာရှိပြီး တောင်အာဖရိကနှင့် အာဖရိကကျန်ဒေသများတွင်လည်း ဈေးကွက်ကောင်းမွန်မှု ရှိပါသည်။ ထို့ကြောင့် လျှော်ဖြူစေးသည် ဈေးကွက်ခိုင်မာမှုရှိသော စိုက်ပျိုးရေးထုတ်ကုန်တစ်ခုပင် ဖြစ်ပါသည်။

### မြန်မာနိုင်ငံအတွင်း လျှော်ဖြူဈေးကွက်အခြေအနေ

မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော လျှော်ဖြူစေးကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့သာ အများဆုံး တင်ပို့ ရောင်းချနေကြရပြီး တရားဝင်ဈေးကွက်မဖြစ်သေးပေ။ ဂျပန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့လည်း တင်ပို့နေကြရသော်လည်း တရုတ်နိုင်ငံလောက်ဝယ်ယူမှု မများသေးပေ။ ထို့ကြောင့် တရားဝင်ဈေးကွက်ဖြစ်ပေါ် စေရေးနှင့် ပြည်ပဈေးကွက် ပိုမိုရရှိရေးအရေးပေးဆောင်ရွက်သင့်ပါသည်။ ထိုသို့တရားဝင်ဈေးကွက်ဖြစ်ပေါ် စေရေးနှင့် ဈေးကွက်ရရှိရေးအတွက် (၁၆)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလျှော်ဖြူအသင်းမှ တာဝန်ရှိသူများက မြန်မာ့လျှော်ဖြူများ သွားရောက်ပြသခြင်း၊ (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ မန္တလေးမြို့ရှိ စောနန်းမှုံလျှော်ဖြူရောင်းဝယ်ရေးကုမ္ပဏီမှ သွားရောက်ပြသခြင်း၊ ထို့ပြင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၁၈ ခုနှစ် ဇွန်လလယ်ခန့်က ကျင်းပခဲ့သော ဂျပန်-မြန်မာ ကုန်စည်ပြပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှ လျှော်ဖြူလုပ်ငန်းရှင်တစ်ဦးက မြန်မာ့လျှော်ဖြူများ သွားရောက်ပြသခဲ့ရာ စိတ်ဝင်စားသူများပြားကြကြောင်း သိရှိရပေသည်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မကွေးစက်မှု ကုန်စည်ပြပွဲ၌ တရုတ်(တိုင်ပေ)မှကုန်သည်တစ်ဦးက လျှော်ဖြူထိပ်စ တစ်ပိဿာလျှင် ၃၄၀၀၀၀ ကျပ်အထိ ပေးဝယ်ခဲ့ပြီး မတ်လ ၂၈ ရက်နေ့တွင်လည်း ရွှေလီမှ ကုန်သည်တစ်ဦးကလည်း လျှော်ဖြူထိပ်စ တစ်ပိဿာလျှင် ၃၇၀၀၀၀ ကျပ်၊ လျှော်ဖြူလတ်စ တစ်ပိဿာလျှင် ၂၆၀၀၀၀ ကျပ်နှင့် အနိမ့်ဆုံးတစ်ပိဿာလျှင် ၁၇၀၀၀၀ ကျပ် ပေးဝယ်ခဲ့ကြောင်း သိရှိရပေသည်။ ပြည်ပဝယ်လက်များကလည်း စိုက်ခင်းများအထိ လာရောက်ဝယ်ယူမှုများလည်း ရှိကြောင်း သိရှိရသည်။

### မြန်မာနိုင်ငံ၏ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ

မြန်မာနိုင်ငံ၏ လျှော်ဖြူကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်မှာ ဈေးကွက်ကဏ္ဍခိုင်မာအားကောင်းဖို့လိုအပ်သကဲ့သို့ ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးလှပေသည်။ ထိုသို့ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပေသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် လျှော်ဖြူစိုက်ပျိုးထားရှိမှုများအားလုံးကို လွှမ်းခြုံနိုင်ရေးအတွက် အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊
(ခ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် လျှော်ဖြူစိုက်ဧကများကို အပင်သက်တမ်းအလိုက် ပြုစုထားရှိခြင်း၊
(ဂ) လစဉ်၊ နှစ်စဉ် ဒေသအလိုက် လျှော်ဖြူစေးထွက်ရှိမှုပမာဏများကို စာရင်းပြုစုထားရှိခြင်း၊
(ဃ) စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရေးနှင့် အရည်အသွေးကောင်းသော လျှော်ဖြူစေးများရရှိရေး တောင်သူများအား အသိပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊
(င) မြန်မာနိုင်ငံ၏ အမယ်သစ်ပို့ကုန်(တရားဝင်ပို့ကုန်)ဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် ပြည်ပဈေးကွက် ချိတ်ဆက်ခြင်း၊
(စ) ပြည်တွင်းတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးပူးပေါင်းဆောင်ရွက်ခြင်း။
(ဆ) စားသောက်ကုန်၊ ဆေးဝါးအဖြစ် အသုံးပြုနိုင်မှသာ ဈေးကောင်းရရှိမည်ဖြစ်သောကြောင့် ဓာတုဆေးမသုံးစေရန်တို့ကို အားလုံးလိုက်နာဖို့ လိုအပ်ပါသည်။

### အမယ်သစ်ပို့ကုန်ဖြစ်သော လျှော်ဖြူကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

လျှော်ဖြူကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်မှာ ထုတ်လုပ်မှုကဏ္ဍ၊ အရည်အသွေးကဏ္ဍ၊ ဈေးကွက်ကဏ္ဍ စသည်တို့ ကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ လျှော်ဖြူသီးနှံကို တာဝန်ယူကိုင်တွယ်သည့် ဌာနမရှိသေးသည့်အတွက် လျှော်ဖြူပင်ကို စက်မှုသီးနှံအဖြစ်သော်လည်းကောင်း၊ နှစ်ရှည်သီးနှံအဖြစ်သော်လည်းကောင်း ပြည်ထောင်စု အစိုးရမှ ဝန်ကြီးဌာနတစ်ခုခုအား တာဝန်ယူဆောင်ရွက်သွားစေရန် လိုအပ်ပါသည်။ ဈေးကွက်ခိုင်မာမှုရှိစေရန်လည်း ဈေးကွက်ချဲ့ထွင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ တရားမဝင် ဈေးကွက်ရှိနေသည့်အတွက် အဆိုပါနိုင်ငံများနှင့် တရားဝင်ဈေးကွက်ဖြစ်စေရေး ချိတ်ဆက်ဆောင်ရွက်သွားဖို့ လိုအပ်လျက်ရှိပေသည်။ မြန်မာနိုင်ငံအတွင်း လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုအားကောင်းလာစေရေးနှင့် အရည်အသွေးကောင်းသော လျှော်ဖြူစေးများရရှိစေရေး ဆွေးနွေးဟောပြောခြင်း၊ စနစ်တကျစိုက်ပျိုးနည်းစနစ်များကို တောင်သူများအား အသိပညာပေးခြင်း၊ ဓာတုဆေးဝါးများလွန်ကဲစွာ အသုံးမပြုကြရန် ဆွေးနွေးတိုက်တွန်းခြင်း၊ အသိပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြရန်လည်း အထူးလိုအပ်ပါသည်။ မြန်မာနိုင်ငံအနှံ့ စိုက်ပျိုးမှုတိုးတက်လာစေရန် အစုအဖွဲ့၊ အသင်းအဖွဲ့များမှသည် လျှော်ဖြူစိုက်ပျိုးရေးဇုန်များအထိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ လျှော်ဖြူစေး လိုအပ်မှုအား လုံလောက်စွာဖြည့်တင်းပေးနိုင်ပြီး တောင်သူများဝင်ငွေတိုးကာ စီးပွားဖြစ်ထွန်းမည် ဖြစ်ပေသည်။ လျှော်ဖြူစေးမှ အမျိုးပေါင်း (၃၅၀၀)ကျော် ကုန်ချောပစ္စည်းထုတ်လုပ်နိုင်သောကြောင့် မြို့သာစက်မှုဇုန်ကဲ့သို့သော နေရာမျိုးတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်သင့်ပါသည်။ထို့ပြင် လျှော်ဖြူပင်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်သည့် နိုင်ငံများသို့ သွားရောက်လေ့လာ၍ သုတေသနပြုလုပ်သင့်ပါသည်။ အဓိကအရေးကြီးသည်မှာ ပြည်ပဈေးကွက်သို့ ချိတ်ဆက်ထိုးဖောက်ရန်နှင့် ဈေးကွက်၏လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးကောင်းသည့် လျှော်ဖြူစေးများထုတ်လုပ်နိုင်ရေးပင်ဖြစ်ပေသည်။ သို့မှသာ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများရေရှည် စီးပွားဖွံ့ဖြိုးတိုးတက်ကာ ကျေးလက်ဒေသလူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မှု၌လည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

### ကျမ်းကိုးစာရင်း


(၁) စီးပွားဖြစ်လျှော်ဖြူပင်စိုက်ပျိုးထုတ်လုပ်ခြင်း ခင်မောင်ဝင်း (စက်မှုသီးနှံ)'
(၂) Karaya gum (Sterculia urens Roxb.): A potential gum tree, College of Foresty, Kerala Agricultural University, India.
(၃) International Journal of Biopharmaceutics (IJB) , www.ijbonline.com
(၄) https:// www.zauba.com ( export and import data of karaya gum in India)
(၅) Karaya Gum Market: Global Industry Analysis 2012-2016

# ဗီယက်နမ်ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် စတုတ္ထစက်မှုတော်လှန်ရေး

မောင်လွင်ပြင်

အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တော်၌ စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။ ယင်းစီးပွားရေးဖိုရမ်သို့ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ စုစုပေါင်း ၄၃ နိုင်ငံက ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်တက်ရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ၂၁ ရာစု၏ နောက်ထပ်ပေါ်ထွက်လာသည့် အာရှကျားနိုင်ငံသစ်အဖြစ် ယခုထင်ပေါ်ကျော်ကြားနေသည်။ အာဆီယံနိုင်ငံများအကြားတွင်လည်း စီးပွားရေးအားကောင်းလာသော ထွန်းသစ်စနိုင်ငံဖြစ်လာနေသည်။ ထို့ကြောင့် ဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကျင်းပခွင့်ရခြင်းဖြစ်သည်။ ယခုနှစ် ဗီယက်နမ်ဖိုရမ်၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စတုတ္ထစက်မှုတော်လှန်ရေး" (Intrepreneurship and The Fourth Industrial Revolution)ဟူ၍ဖြစ်သည်။ ဖိုရမ်တွင် အစုအဖွဲ့ ဆွေးနွေးပွဲပေါင်း ၆၀ ခန့်ပြုလုပ်ခဲ့သည်ဟုသိရသည်။ ဒေသဆိုင်ရာပေါင်းစည်းရေးအစီအစဉ်အရ အာဆီယံနိုင်ငံများအတွက် မျှော်မှန်းချက်အသစ်များဖော်ထုတ်ခြင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် စီးပွားရေးပုံစံသစ်များနှင့် ခေါင်းဆောင်မှုရှာဖွေဖော်ထုတ်ခြင်း၊ အာဆီယံနိုင်ငံများအတွက် စီးပွားရေးပုံစံသစ်များနှင့် မောင်းနှင်အား သစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ဒေသဆိုင်ရာခေါင်းဆောင်မှုနှင့် ကမ္ဘာ့ခေါင်းဆောင်မှုအတွက် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ၏ ချဉ်းကပ်မှုနည်းလမ်းသစ်ရှာဖွေခြင်း၊ Smart Infrastructure ကျွမ်းကျင်မှုစွမ်းရည်လေ့ကျင့် မှု၊ စီးပွားရေးလုပ်ငန်းအရ အသစ်ထူထောင်သော လုပ်ငန်းများနှင့် ဆန်းသစ်မှုပြုလုပ်ခြင်းစသည့် အကြောင်းအရာများကို အစုအဖွဲ့ ဆွေးနွေးပွဲပေါင်း ၆၀ ခန့် ပြုလုပ်ခဲ့ကြသည်။ ဖိုရမ်၏ဆောင်ပုဒ်ဖြစ်သော "စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စတုတ္ထစက်မှုတော်လှန်ရေး" ဟူသည် အာဆီယံနိုင်ငံများအတွက် ဦးတည်ရည်စူးခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများ၏ တူညီသောအကျိုးစီးပွားအတွက်ပါ အကျုံးဝင်နေသည်ဟုဆိုသည်။ အာဆီယံနိုင်ငံများအဖွဲ့၏ ၂၀၁၈ ခုနှစ်အတွက် ဦးတည်ချက်ဆောင်ပုဒ် သတ်မှတ်ထားသည့် 'ကြံ့ကြံ့ခံနိုင်သည့် စွမ်းပကားရှိမှုနှင့် အာဆီယံ၏ ဆန်းသစ်ဖန်တီးနိုင်မှု'ဟူ၍ဖြစ်သည်။ ယခုဗီယက်နမ်ကမ္ဘာ့စီးပွားရေးဖိုရမ်ဆောင်ပုဒ်နှင့် အချိတ်အဆက်မိပြီး နှီးနွှယ်ဆက်စပ်ပတ်သက်နေသည်ဟုလည်း တက်ရောက်သူခေါင်းဆောင်အများက ဆိုကြသည်။

ယင်းဖိုရမ်မျက်နှာစုံညီအစည်းအဝေးသို့ အိမ်ရှင်ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူးကျောက်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ငုယင်စွမ်းဖုံ၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာဂျိုကိုဝီဒိုဒို၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဆန်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီစုလစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာပရာဂျင်ယွန်တောင်၊ မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံ မိတ်ဖက်နိုင်ငံများ၏ အကြီးအကဲခေါင်းဆောင်များ၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခကလပ်ရှဝပ်၊ စီးပွားရေးဆိုင်ရာထိပ်တန်းအရာရှိကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးများတက်ရောက်ကြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုဖိုရမ်အပါအဝင် ကမ္ဘာ့စီးပွားရေးဖိုရမ် (၃)ကြိမ်ကျင်းပခွင့်ရသော ရွေးချယ်ခံရသည့်နိုင်ငံဖြစ်သည်။ ဒေသဆိုင်ရာစီးပွားရေးဖိုရမ်အစည်းအဝေးအဖြစ် ၂၀၁၀ ပြည့်နှစ် အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်အဖြစ် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် မဲခေါင်ဒေသဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖြစ် ဒုတိယအကြိမ်နှင့် ယခုအာဆီယံဒေသဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်အဖြစ် တတိယအကြိမ်ကျင်းပရန် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)အကြောင်း နည်းနည်းပြန်ကြည့်မိသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF)ကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စီးပွားရေးအကျိုးအမြတ်မယူသော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖောင်ဒေးရှင်းတစ်ခုအဖြစ် ရည်ရွယ်ချက်ဖြင့်စတင်တည်ထောင်ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ဌာနချုပ်ဖွင့်လှစ်ထားသည်။ ကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်း ထင်ရှားကျော်ကြားသော နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ သိပ္ပံနှင့်နည်းပညာ ပညာရှင်ကြီးများနှင့် အခြားသောကဏ္ဍများက ထင်ရှားကျော်ကြားသော ခေါင်းဆောင်များတွေ့ဆုံကာ နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကဏ္ဍကြီးများအလိုက် အနာဂတ်အစီအစဉ်များရေးဆွဲအကောင်အထည်ဖော်သွားရန် ရည်ရွယ်ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဗီယက်နမ်ကမ္ဘာ့စီးပွားရေးဖိုရမ်ကတော့ နိုင်ငံပေါင်းစုံပါဝင်လှုပ်ရှားခွင့်ရှိသော ကုန်သွယ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ဦးတည်ကြိုးပမ်းနေသည်ဟု ဖိုရမ်၏အမှုဆောင်ဥက္ကဋ္ဌကဆိုသည်။ ထို့ပြင်ဖိုရမ်၏ဦးတည်ချက်ဆောင်ပုဒ်ပါအတိုင်း စတုတ္ထစက်မှုတော်လှန်ရေးကို မြှင့်တင်အားပေးလျက်ရှိသည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။ နိုင်ငံပေါင်းစုံ ပါဝင်လှုပ်ရှားခွင့်ရှိသောကုန်သွယ်ရေးစနစ်ကို ဖော်ဆောင်လျက်ရှိသည်ဆိုရာတွင် လာမည့်အနာဂတ်ကာလ၌ အထူးအရေးပါလာမည့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နိုင်ငံအားလုံး ထဲထဲဝင်ဝင်ပါဝင်လာရေးသည် အဓိကကျသည်။ စတုတ္ထစက်မှုတော်လှန်ရေးထဲ အားလုံး ပါဝင်နိုင်မှလည်း ကုန်သွယ်ရေးစနစ် အောင်မြင်နိုင်မည်ဟုလည်း ရှင်းပြပြောဆိုသည်။

သို့ဖြစ်ရာ စတုတ္ထစက်မှုတော်လှန်ရေးဟူသည် အဘယ်နည်း။ သိဖို့လိုလာသည်။ စတုတ္ထစက်မှုတော်လှန်ရေးဆိုသည်မှာ တတိယစက်မှုတော်လှန်ရေးကိုအခြေခံ၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟုတော့ အကြမ်းဖျင်းသိထားကြသည်။ တတိယစက်မှုတော်လှန်ရေးဟူသည် ကွန်ပျူတာကိုအခြေခံသော ဒစ်ဂျစ်တယ်စနစ် ခေတ်ပြောင်းတော်လှန်ရေးဖြစ်သည်ဟု ပညာရှင်များသတ်မှတ်ထားသည်။ ကမ္ဘာ့ခေါင်းဆောင်များ၊ ပညာရှင်များ တစ်ညီတစ်ညွတ်တည်းသတ်မှတ်ထားသောစက်မှုခေတ်ပြောင်းတော်လှန်ရေးများကို ပြန်လှန်လေ့လာကြည့်မိသည်။ ကမ္ဘာ့ပညာရှင်များသတ်မှတ်ထားသည့် စက်မှုတော်လှန်ရေး (၄)ခုရှိသည်။ ပထမစက်မှုတော်လှန်ရေး ၁၇၅၀ ပြည့်နှစ်က စတင်သည်ဟု သတ်မှတ်သည်။ ရေအား၊ ရေနွေးငွေ့ စွမ်းအားကို အသုံးပြုသည်။ စက်မှုခေတ်သစ်ထူထောင်သည်။ ဒုတိယစက်မှုတော်လှန်ရေး ၁၈၇၀ ပြည့်နှစ်က စတင်သည်ဟုဆိုသည်။ လျှပ်စစ်ဓာတ်အားကို ရှာဖွေတွေ့ရှိထုတ်လုပ်နိုင်ပြီဖြစ်၍ လျှပ်စစ်ဓာတ်အားကို အသုံးတွင်ကျယ်စွာပြုပြီး စက်မှုခေတ်သစ်တစ်ရပ် တစ်ဆင့်တက်ထူထောင်သည်။

တတိယစက်မှုတော်လှန်ရေး ၂၀ ရာစုအလယ်ပိုင်း ၁၉၅၀ ပြည့်နောက်ပိုင်းက စတင်သည်ဟုဆိုသည်။ ကွန်ပျူတာတီထွင်အသုံးပြုလာနိုင်ပြီဖြစ်၍ ကွန်ပျူတာသုံးဒစ်ဂျစ် တယ်နည်းပညာဖြင့် စက်မှုခေတ်သစ်တစ်ခု အဆင့်တက်ထူထောင် သည်။ စတုတ္ထစက်မှုတော်လှန်ရေး ၂၁ ရာစုသည် စတုတ္ထစက်မှုတော် လှန်ရေးကူးပြောင်းခြင်းအချိန်ကာလများဟုဆိုသည်။ ကွန်ပျူတာ ဒစ်ဂျစ်တယ်နည်းပညာကိုအခြေခံသည်။ အင်တာနက်ကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချသည်။ နာနိုနည်းပညာ၊ ဘိုင်အိုနည်းပညာ၊ စက်ရုပ်အလုပ်သမားများအသုံးပြုသည်။ မှတ်ဉာဏ်တု နည်းပညာကိုလည်း တည်ဆောက်အသုံးချသည်။ စတုတ္ထစက်မှုတော်လှန် ရေးတွင် အဆင့်မြင့်သော နည်းပညာများစုဝေးပေါင်းစုံလာသည်။ နည်းပညာအသစ်များလည်း ထပ်မံပေါ်ထွန်းနေသည်။ အလိုအလျောက် စနစ်များက လုပ်ငန်းများကို ဦးဆောင်စီမံခန့်ခွဲ လုပ်ကိုင်သွားမည်။ ယင်းသည် စတုတ္ထစက်မှုတော်လှန်ရေး၏ သဘော သဘာဝများဖြစ်သည်။ ယခုဗီယက်နမ်ကမ္ဘာ့စီးပွားရေးဖိုရမ်က နိုင်ငံ အသီးသီးအား စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းသည့် ခေတ်ကြီးထဲရောက်နေပြီဖြစ်ကြောင်း တပ်လှန့်လိုက်ခြင်းဖြစ်သည်။ စတုတ္ထစက်မှုတော်လှန်ရေးတွင် ခေတ်နောက်ကျမကျန်စေရန်မှာ အဓိကအရေးကြီးသည်က လူသားအရင်းအမြစ်စွမ်းဆောင်ရည်က အဓိကကျသည်။ လူသားအရင်းအမြစ် စွမ်းဆောင်ရည်မြင့်ရေးသည် ပညာရေးစနစ်တွင် မူတည်နေပါကြောင်း စသည်ဖြင့် လေ့လာ ရေးသားတင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



# ဖိလစ်ပိုင်နိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှုကြောင့် မြေပြိုသဖြင့် လူလေးဦးသေဆုံးပြီး လူများစွာပိတ်မိ

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် စက်တင်ဘာ ၂၀ ရက်က မိုးများစွာရွာသွန်းမှုကြောင့် မြေပြိုကာအနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ပြီးခြောက်ရက်ကြာဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် လူပေါင်းများစွာ ပိတ်မိ နေခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း စီဘူးကျွန်းရှိ နာဂါမြို့၏ ဆင်ခြေဖုံးဒေသတွင် မိုးရွာသဖြင့်ပြိုကျသော ကျောက်တုံးကြီးများနှင့် မြေများ၏ကြားတွင် အိမ်အချို့ပိတ်မိနေခဲ့ပြီးနောက် ရွာသားလေးဦးကို အသက်ရှင်လျက်ဆွဲထုတ်ခဲ့ရသည်။

မြေပြိုသည့်အတွက် အိမ် ၂၀ ခန့်နစ်မြုပ်ခဲ့ရပြီး အိမ်များအတွင်း၌ လူအားလုံးပိတ်မိနေခဲ့ရကြောင်း ဒေသဆိုင်ရာရဲအရာရှိတစ်ဦးက သတင်းထောက်များကိုပြောသည်။ လူပေါင်း ၅၀ မှ ၈၀ ခန့်အထိ ပျောက်ဆုံးနေသဖြင့် ကယ်ဆယ်ရေးသမားများကရှာဖွေနေကြောင်းမြို့တော်ကောင်ဆယ်လာ ကာမီလီနိုခရိုက အေအင်န်စီသတင်းချန်နယ်တစ်ခုကိုပြောသည်။

နိုင်ငံခြားသားခရီးသွားများအကြား နာမည်ကြီးသော စီဘူးကျွန်းပေါ်ရှိ တီနာအန်းမြို့တွင်းရှိ သဘာဝဘေးဒဏ်ကျရောက်သောနေရာသို့ အရေးပေါ်လုပ်သားများရောက်လာသည်။ ရက်ပေါင်းများစွာ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ်စောက်သော ကမ်းပါးတစ်ခုပြိုကျပြီးနောက် ယခုအခါတွင် အသက်ရှင်ကျန်မည့်သူများအားရှာဖွေရေးသမားများက အပြင်းအထန် ရှာဖွေလျက်ရှိသည်။

အလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိကြောင်းနှင့် အနည်းငယ် ဒဏ်ရာရရှိသူအချို့ကို ဆေးရုံတင်ပို့ခဲ့ရကြောင်း မြို့ပြကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂျူးလီယက်ရက်ဂနာကပြောသည်။

တောင်ကုန်းနိမ့်များ ရှည်လျားစွာ သွယ်တန်းနေသော စီဘူးမြို့တွင် မြေပြိုသည့်ဖြစ်ရပ်မျိုးမှာ ဖြစ်ခဲသော ဖြစ်ရပ်မျိုးဖြစ်ကြောင်း ဒေသတွင်းရှိ မြို့ပြကာကွယ်ရေး အရာရှိများကပြောသည်။

**စံမီအောင်**

## မော်တော်ဆိုင်ကယ်အနောက်ပိုင်းနှင့် ဆိုင်ကယ်စီးဦးထုပ် နောက်တွင် ရောင်ပြန်ကပ်ခြင်းအတွက် အစီအမံများ ချမှတ်

စတုတ္ထအကြိမ် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီက မော်တော်ဆိုင်ကယ် မတော်တဆမှုများသည် ညအချိန် မီးမပါ ရောင်ပြန်မပါ၍ ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသဖြင့် ဆိုင်ကယ်အနောက်ပိုင်းနှင့် ဆိုင်ကယ်စီးဦးထုပ် နောက်တွင် ရောင်ပြန် Sticker များ ကပ်ပေးရေးနှင့် လိုက်နာမှုမရှိပါက စစ်ဆေးအရေးယူရန် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီအမံများ ချမှတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အများ ပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်သွားလာနေသော မော်တော်ဆိုင်ကယ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ကယ် အနောက်ပိုင်းနှင့် ဆိုင်ကယ်စီးဦးထုပ်တွင် ရောင်ပြန် Sticker များကပ်ခြင်းနှင့် လိုက်နာမှုမရှိပါက စစ်ဆေးအရေးယူခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာတို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ၇၈ လမ်း ရန်ကုန်-မန္တလေးလမ်း မော်တော်ဆိုင်ကယ်လမ်းပေါ်တွင်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ် ၆၂ လမ်း မနော်ရမ္မံပန်းခြံရှေ့တွင်လည်းကောင်း ရောင်ပြန် Sticker များ ကပ်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်မတော်တဆမှု ၉၂၆၅ မှုရှိခဲ့ပြီး မော်တော်ဆိုင်ကယ်ကြောင့် ၄၄၈၂ မှု ဖြစ်ပွားရာ ညအချိန် မီးမပါ ရောင်ပြန်မပါ၍ ဆိုင်ကယ်မတော်တဆမှု ပိုမိုဖြစ်ပွားကြောင်း သိရသည်။ **မောင်ပြည်သူ**


## မန္တလေး ကညနရုံးများတွင် ယာဉ်သက်တမ်းတိုးနှင့် ယာဉ်စစ်ရက်ချိန်းရယူလျက်ရှိ၊ Online Booking စနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှ စတင် ဆောင်ရွက်မည်



ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး (မြောက်ပိုင်း) နှင့် မန္တလေး (တောင်ပိုင်း)ရုံးများတွင် နေ့စဉ် နှစ်လဲမှတ်ပုံတင် သက်တမ်းတိုး ယာဉ်စီးရေနှင့် မော်တော်ယာဉ် မှန်ကန်မှု ရှိ/မရှိ စစ်ဆေးသည့် ယာဉ်စီးရေများပြားသဖြင့် လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး၊ လာရောက် ဆောင်ရွက်သူပြည်သူများ အဆင်ပြေ စေရေးအတွက် နှစ်လဲမှတ်ပုံတင် သက်တမ်းတိုး ယာဉ်စစ်ရက်ချိန်းရယူခြင်းနှင့် မော်တော်ယာဉ် မှန်ကန်မှု ရှိ/မရှိ ယာဉ်စစ်ရက်ချိန်းရယူခြင်းကို www. rtad.gov.mm Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ဖြင့် အောက်တိုဘာ တစ်ရက်မှ စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယာဉ်ပိုင်ရှင်များသည် စက်တင်ဘာ ၂၈ ရက်မှစတင်ပြီး ယာဉ်စစ်ရက်ချိန်းကို Online Booking စတင် ဆောင်ရွက်နိုင်ပြီး အနည်းဆုံး သုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ဆောင်ရွက်နိုင်သည်။ Online Booking စနစ်ကို နှစ်လဲမှတ်ပုံတင်ယာဉ်များသာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ထော်လာဂျီယာဉ်များ၊ နှစ်တန်အထက် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား Online Booking ဆောင်ရက်ရန်မလိုဘဲ ယခင်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

နှစ်လဲသက်တမ်းတိုးခြင်းကို ရုံးဖွင့်ရက်တွင် နံနက် ၉ နာရီမှ မွန်း တည့် ၁၂ နာရီအထိနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ နှစ်ကြိမ်ခွဲ၍ တောင်ပိုင်းခရိုင်ရုံးတွင် နံနက်ပိုင်း ၁၅၀ စီး၊ မွန်းလွဲပိုင်း ၁၂၅ စီး၊ မြောက်ပိုင်းခရိုင်ရုံးတွင် နံနက်ပိုင်း ၂၀၀ စီးနှင့် မွန်းလွဲပိုင်း ၁၇၅ စီးဆောင်ရက်ပေးမည်ဖြစ်သည်။ အခက်အခဲရှိသူများအတွက်လတစ်လ၏ နောက်ဆုံးရုံးဖွင့်ရက် နှစ်ရက်ကို Online Booking ရက်ချိန်းယူ ရန်မလိုဘဲဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ**



## တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ သန်းကျော်ဖိုးရှိ ရော်ဘာ တန်ချိန် နှစ်ထောင့်ငါးရာ တင်ပို့

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၄၀၀ကို မူဆယ်(၁၀၅)မိုင်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့ရာ မူဆယ်မှ RSS-3 အမျိုးအစား တန်ချိန် ၁၃၀၀ နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Latex 60% DRC အမျိုးအစား တန်ချိန် ၁၀၀ တင်ပို့ ခဲ့ကြောင်း သိရှိရပါတယ်။

ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက မူဆယ်မှ ၄၈၅ တန် ပိုမို တင်ပို့ခဲ့ပြီး၊ တာချီလိတ်စခန်းမှ ယခင်တစ်ပတ်က ရော်ဘာတင်ပို့မှု မရှိတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၄၈၃ သိန်းဖြစ်ပြီး ယခင်တစ်ပတ် ဈေးထက် တစ်တန်ကို ကျပ် ၁၉၄၂၆ ဈေးတက်ကြောင်း သိရပါတယ်။

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိကာလအတွင်းပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၃ သန်း တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၁၁၀၀ ကျော်ကို မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရတယ်။ မလေးရှားနိုင်ငံသို့ RSS-3 အမျိုး အစား တန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၄၀၃ တန်ကျော်၊ ဗီယက်နမ်နိုင်ငံသို့ MSR-20 နဲ့ RSS-3 အမျိုးအစား ၄၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၀၈၂ တန် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ် ၁၈ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ယခုတစ်ပတ် ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃၃ သန်းနဲ့ တန်ချိန် ၂၅၀၀ ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်သာ ရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ် ဈေးအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်း ထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာတီဂါ (၂၀၁၇) | L | ၂၆၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပါဂျဲရိုး (၂၀၀၀) | G | ၃၂၀ သိန်း | ၂.၇ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၃) | F | ၃၃၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ပရိုဘောက် (၂၀၁၁) | H | ၁၉၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အေဒီဗင် (၂၀၀၉) | I | ၁၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | နီဆန်း လာတီယို(၂၀၁၂) | J | ၁၇၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဘယ်လ်တာ (၂၀၁၀) | န | ၁၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါဖစ်(ဂျီပီ-၁) (၂၀၀၉) | H | ၁၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | | ၁၂၀ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | (၁၃ x ၆၀)ပေ (၄) လွှာ | ပါကေးခင်း | ၂၅၀ သိန်း | ပြင်ဆင်ပြီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလလရပ်ကွက် | (၁၂.၅ x ၄၅ )စ/ပေ | လျှာထိုးခင်း၊ ခန်းဖွဲ့ (၃)ထပ် | ၆၇၀ သိန်း | လမ်းမနီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | ကွန်ဒို | ပြည်ရိပ်သာကွန်ဒို၊ ကမာရွတ်မြို့နယ် | ၂၀၀၀ စ/ပေ | MB(2) BR(2) | ၂၇၀၀ သိန်း | ဓါတ်လှေကားပါ၊ ပြင်ဆင်ပြီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | မြေ | ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်အနီး | ၁ ဧက | မြေသီးသန့်၊ ခြံခတ်ပြီး | ၂၅၀၀ သိန်း | ဆိပ်ကမ်းအနီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | ၁၁၀၀ စ/ပေ | အခန်းဖွဲ့၊ ပါကေးခင်း (၄)လွှာ | ၉၅၀ သိန်း | လမ်းမပေါ် | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ လမ်းသွယ် (၆) | မြေ ၆၄၀၀ စ/ပေ အိမ် (၄၀ x ၃၀)ပေ | MB(2) MB(3) | ၂၀ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ အင်းဝလမ်း | (၄၀ x ၆၀)ပေ | BN (၂) ထပ်အိမ် | ၃၆၀၀ သိန်း | လမ်းသန့် | ၀၉/၉၇၆၂၀၀၀၂၃ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့၊ ညောင်နီရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့်၊ ဝင်းခတ်ပြီး | ၁၃၅ သိန်း | ရွာမြေ မြို့ရှောင်လမ်းနီး | ၀၉/၅၁၁၇၂၆၂ |

## ရေဦးမြို့နယ်တွင် သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)ဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံးတွင် စက်တင်ဘာ ၁၆ ရက်က မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစန်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံ ပန်းမန်စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစိုးလွင်တို့ ဦးဆောင်ကာ ရေဦးမြို့နယ်ရှိသရက်စိုက်ပျိုး ထုတ်လုပ်သူ ၂၃ ဦးနှင့်တွေ့ဆုံပြီး ရေဦးမြို့နယ် သရက်စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို အလုပ်အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစန်းလင်းက 'စိန်တလုံး'သရက်သည် ရာသီသရက် မျိုးဖြစ်၍သူ့ရာသီတွင်သာ သီးပွင့်ကြောင်း၊ 'နန်းတော်မှိုင်း' သရက်မျိုးမှာ ရာသီမရွေး သီးပွင့်အောင်စိုက်ပျိုး ဆောင်ရွက်နိုင်သည်ဟု သိရှိရသဖြင့် မိမိခြံတွင် စမ်းသပ်စိုက်ပျိုးထားကြောင်း၊ 'ရွှေဟင်္သာ'သရက်မျိုးမှာ အထားခံသဖြင့် ခရီးဝေးတင်ပို့ရာတွင် အဆင်ပြေကြောင်း၊ ယခုမိမိခြံတွင် 'နန်းတော်မှိုင်း' သရက်မျိုးနှင့် 'ကျင့်ဝှမ်း' သရက်မျိုးများကို စမ်းသပ်စိုက်ပျိုးထားကြောင်း၊ အောင်မြင်လာပါက မြို့နယ်များသို့ ဆက်လက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း နိုင်ငံတကာစျေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် (GAP)လက်မှတ် ရရှိအောင်ဆောင်ရွက်ထားသင့်ကြောင်း စသည့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ညွန့် (ရေဦး)**

## ကယားပြည်နယ် ဖရူဆိုမြို့နယ် ဟိုယာကျေးရွာတွင် ချဉ်ပေါင်ဖာလာ အစုအဖွဲ့ ဖွဲ့စည်း

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ချဉ်ပေါင်ဖာလာ စိုက်ပျိုးတောင်သူများအစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်တွင် ကယားပြည်နယ် ၊ ဟိုယာကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားကို စားသုံးသူရေးရ ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဟိုယာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ချဉ်ပေါင်ဖာလာ စိုက်ပျိုးတောင်သူများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော ချဉ်ပေါင်ဖာလာ စိုက်ပျိုးတောင်သူများက လက်ရှိအချိန်တွင် စိုက်ပျိုးရေးနည်းပညာ အကူအညီများ လိုအပ်နေကြောင်း၊ ပြည်နယ်အဆင့်၊ တိုင်းအဆင့်နှင့် ပြည်တွင်း/ပြည်ပများတွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတွင် ပါဝင်တက်ရောက်လိုပါကြောင်း၊ ပြည်တွင်း/ပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီများ၊ ချေးငွေ အထောက်အပံ့များ ရရှိလိုပါကြောင်း၊ သီးနှံပေါ်ချိန်တွင် စျေးကွက်/စျေးနှုန်းကောင်းများမရရှိခြင်း စသည့် အချက်အလက်များဆွေးနွေးခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်မြို့ရီက စားသုံးသူ များ၏ အခွင့်အရေးများ၊ တောင်းဆိုရယူပိုင်ခွင့်များ ၊ စားသုံးသူများ သတိပြုရမည့်အချက်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲရေးနှင့် ပြစ်ဒဏ်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ဟိုယာဒေသ ချဉ်ပေါင်ဖာလာ စိုက်ပျိုးတောင်သူများမှ ချဉ်ပေါင်ဖာလာ စိုက်ပျိုးတောင်သူများ အစုအဖွဲ့ EC/CEC များ ရွေးချယ်ကာ ဥက္ကဋ္ဌအဖြစ် ဟိုယာကျေးရွာမှ ဦးကရ်လို၊ အတွင်းရေးမှူးအဖြစ် ဒိုရော/အထက်ကျေးရွာမှ ဦးစကိုနို၊ ဘဏ္ဍာရေးမှူးအဖြစ် ဒိုရော/အထက်ကျေးရွာမှ ဦးရီးချက်နှင့် စာရင်းစစ်အဖြစ် ဟိုယာကျေးရွာမှ ဦးလွိဇီး တို့ကို တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း သိရပါသည်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## ထားဝယ်မြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံများတွင် တရားမဝင်ဆေးဝါး၊ စံမညီဆေးဝါးနှင့် ကုန်မျိုးစုံအရောင်းဆိုင်များတွင် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သည့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီသည် စက်တင်ဘာ ၁၈ ရက်တွင် ထားဝယ်မြို့ပေါ်ရှိပုဂ္ဂလိကဆေးရုံသုံးခုတွင် တရားမဝင်ဆေးဝါး၊ စံမညီဆေးဝါးများ ရောင်းချနေမှု ရှိ/မရှိနှင့် စက်တင်ဘာ ၁၉ ရက်တွင် ထားဝယ်မြို့ပေါ်ရှိ ကုန်မျိုးစုံအရောင်းဆိုင်များတွင် စားသုံးရန်မသင့်ကြေညာထားသော အစားအသောက်များ ရောင်းချ မှု ရှိ/မရှိကို ရှောင်တခင် ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ထားဝယ်မြို့ပေါ်ရှိ ကုန်မျိုးစုံအရောင်းဆိုင်(၉)ဆိုင်၌ ကျန်းမာရေးဝန်ကြီးဌာနမှ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြော်ငြာထားသော ငရုတ်ဆီများနှင့် သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိခဲ့ရာ ဆိုင်ရှင်များအား အဆိုပါစားသောက်ကုန်ပစ္စည်းများကို နောက်နောင် ရောင်းချခြင်းမပြုရန်နှင့် ရောင်းချခြင်းပြုပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ခံဝန် ကတိလက်မှတ်ရေးထိုးစေခဲ့သည်ဟု သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ အောက်တိုဘာလတွင် ကျင်းပမည်

မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ပို၍ ချိုသာသော စျေးနှုန်း၊ မြင့်မားသော အရည်အသွေး၊ ဆန်းသစ်သော ဒီဇိုင်း၊ ထိရောက်သောဝန်ဆောင်မှုများနှင့် မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ ၂၀၁၈ (Myanmar International Furniture Expo 2018) ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမမှာ ကျင်းပသွားမယ်လို့ သတင်းရရှိပါတယ်။

**(TIR Myanrtrade)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၄-၉-၂၀၁၈ မှ ၃၀-၉-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းကိစ္စများကို တာဝန်ကျေပွန်စွာလုပ်ကိုင်ဆောင်ရွက်တတ်သည်။ စီးပွားရေး လုပ်ငန်းများတွင် တွင်းထွက်ရတနာပစ္စည်းများနှင့် ပတ်သက်သောကြေးနီ၊ ရွှေလုပ်ငန်းများ အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးတွင် လုံ့လဝီရိယအားကောင်းနေမည်။ အချစ်ရေးတွင် မျှော်လင့်နေရတတ်သည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်၏ဦးစီးမှုခံရတတ်သည်။ ကျန်းမာရေးအနေဖြင့် ရိုးတွင်းချဉ်ဆီအားနည်းသော ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ကြေးစည်လှူပါ။**



**တနင်္လာသားသမီးများအတွက်** တောတောင်အရပ်များသို့ လှည့်လည်သွားလာသောအလုပ်များကို ပိုမိုစိတ်ဝင်စားမှုရှိနေတတ်သည်။ ဥယျာဉ်ခြံမြေလုပ်ငန်း၊ သစ်သီးဝလံ၊ ပန်းမာန်ကောက်ပဲသီးနှံလယ်ယာလုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ချစ်သူ၏လမ်းခွဲမှုကိုခံရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်နေလိမ့်မည်။ အခက်အခဲများကို ကျော်လွှားရတတ်သည်။ ကျန်းမာရေးအနေဖြင့် အအေးမိ၍ ဝမ်းဖောဝမ်းရောင်ဖြစ်တတ်သည်ကိုသတိရှိသင့်သည်။

**ယတြာ။ ။အိုးစည်သော့ချိတ်လှူပါ။**




**အင်္ဂါသားသမီးများအတွက်** အရည်အချင်းရဲရင့်တည်ငြိမ်နေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ဘာသာရေးဆိုင်ရာသက်နိုးတိုက်ပရိက္ခရာပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြင့် စီးပွားဖြစ်ထွန်းမှုအားကောင်းတတ်ပါသည်။ ပညာထက်မြက်နေမည်။ အချစ်ရေးအတိုက်အခံပြုရတတ်သည်။ အိမ်ထောင်ပြုရန် ကြန့်ကြာနေမည်။ ကျန်းမာရေးအနေဖြင့် လေးဘက်နာရောဂါဝေဒနာခံစားရမှုရှိတတ်သည်။ ခေါင်းခဲခြင်းလည်းဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ ဆီထမင်းလှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စကားပြောရာတွင် လိမ္မာပါးနပ်မှုရှိနေမည်။ သိပ္ပံပညာအတတ်ကျွမ်းကျင်မည်။ မင်္ဂလာအခမ်းအနားပြင်ဆင်ခြင်း၊ အလှပြုပြင်ခြင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ စီးပွားဖြစ်ထွန်းနိုင်သည်။ ပညာရှိသူတို့၏ ချီးမြှောက်ခြင်းခံရလိမ့်မည်။ ပညာဉာဏ်အားကောင်းသည်။ အချစ်ရေးတွင် သိုသိုသိပ်သိပ်နှင့်တစ်ဖက်သတ်ချစ်နေရတတ်သည်။ အိမ်ထောင်ရေးပဋိပက္ခရှိလိမ့်မည်။ သည်းခံမှုရှိနိုင်မှသာယာလိမ့်မည်။ ကျန်းမာရေးချူချာနေတတ်သည်။

**ယတြာ။ ။တံမြက်စည်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အကျင့်သီလသိက္ခာရှိမှုကြောင့် မင်းတိုင်ပင်အမတ်တို့၏အားကိုးလေးစားမှုကို ရရှိလိမ့်မည်။ မင်းမှုထမ်းလုပ်ငန်းဖြင့် ရာထူးဌာနမြင့်မားလာတတ်သည်။ နိုင်ငံရပ်ခြားခရီးသံတမန်ဆက်သွယ်ရေးများ အောင်မြင် ပြည့်ဝမှုရရှိလိမ့်မည်။ ပညာရေးကောင်းသည်။ အချစ်ရေးတွင် သဘောထားကြီး သင့်သည်။ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် နှလုံး၊ အကြော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။အများသုံးရေအိုးစင်၊ ရေခွက်လှူပါ။**



**သောကြာသားသမီးများအတွက်** ခန္ဓာကိုယ်အချိုးအစားအလှအပကို ပြုပြင်ထိန်းသိမ်းနိုင်စွမ်းရှိနေလိမ့်မည်။ စီးပွားရေးတွင် စားသောက်ကုန်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်တင်ယာဉ်များဖြင့် စီးပွားဖြစ်ထွန်းမှုအား ကောင်းတတ်ပါသည်။ ပညာဉာဏ်ထက်မြက်ကောင်းမွန်နေမည်။ အချစ်ရေးတွင် ဝေဝါးနေမည်။ ချစ်သူများဝိုင်းရံနေသောကြောင့် အိမ်ထောင်ပြုရန် ခက်ခဲသောသဘောရှိလိမ့်မည်။ ကျန်းမာရေးတွင် လေ၊ သလိပ်အားကြီးသော ဝေဒနာဖြစ်တတ်ပါသည်။

**ယတြာ။ ။ နို့ဒိန်ခဲလှူပါ။**



**စနေသားသမီးများအတွက်** ကြိုးစားမှုရှိသော်လည်း စစ်မရောက်ခင် မြားကုန်သကဲ့သို့ ရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ပန်းပုလုပ်ငန်း၊ ယွန်းထည်လုပ်ငန်းများ အကျိုးပေးမှုရှိနေတတ်ပါသည်။ ပညာဉာဏ်ထိုင်းမှိုင်းမှုရှိနေလိမ့်မည်။ အချစ်ရေးစိတ်ဝင်စားမှုရှိနေပြီး၊ စိတ်ကူးနှင့်အကောင်အထည်ဖော်နေလိမ့် မည်။ အိမ်ထောင်ပြုရန် ရည်ရွယ်ပြီး ပျက်တတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိ၊ နား၊ သွားတို့တွင် ရောဂါဖိစီးတတ်သည်။

**ယတြာ။ ။ ရေသန့်လှူပါ။**

# ချင်းတွင်းမြစ်ကမ်းဘေးရှိ အိုးလုပ်ငန်းများဝင်ငွေကောင်းနေ

မိုးရာသီကုန်လို့ သဲသောင်ပြင်များပေါ် ထွန်းချိန်ဆောင်းဦးရာသီအစမှာ မင်းကင်းမြို့နယ် ကုန်းရင်းကျေးရွာ၊ အနောက်တောကျေးရွာရှိမြေအိုးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကုန်ကြမ်းမြေများ စုဆောင်း နေကြပြီးလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြပါသည်။ ဘိုင်ရွာကိုအစွဲပြု ၍ ဘိုင်အိုးဟုခေါ် ဆိုပြီး ချင်းတွင်းတစ်ရိုးမှာ ဈေးကွက်ဝင်နေသည့် အိုးများကို ဒေသအခေါ် သံမှိုတောင်မြေ၊ ဒိုင်ဖို အိုင်မြေ၊ ဘိုင်မြေနီတို့ဖြင့် အိုးစိမ်းပြုလုပ်ပြီး အိုးဖုတ်ကြပါတယ်။ လောင်စာအဖြစ် ကောက်ရိုး၊ ထင်းခွံများ အသုံးပြုလျက် နှစ်စဉ်အောက်တိုဘာလမှ မတ်လအထိ ထုတ်လုပ်ကြပါသည်။ အိုးလုပ်ငန်းအစုအဖွဲ့ နှစ်ဖွဲ့ရှိပြီး အသင်းသား ၆၀ ဦးခန့်မှ သောက်ရေအိုး၊ ဟင်းအိုး၊ ပန်းအိုး၊ ပေါင်းအိုးအမျိုးမျိုး သုံးသိန်းခန့်ထုတ်လုပ်နိုင်၍ ဈေးကွက်အနေဖြင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝမြို့နယ်များ၊ ကလေးမြို့နယ်၊ တမူးမြို့နယ်များအထိ တင်ပို့သော အရွယ်အစားအလိုက် ဈေးနှုန်းသတ်မှတ်ရောင်းချခြင်းဖြင့် အိုးလုပ်ငန်းလုပ်ကိုင်သူတို့ အလုပ်အကိုင် အခွင့်အလမ်း ရရှိလာသလိုဝင်ငွေကောင်းသောကာလသို့ ရောက်ရှိနေကြောင်း သိရပါတယ်။

**ဌေးဝင်း( မင်းကင်း )**

# တောင်ကြီးမြို့တွင် ဂျပန်ကုန်စည်နှင့်မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဆိုင်ရာပြပွဲ ဖွင့်လှစ်ပြသ

ဂျပန်ကုန်စည်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဆိုင်ရာပြပွဲကို စက်တင်ဘာ ၂၀ ရက်နေ့ နံနက် ၉း၀၀ နာရီအချိန်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိပြည်နယ်အားကစားခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် ဂျပန်ကုန်စည်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဆိုင်ရာပြပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရန်တစ်လုံ၊ JETRO (Japan External Trade Organization) မှ Deputy Managing Director ဦးစိုင်းစိုးလေး၊ Myanmar Promotional Service မှ Managing Director ဦးဇာနည်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရန်တစ်လုံနှင့် တာဝန်ရှိသူများသည် ဂျပန်ကုန်စည်နှင့်မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဆိုင်ရာပြပွဲခန်းမအတွင်းတွင် ခင်းကျင်းပြသထားသောကုန်စည်များကို လိုက်လံကြည့်ရှု အားပေးခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ဂျပန်ကုန်စည်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဆိုင်ရာ ပြပွဲတွင် ကုမ္ပဏီပေါင်း ၂၀ ကျော်၊ ဆိုင်ခန်းပေါင်း ၅၀ ကျော်တို့က ခင်းကျင်းပြသထားသော ဂျပန်နိုင်ငံထုတ် ကုန်စည်နှင့် မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများ၊ အလှကုန်နှင့် ဆေးဝါးပစ္စည်းမျိုးစုံ၊ စားသောက်ကုန်မျိုးစုံတို့ကို စက်တင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသ ရောင်းချခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

# ဈေးတက်လာတဲ့ ဒူးရင်းသီးနဲ့ မင်းဂွတ်သီး



ဒူးရင်းသီးသည် သံတောင်ကြီး ဒေသ (လိပ်သို၊ ဘောဂလိ၊ တောပြာကြီး) ကျေးရွာများမှ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ဖြိုင်ဖြိုင်ပေါ်ပြီး ဒူးရင်းသီး အလုံး ၁၀၀ ဈေးမှာ ကျပ် ၂၀၀၀၀၀ ဖြစ်ကာ ယခုစက်တင်ဘာလတွင် အလုံး ၁၀၀ ဈေးမှာ ကျပ် ၂၅၀၀၀၀ ဖြစ်၍ ယခင်လများထက် ဈေးအနည်းငယ်တက်လာကြောင်း သိရသည်။ ဈေးတက်လာရခြင်းမှာ ဒူးရင်းသီးအထွက်နှုန်း လျော့နည်းလာခြင်းကြောင့်ဖြစ်ကြောင်း၊ တောင်ငူဒူးရင်းသီးပွဲရုံများ အနေဖြင့် သံတောင်ကြီးဒေသမှ လာရောက်ရောင်းချမှုအပေါ် ပျမ်းမျှတစ်လုံး ကျပ် ၅၀၀ ခန့် အမြတ်ရရှိနေကြောင်း၊ သင့်တော်သော အကျိုးအမြတ်ရရှိသည့် သီးနှံဈေးကွက်တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ မင်းဂွတ်သီးမှာလည်း သံတောင်ကြီးဒေသမှ ထွက်ရှိသည့် သီးနှံတစ်မျိုးဖြစ်ပြီး တောင်ငူဈေးကွက်၌ ဒူးရင်းသီးနှင့် အပြိုင်ပေါ် ထွက်လာခြင်း ဖြစ်ပါတယ်။ မင်းဂွတ်သီးအလုံး ၁၀၀ ဈေးမှာ ကျပ် ၇၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ဈေးရှိပြီး မင်းဂွတ်သီးပွဲရုံများအနေဖြင့် ပြန်ရောင်းဈေးမှာ ကျပ် ၁၀၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ ရရှိနေကြောင်း လေ့လာသိရှိရပါတယ်။

**ကျော်ကျော် (တောင်ငူ)**

# နတ်မောက်နှင့် ကျောက်ပန်းတောင်းတွင် ခရမ်းချဉ်သီး လှိုင်လှိုင်ပေါ်နေ

နတ်မောက်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တွင် ခရမ်းချဉ်သီးဈေးကျနေသော်လည်း အဆိုပါဒေသရှိ တောင်သူများနှင့် ပွဲစားများက စိုက်ခင်းအထိ လိုက်လံဝယ်ယူမှုများကြောင့် တွက်ခြေကိုက်နေကြောင်း သိရသည်။

“ဩဂုတ်လဆန်းက ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၁၅၀၀ ရောင်းချရတယ်။ အဲဒီအချိန်က ပေါ်ဦးပေါ်ဖျားမို့ တောင်သူတွေ ဈေးကောင်းမိပေမယ့် ဆယ်ပိဿာကနေ ပိဿာသုံးဆယ်လောက်ပဲ ပျမ်းမျှရောင်းခဲ့ရတာပါ။ ဩဂုတ်လနောက်ဆုံးပတ်မှာတော့ ကျပ် ၅၀၀ ရတယ်။ ယခု ကျပ် ၃၀၀ ဈေးရောင်းတယ်၊ စုစုပေါင်း ကျပ်သုံးသိန်းရတော့ တော်သေးတယ်”ဟု နတ်မောက်မြို့နယ်က တောင်သူနှစ်ဦးက ပြောသည်။

ယခုခရမ်းချဉ်အသစ်ဈေးကွက်မှာ ခရမ်းချဉ်သီးတွေ စုပြုံဝင်လာ၍ ကျပ် ၄၀၀ လက်လီဈေးနှင့် ဈေးကျနေကြောင်း၊ ဒိုင်ဈေးမှာ ကျပ် ၃၀၀သာရှိကြောင်း၊ ကျေးရွာအထိ လိုက်လံဝယ်နေရကြောင်း ရေနံချောင်းမြို့နယ်က ပွဲစားများထံက သိရသည်။ **ရွှေဇင်**




**စာမျက်နှာ (၁၃) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လထိ ဆန်နှင့်ဆန်ကွဲ၏ . . . . . . မှအဆက်**

နှုန်း ) ဝယ်ယူခဲ့ရာမှ ယခင်ဘဏ္ဍာနှစ်တွင် ဝယ်ယူမှု (၁၅ ရာခိုင်နှုန်း) အထိရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၈ ခုနှစ်၊ ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ်၏ ဆန်တင်သွင်းမှုတန်ချိန် (၃ ဒသမ ၇) သန်းရှိခဲ့ပြီး စံချိန်တင် ပမာဏဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အာရှဈေးကွက်အပြင် ကမ္ဘာ့ဈေးကွက်ရှိအခြားသောနိုင်ငံများ၏ ဆန်ဈေးကွက်အခြေအနေကို လေ့လာကြည့်ပါမူ အာဖရိကဒေသသည် ဆန်စားသုံးမှုမြင့်မားသဖြင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် တင်သွင်းမှု မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း တင်သွင်းသောနိုင်ငံများတန်ဖိုး၏ ၂၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း ခန့်သည် အာဖရိကနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ပြီး အဓိကအားဖြင့် ဆပ်ဆာဟာရ အာဖရိကဒေသရှိနိုင်ငံများ၏လိုအပ်ချက်အရ ဖြစ်ပါသည်။ အာဖရိကဒေသတွင် နှစ်စဉ်ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှု အနေဖြင့် ပျမ်းမျှ ၇ ဒသမ ၃ ဟက်တာဧကပေါ်တွင် တန်ချိန် ၁၄ ဒသမ ၆ သန်း ထုတ်လုပ်နိုင်ပြီး၊ ကမ္ဘာ့ဆန်ထုတ်လုပ်နိုင်မှု၏ ၂ ဒသမ ၆ ရာခိုင်နှုန်းရှိသော်လည်း စားသုံးမှု နှုန်းသည် ထုတ်လုပ်နိုင်စွမ်းထက် မြင့်မားသဖြင့် တင်သွင်းမှုများခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံထံမှ ဆန်အများဆုံးတင်ပို့ရသည့် နိုင်ငံများတွင်လည်း အနောက်အာဖရိက နိုင်ငံများ ပါဝင်လျက်ရှိပါသည်။

USDA Website တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် ဖော်ပြထားသည့် ကမ္ဘာ့ဆန်ဈေးကွက် သုံးသပ်ချက်ဆောင်းပါးတွင် ပါရှိသောအချက်အလက်များအရ ကမ္ဘာ့ဆန်ပို့ကုန်ဈေးနှုန်းများ အနေဖြင့် U.S(FOB) ဈေးနှုန်းသည် ဆန်လုံးရှည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၅၀ ပေါက်ဈေးရှိပြီး၊ အမေရိကန်တောင်ပိုင်းသို့ ဆန်တင်ပို့သည့် ဥရုဂွေး၏ ဈေးနှုန်းသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ဖြစ်သဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသေးကြောင်း၊ အာရှ၏ အဓိကဆန်တင်ပို့သည့် နိုင်ငံများတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ အောက် ဈေးကျ ဆင်းလျက်ရှိကြောင်း သိရှိရပါသည်။




**Source: Foreign Agricultural Service/USDA 2018_Office of Global Analysis**

www.worldtopexports.com တွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဖော်ပြထားချက်အရ ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးမှ ဆန်တင်ပို့မှု တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံရှိခဲ့ကာ၊ အာရှဒေသ ရှိနိုင်ငံများမှ တင်ပို့နိုင်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာတွင် ၇၅ ရာခိုင်နှုန်းရှိပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇ ဘီလီယံရှိကာ ၂၀၁၆ ခုနှစ်တွင် တင်ပို့နိုင်ခဲ့မှုစာရင်းနှင့်နှိုင်းယှဉ်လျှင် သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အဆိုပါ website တွင် ဖော်ပြထားသောစာရင်းများအရ ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ဆန်တင်ပို့နိုင်မှု အများဆုံး ၁၅ နိုင်ငံစာရင်းတွင် အိန္ဒိယသည် ၂၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် Top 1 နိုင်ငံဖြစ်ခဲ့ပြီး၊ ထိုင်း နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေးနှင့် ကမ္ဘောဒီးယားတို့ပြီးလျှင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးဆန်တင်ပို့မှုတန်ဖိုး၏ ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် နံပါတ် (၁၀) တွင် ရပ်တည်လျက်ရှိပါသည်။ USDA ၏ ဆန်စပါးဈေးကွက်သုံးသပ်ချက်များအရလည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ဆန်အဓိကတင်ပို့သည့်နိုင်ငံအဖြစ် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရကြောင်းလည်း ဖော်ပြထားပါသည်။

www.statista.com website တွင် ဖော်ပြပါရှိသော သတင်းအချက်အလက်များအရ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်ပမှအများဆုံး ဆန်တင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီးရီးယား၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ အိုင်ဗရီကို့စ်၊ ဆော်ဒီအာရေးဗျ၊ အီရန် နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းဆန်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့တွင် ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်၌ ဖြစ်ပေါ်လျက်ရှိသောဈေးနှုန်းများအရ ဆန်တစ်အိတ်လျှင် ဇီယာဆန် ၅ ရာခိုင်နှုန်း (ကျပ် ၂၄၇၀၀ မှ ကျပ် ၂၄၈၀၀)၊ ဇီယာဆန် ၁၀ရာခိုင်နှုန်း (ကျပ် ၂၄၂၀၀ မှ ကျပ် ၂၄၃၀၀)၊ ဇီယာဆန် ၂၅ ရာခိုင်နှုန်း (ကျပ် ၂၁၈၀၀ မှ ကျပ် ၂၂၀၀၀)၊ ဇီယာဆန် ၃၅ ရာခိုင်နှုန်း (ကျပ် ၂၁၃၀၀ မှ ကျပ် ၂၁၅၀၀)၊ ဧည့်မထဆန် ၅ ရာခိုင်နှုန်း (ကျပ် ၂၃၈၀၀ မှ ကျပ် ၂၄၀၀၀)၊ ဧည့်မထဆန် ၁၀ ရာခိုင်နှုန်း (ကျပ် ၂၃၃၀၀ မှ ကျပ် ၂၃၅၀၀)၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်း (ကျပ် ၂၁၈၀၀ မှ ကျပ် ၂၂၀၀၀)၊ ဧည့်မထဆန် ၃၅ ရာခိုင်နှုန်း (ကျပ် ၂၁၃၀၀ မှ ကျပ် ၂၁၅၀၀)၊ ဆန်ကွဲ (B-၂/၃/၄) (ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၁၀၀)၊ ဆန်ကွဲ(B-1/၂) (ကျပ် ၁၉၃၀၀ မှ ကျပ် ၁၉၄၀၀၊ ဆန်ကွဲ (B-1 & Extra) (ကျပ် ၁၉၅၀၀ မှ ကျပ် ၁၉၆၀၀) အသီးသီးဖြစ်ပြီး၊ ပြည်တွင်းဆန်ဈေးနှုန်းအနေဖြင့် ယခင်လ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်းများတက်လာခဲ့ပြီး ဆန်ကွဲအမျိုးအစားအနေဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသ၏ အဓိကကုန်သွယ်ရေးဇုန်ဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ မူဆယ်နယ်စပ်ဒေသတွင် ၂၀၁၈ခုနှစ် စက်တင်ဘာ ၁၇ ရက် နေ့တွင် ဖြစ်ပေါ်လျက်ရှိသောဈေးနှုန်းများအရ ငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၈ ကျပ် အထိပေါက်ဈေးရှိသဖြင့် ငွေလဲနှုန်း မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပြီး၊ ဆန်/ဆန်ကွဲဈေးအနေဖြင့် ကုန်စည်ဒိုင်ဈေးနှုန်းများအရ ဧည့်မထဆန် (၂၅ ရာခိုင်နှုန်း) (၅၀ ကီလို) တစ်အိတ်လျှင် ၁၂၃ ယွမ်မှ ၁၂၄ ယွမ်ရှိပြီး၊ ယခင်လဈေးနှုန်း ထက် (၅)ယွမ် ဝန်းကျင်တက်လာသည်ကို တွေ့ရှိရပါသည်။ ဆန်ကွဲ (B-2,3,4) အနေဖြင့် ၉၇ ယွမ် မှ ၁၀၂ ယွမ်ထိ ဈေးရှိကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။ သယ်ယူပို့ဆောင်ခစရိတ်အနေဖြင့် မန္တလေးမှ မူဆယ်သို့တစ်ပိဿာလျှင် ၆၆ ကျပ် ဖြစ်ကြောင်း၊ အလုပ်သမား တင်/ချခအနေဖြင့် ၅၀ ကီလို တစ်အိတ်လျှင် ၅၀ ကျပ်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဩဂုတ် ၆ ရက်နေ့တွင် ပေးပို့လာသည့်စာရင်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စပါး စိုက်ပျိုးမှုတွင် မိုးစပါးနှင့် နွေစပါး စိုက်ဧက သန်း ၁၇ ဒသမ ၉၃၀ ဧကရှိပြီး ထွက်ရှိမည့် တင်းမှာ သန်း ၁၃၃၄ တင်းရှိပါသည်။ စပါးစိုက်ပျိုးရန် အတွက် လိုအပ်သည့်မျိုး၊ အလေအလွင့်၊ စားသုံးမှုမှာ ခန့်မှန်းခြေ တင်း သန်း ၈၂၇ ရှိသဖြင့် ပိုလျှံမည့်စပါးတင်း သန်း ၅၀၆၊ ဆန်အနေဖြင့် တန်ချိန် ၅ သန်း ရှိပါသည်။ သို့ဖြစ်ပါ၍ ယခုနှစ်တွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၄ သန်းခန့် တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း လေ့လာသုံးသပ်ခဲ့ကြပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ နိုင်ငံမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်သဖြင့် မြန်မာ့ ဆန်တင်ပို့မှုအတွက် ကောင်းမွန်သောရလဒ်များ ရရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုအခြေအနေနှင့် ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ကြည့်ပါက ပင်လယ်ရေကြောင်း တင်ပို့မှုတွင်ရော နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့မှုတွင်ပါ ဈေးနှုန်းအားဖြင့် ယခင်နှစ်ကထက် ပိုမိုသော်လည်း၊ လက်ရှိ ၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ၅ လတာ ကာလအတွင်း ကာလတူထက် တင်ပို့မှုလျော့ကျရသည့် အကြောင်းရင်းများကို လေ့လာရာတွင် ပြည်တွင်းဝယ်ယူဈေး၊ ကုန်ကျစရိတ် နှင့် ၂ ရာခိုင်နှုန်းအခွန်အပါအဝင် အထွေထွေစရိတ်များ အရ သုညဒသမ ၂၁ ရာခိုင်နှုန်း မှ ၁ ရာခိုင်နှုန်းဝန်းကျင်ခန့် အရှုံးပေါ်လျက်ရှိခြင်း၊ ယခုကာလသည် မိုးတွင်းရာသီဖြစ်သည့်အတွက် မိုးစပါးများ စိုက်ပျိုးဆဲကာလဖြစ်ခြင်း၊ မြန်မာ့ဆန်စပါးဈေးကွက်အတွင်းနွေစပါး ဆန်လက်ကျန် နည်းပါးလာခြင်း၊ အာရှဆန်ဈေးကွက်အတွင်းတွင်လည်း အမေရိကန်ဒေါ်လာ ငွေကြေးမြင့်တက်မှုကြောင့် ပြည်တွင်းငွေကြေးတန်ဖိုးများကျဆင်းခြင်းအပေါ်တွင် ဆန်ဈေး ထပ်ကျဦးမည်ဟူသော ကုန်သွယ်ဖက်နိုင်ငံအချို့၏ မျှော်မှန်းချက်များကြောင့် ဝယ်လိုအားများ အနည်းငယ်ကျဆင်းခြင်း စသည်တို့ကြောင့် ဆန်တင်ပို့ရာတွင် ယခင်နှစ်ထက်ဈေးပိုမိုရရှိသော်လည်း တင်ပို့နိုင်မှု အနည်းငယ် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု၏ ၅၀ မှ ၆၀ ရာခိုင်နှုန်းကျော် ဈေးကွက်ဝေစုရယူထားသည့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံမှ ဆန်ဝယ်ယူမှု လျော့နည်းလာခြင်းသည်လည်း ပြည်ပတင်ပို့မှု လျော့ကျလာခြင်းတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ National News Bureau of Thailand တွင် ဖော်ပြထားချက်အရ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် လယ်ယာထွက်ကုန်စည် ကုန်သွယ်ရေး သဘောတူညီချက်အရ ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁ သန်းကို ဝယ်ယူရန် သဘောတူညီထားပြီးဖြစ်ကာ၊ အဆိုပါ ဆန်တန်ချိန် ၁ သန်းအနက် ပထမအသုတ်အတွက် တရုတ်သို့ ဆန်တင်ပို့ရန်သည် ဈေးနှုန်းကိစ္စများကြောင့် ဆိုင်းငံ့လျက်ရှိသော်လည်း ဒုတိယအသုတ်အတွက် တရုတ်မှ ထပ်မံဝယ်ယူရေးကို တာဝန်ရှိသူများက ယခုလအကုန်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အခြေအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံနှင့်အဝန်းရေကြီးမှုကြောင့် သီးနှံမျိုးစုံ စိုက်ဧက ၆ သိန်းကျော် ပျက်ဆီးဆုံးရှုံးခဲ့ပြီး မိုးစပါးဧက ၄ သိန်းခန့် ပျက်ဆီး ဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်၍ ဆန်ဈေးနှုန်းများ ကြီးမြင့်လာခဲ့ပြီး ဆန် တစ်အိတ်လျှင် အနည်းဆုံး ကျပ် ၄၅၀၀ မှ အများဆုံး ကျပ် ၁၅၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မှတ်တမ်းများအရ သိရှိရပါသည်။ ပြည်တွင်းစားသုံးမှု အများဆုံးဖြစ်သည့် ဧရာဝတီပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း၊ ဧည့်မထ၊ ငစိန် အစရှိသော ဆန်များမှာ ဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ပါသည်။ လက်ရှိဈေးကွက်အတွင်း ပေါ်ဆန်းအပါအဝင် ဆန်ချောများကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှတစ်ဆင့် မလေးရှားနိုင်ငံ၊ ပီနန်မြို့၊ ထိုင်းနိုင်ငံ၊ ရနောင်းမြို့များသို့ တရားမဝင်တင်ပို့နေမှုများကို ပါမစ်စနစ်ဖြင့် ပြန်လည်ကျင့်သုံး စိစစ်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ ဆန်ဈေးနှုန်းထိန်းညှိနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကုန်သည်အချင်းချင်း ပူးပေါင်းဆောင်ရွက်နေသလိုစပါးသစ်များ စက်တင်ဘာလနှောင်းပိုင်း နှင့် အောက်တိုဘာလအတွင်း ထွက်ရှိလာပါက ဆန်ဈေးပုံမှန်ဖြစ်ရန် မျှော်လင့်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးမှု တစ်လျှောက်လုံးတွင် စိုက်ပျိုးမှု၊ မျိုးပြောင်းလဲမှု၊ ရိတ်သိမ်းချိန် နည်းပညာလွန်အသုံးပြုမှု ခေတ်မီလာခြင်း၊ သက်နုမျိုးများ စိုက်ပျိုးလာခြင်း၊ ဆန်ကြိတ်ခွဲရာတွင် အသင့်စားသုံးနိုင်သည်ထိ ကြိတ်ခွဲလာနိုင်ခြင်း၊ နိုင်ငံတကာသို့ အရည်အသွေးမီတင်ပို့လာနိုင်ခြင်း စသည့် အချက်များကြောင့် ဈေးကွက်အတွင်း လှောင်လက်များလာခြင်းနှင့် အတူ တစ်နှစ်ပတ်လုံး နေရာဒေသအလိုက် ဆန်ထွက်ရှိမှုနှုန်း ပိုလာကြောင်းသိရှိရသည်။ လက်ရှိနွေစပါးနှင့် မိုးစပါးများကို ကုန်သည်၊ စက်ပိုင်များမှ ပြည်ပသို့ ကြိတ်ခွဲပို့နိုင်ရန် သိုလှောင်ဝယ်ယူမှုများ ပြုလုပ်နေကြပြီး ဆန်စပါးများကြိုရောင်း၊ ကြိုဝယ်ခြင်းကို စနစ်တကျပြုလုပ်နိုင်စေရန် ဝါးတန်းကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်တို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

လက်ရှိကမ္ဘာ့ဈေးကွက်၏ ဆန်တင်ပို့မှုတွင် အိန္ဒိယ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ပါကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်နေသော်လည်း မဝေးတော့သည့် အနာဂတ်တွင် မြန်မာ၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ကမ္ဘောဒီးယား တို့ကလည်းဈေးကွက်ထိုးဖောက်၍ တင်ပို့မှုတိုးတက်လာ နိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဆန်ဈေးကွက် သုံးသပ်သူများက ခန့်မှန်းထားကြသည်။ သို့ဖြစ်၍ မြန်မာ့ဆန်အား လက်ရှိဆန်တင်ပို့နေသောနိုင်ငံများအပြင် ဒေသတွင်း အာရှဈေးကွက်တွင်လည်း ဆန် လိုအပ်လျက်ရှိသော နိုင်ငံများကို မျက်ခြည် မပြတ်လေ့လာ၍သော်လည်းကောင်း၊ အခြားကမ္ဘာ့ဈေးကွက်သစ်များသို့ ရှာဖွေ ထိုးဖောက်၍သော်လည်းကောင်း ဈေးကွက်သစ်များရရှိရေး ပိုမိုကြိုးပမ်းကြရမည်ဖြစ်ပြီး၊ ထိုသို့ ဈေးကွက်ချဲ့ထွင်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့ကုန်စည် အရည်အသွေးကိုလည်း နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်း နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခင် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆သန်း တင်ပို့နိုင်ခဲ့ပြီး၊ ဆန်တင်ပို့မှုသမိုင်းမှတ်တိုင် တွင် သမိုင်းသစ် မော်ကွန်းစိုက်ထူနိုင်ခဲ့ပြီးဖြစ်သဖြင့် မြန်မာ့ဆန်တင်ပို့မှုအတွက် ကောင်းမွန်သောရလဒ်များကို ဆက်လက် ထိန်းသိမ်းကာ၊ လက်ရှိတွေ့ကြုံနေရသော ရာသီဥတုအခြေအနေများ၊ ဈေးကွက်အခြေအနေများ၊ မမျှော်မှန်းနိုင်သော အခြေအနေများအရ စိန်ခေါ်မှုများကို အစိုးရ၊ ပုဂ္ဂလိက လက်တွဲညီညီပူးပေါင်း၍ Supply Chain တစ်လျှောက်ရှိ Stakeholders အားလုံး လက်တွဲညီညီ စနစ်တကျဝိုင်းဝန်း အဖြေရှာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကျန်ရှိဘဏ္ဍာနှစ်ကာလတွင် ဆန်တင်ပို့မှု တန်ချိန် ပိုမိုတိုးမြှင့်လာနိုင်ရေး ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

**စာရင်းအင်း**

# အသေးစားချေးငွေလုပ်ငန်း (MFI) မှ အဖွဲ့ငါးဖွဲ့သည့် Musoni နှင့် ပူးပေါင်း၍ ပြည်တွင်း၌ လုပ်ငန်း ချဲ့ထွင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများ လုပ်ဆောင်သွားမည်

အသေးစားချေးငွေလုပ်ငန်း (MFI) မှ အဖွဲ့ငါးဖွဲ့သည့် Musoni နှင့်ပူးပေါင်း၍ ပြည်တွင်း၌ လုပ်ငန်းချဲ့ထွင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပူးပေါင်းလုပ်ဆောင်ရာတွင် Musoni Core Banking System ကို ဝန်ဆောင်မှုပေးနေသော Thitsa Works မှ MFI များအတွက် အထူးပြုလုပ်ထားသော ငွေကြေး ဆော့ဖ်ဝဲလ်နှင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငွေကြေးပိုင်းဆိုင်ရာတွေကို စနစ်တကျဖြစ်စေဖို့အတွက် ဆော့ဖ်ဝဲလ်ပိုင်းရော System ပိုင်းကိုပါ လုပ်ဆောင်မှ ရမှာပါ။ အဲဒါကြောင့် ကိုယ့်အဖွဲ့အစည်းရဲ့ ဒေတာတွေကို လုံခြုံစိတ်ချရဖို့အတွက် Musoni နဲ့ Thitsa Works ကို ရွေးချယ်ခဲ့တာပါ။ နောက်ပြီး Thitsa Works က မြန်မာပြည်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး အသေးစားချေးငွေလုပ်ငန်းတွေကို ဝန်ဆောင်မှုပေးနေတဲ့အတွက် အတူလက်တွဲလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု Social Vision Services မှ President ဖြစ်သူ ဒေါ်ခင်သက်မော်က ပြောသည်။

Musoni ကို အသုံးပြုနေသော MFI များသည် အစဉ်အလာတောင့်တင်းခိုင်မာသော Musoni ၏ ခေတ်မီလုပ်ဆောင်ချက်များအပြင် မြန်မာနိုင်ငံရှိ ငွေကြေးဆိုင်ရာနည်းပညာများကို ပံ့ပိုးပေးနေသော ThitsaWorks ၏ ဝန်ဆောင်မှုကိုလည်း အကျိုးခံစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Musoni ဖြင့် ပူးပေါင်းသည့် MFI အဖွဲ့ငါးဖွဲ့မှာ ECLOF, MHDO, SVS, The Sun Institute နှင့် ဝိလက်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းတို့ဖြစ်ပြီး အဆိုပါအဖွဲ့အစည်းများအနေဖြင့် ကျေးလက်နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဒေသများမှာ ဝင်ငွေနည်းပါးသည့် လုပ်ငန်းရှင်များကို အဓိက ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ThitsaWorks အနေဖြင့်လည်း အသေးစားချေးငွေလုပ်ငန်းများသာမက အခြားသော အဖွဲ့အစည်းများနှင့်ပါ ချိတ်ဆက်၍ ပြည်တွင်းရှိလုပ်ငန်းများနှင့် ဝန်ဆောင်မှုလိုအပ်နေသူများအား အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ချောစု

# စက်မှုလုပ်ငန်းနှင့် အခြေခံ အဆောက်အဦဆိုင်ရာ ပြပွဲတွင် ဆက်စပ်လုပ်ငန်းများအတွက် ပြပွဲများကိုပါ ပထမဆုံးအကြိမ်ပူးတွဲ ကျင်းပမည်

စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အဦဆိုင်ရာပြပွဲတွင် ဆက်စပ်လုပ်ငန်းများအတွက် ပြပွဲများကိုပါ ပထမဆုံးအကြိမ် ပူးတွဲကျင်းပပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာ ရေအသုံးချနှင့် ထောက်ပံ့ရေး၊ မိလ္လာသန့်စင်ရေး၊ စက်ရုံသုံးစွန့်ပစ်ရေး၊ ထိန်းသိမ်းရေးနှင့် သန့်စင်ရေးဆိုင်ရာတို့ကို ပြသသွားမည့်အပြင် ဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံ၏ စွမ်းအင်ဈေးကွက်မှ အဆုံးမဲ့အခွင့်အလမ်းများကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ငန်းများအတွက် နည်းပညာများနှင့် စက်ကိရိယာများကို ပြသမည်ဖြစ်ကြောင်း သိရသည်။




"တိုင်းပြည်ရဲ့ GDP ဖော်ဆောင်ဖို့အတွက် ဒီပွဲက အရေးပါပါတယ်။ ဒါတွေကို သိမြင်အောင် သတင်းအချက်အလက်ပေးဖို့လည်း လိုပါတယ်။ ကုန်သည် စက်မှုအသင်းချုပ်အနေနဲ့ကတော့ ဘယ်အဖွဲ့အစည်း လုပ်ငန်းရှင်နဲ့မဆို ပေါင်းကူးလုပ်ဆောင်ပေးနေပါတယ်"ဟု UMFCCI မှ အတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

ပထမဆုံးကြိမ် ဆက်စပ်ကျင်းပပေးမည့် ပြပွဲများမှာ Construction, Power& Mining Myanmar, Intermach, Subcon & MTA Myanmar, Myanmar Water and RE Myanmar ပြပွဲများဖြစ်ပြီး စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အဦပြပွဲမှာလည်း ပြည်တွင်းရှိ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သတ္တုတူးဖော်ရေးနှင့် သဘာဝတွင်းထွက်လုပ်ငန်းများအတွက် ဆဋ္ဌမအကြိမ်မြောက် ကျင်းပပေး ခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ထိုင်ဝမ်၊ အိန္ဒိယ၊ အစ္စရေး၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲ ၁၆ ခုအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ပြပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ Yangon Convention Center တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ချောစု

## ဈေးကွက်ဦးဆောင်သော စမတ် ဖုန်းဖြစ်သည့် Honor ၏ Flagship Offline ပြခန်းများကို မန္တလေးမြို့တွင် စတင်ဖွင့်လှစ်

ဈေးကွက်ဦးဆောင် စမတ်ဖုန်းဖြစ်သည့် Honor ၏ Flagship Offline ပြခန်းများကို စက်တင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Honor အနေဖြင့် အဆိုပါပြခန်းများကို မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင် တစ်ပြိုင်နက်တည်း သုံးဆိုင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝယ်သူတွေစိတ်ကြိုက် ခေတ်မီအတွေ့အကြုံခံစားရတဲ့ ဒီအရောင်းပြခန်းတွေကနေတစ်ဆင့် Honor ရဲ့ ဟန်းဆက်တွေကို ရှာဖွေဝယ်ယူနိုင်ပါပြီ။ ငယ်ရွယ်သူတွေသာမက မြင့်မားတဲ့ နည်းပညာတိုးတက်မှုကို စိတ်ဝင်စားသူတွေကိုလည်း လေ့လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု Honor Myanmar ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Bai Jin က ပြောသည်။

လက်ရှိဖွင့်လှစ်ခဲ့သည့် Honor ၏ အရောင်းပြခန်းများသည် သမာရိုးကျ မိုဘိုင်းဖုန်းအရောင်းဆိုင်ထက် ခွဲထွက်၍ အရောင်အသွေး စုံလင်စွာဖြင့် ပြည့်စုံစွာရရှိစေရန် ပြင်ဆင်ထားကြောင်း၊ မန္တလေးတွင် ဖွင့်လှစ်သည့် အရောင်းပြခန်းမှာ မင်္ဂလာမန္တလေး ရှော့ပင်းမောလ်နှင့် ဒိုင်းမွန်းပလာဇာအနီးတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မော်လမြိုင်ရှိ ပြခန်းမှာ အမှတ် ၁၇၆၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်တွင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

Honor အနေဖြင့် Honor 7 နှင့် 7C တို့ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပြီး အရောင်းတိုးတက်မှုနှုန်းမှာလည်း ၁၀၀ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိခဲ့ကြောင်း၊ လက်ရှိတွင်လည်း Honor 7S နှင့် 9 Lite တို့ကို ဈေးကွက်အတွင်း မိတ်ဆက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ချောစု

## အမြန်နှုန်း30Mbpsမှ 1Gbpsအထိရရှိနိုင်မည့် ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကို MIH ကုမ္ပဏီမှမိတ်ဆက်

အမြန်နှုန်း 30Mbps မှ 1Gbps အထိ ရရှိနိုင်မည့် ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကို MIH ကုမ္ပဏီမှ ပြည်တွင်း၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ Myanmar Information Highway (MIH) ကုမ္ပဏီမှာ ထိုင်းနိုင်ငံ အခြေစိုက် Benchachinda Holding Group နှင့် မြန်မာနိုင်ငံအခြေစိုက် A& F ဆက်သွယ်ရေးကုမ္ပဏီတို့ ပူးပေါင်းထားခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ မြို့နယ် ၂၃ ခုတွင် ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကိုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"MIH ရဲ့ ကွန်ရက်အင်အားကို 100Gbps အထိ တည်ဆောက်ထားတဲ့အတွက် ရန်ကုန်မှာဖိုင်ဘာအော့ပ်တစ်ဘရော့ဘန်း အင်တာနက်မြန်နှုန်း အမြင့်ဆုံး ဝန်ဆောင်မှုပေးနိုင်တဲ့ လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်သွားမှာပါ" ဟု MIH ကုမ္ပဏီ၏ General Manager မစ္စတာ ပါဆာကွန်ဖွန်ဆော့ခ်က ပြောသည်။

MIH ၏ ကြားခံကွန်ရက်များမှာ အခြားသော အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကွန်ရက်များဖြင့် ချိတ်ဆက်ထားခြင်းဖြစ်ပြီး အလုံးစုံလုံခြုံမှုရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုကို ပေးသလို MIH Data Center Ring မှတစ်ဆင့် ကမ္ဘာ့ကွန်ရက်အတွင်းရှိ အခြားသော ဒေတာစင်တာများနှင့်လည်း ချိတ်ဆက်နိုင်ရန် စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့တွင် Point of Presence (POP) ဌာနများ ဖွင့်လှစ်ထားကြောင်း သိရသည်။

MIH အနေဖြင့် အင်တာနက်ဝန်ဆောင်မှုကို ပြီးခဲ့သည့် ဩဂုတ်လကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ ထိုင်းသံရုံးအပါအဝင် ထိုင်းကုမ္ပဏီအချို့မှ အသုံးပြုနေပြီဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် နေရာအသစ်များနှင့် စက်မှုဇုန်များမှာပါ အသုံးပြုနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ဖိုင်ဘာအင်တာနက်လိုင်း ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ စတင်မိတ်ဆက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ Pullman ဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ချောစု

## Visa Contactless ငွေပေးချေမှု နည်းလမ်းလက်ခံသုံးစွဲမှုမြင့်တက်လာဟုဆို

မြန်မာနိုင်ငံအတွင်း Visa ကတ် အသုံးပြုငွေပေးချေမှုငါးခုအနက် တစ်ခုဖြစ်သော Contactless နည်းဖြင့် ငွေပေးချေခြင်းကို သုံးစွဲမှုမြင့်တက်လာကြောင်း စက်တင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ရှိ Visa Myanmar ရုံး၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

Visa Myanmar ၏ Country Manager ဖြစ်သူ Mr.Arturo Planell က "မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ် ငွေပေးချေမှုတွေ အသုံးပြုကြတာက နည်းပါးနေသေးပေမယ့် Contactless နည်းနဲ့ ငွေပေးချေမှုဟာ Visa ကတ်အသုံးပြုငွေပေးချေမှုတွေအားလုံးပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းအထိ ရှိလာတာဖြစ်လို့ မနှစ်က ဒီဇင်ဘာလတုန်းကတွေ့ရှိရတဲ့ ၂ ရာခိုင်နှုန်းထက်စာရင် တစ်ဟုန်ထိုး တိုးတက်လာတာဖြစ်ပါတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် သုံးစွဲသူတွေဟာ ငွေသားကိုင်ဆောင်ဖို့ မလိုအပ်တော့တဲ့ လူမှုအသိုင်းအဝိုင်းတစ်ခုကို ဖန်တီးနိုင်ဖို့ မြန်မြန်ဆန်ဆန်နဲ့ တိုးတက်ပြောင်းလဲလာကြတာဖြစ်ပြီး ရှေ့လျှောက်မှာလည်း ဒီထက်ပိုပြီးအရှိန်အဟုန်နဲ့ တိုးတက် လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ Contactless နည်းနဲ့ ငွေပေးချေမှုကို အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် များပြားလှတဲ့ အကျိုးကျေးဇူးတွေရှိမယ်ဆိုတာ ကျွန်တော်တို့ သိရှိနားလည်တဲ့အတွက် မြန်မာနိုင်ငံကို Contactless အသုံးပြုမှုများတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်အောင် မိတ်ဖက်ဘဏ်တွေ၊ လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

Contactless နည်းပညာကိုအသုံးပြုခြင်းအားဖြင့် ကတ်ကိုင်ဆောင်သူများအနေဖြင့် ကတ်ဖြတ်ခြင်း၊ ကတ်ထည့်သွင်းခြင်းများပြုလုပ်ရန်မလိုအပ်ဘဲ Contactless နည်းဖြင့်ပေးချေနိုင်သည့်နေရာတွင် Visa Contactless ကတ်ကိုပြလိုက်ရုံဖြင့် ငွေပေးချေနိုင်မည်ဖြစ်ပြီး အသုံးပြုသူများအတွက် တန်းစီစောင့်ဆိုင်းရမှုများ လျှော့ချနိုင်ခြင်း၊ ငွေပေးချေမှုအတွက် အချိန်ကုန်သက်သာစေခြင်း၊ ငွေစက္ကူ သယ်ဆောင်ရခြင်းကို ရှောင်ရှားနိုင်ခြင်းများကဲ့သို့ အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် VisaContactless ကတ်ထုတ်လုပ်လျက် ရှိသည့်ဘဏ်များမှာ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့ဖြစ်သည်။ သန်းထိုက်အောင်

## မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၌ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဖြန့်ဖြူးရောင်းချရန် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မွန်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဖြန့်ဖြူး ရောင်းချရန် အသိပညာပေး ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ဇော်နိုင်တို့မှ အဖွင့်အမှာစကား ပြောကြားရာ၌ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများပေါ်တွင် သုံးစွဲရန်အညွှန်းကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက် ဖြစ်စေဖော်ပြရန်၊ လုပ်ငန်းရှင်များ၊ ရောင်းချသူများအနေဖြင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသုံးစွဲသူတောင်သူများသို့ဖော်ပြထားသည့် အညွှန်းအတိုင်း သုံးစွဲရန်အတွက် အသိပေးရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သန်းသန်းလွင်မှ 'ပိုးသတ်ဆေးဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မွန်မှ 'ဓာတ်မြေသြဇာဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုဝင်းမှ 'မျိုးစေ့ဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်မှ 'စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းခြင်းအပေါ် တာဝန်ရှိသူများမှ ဖြေဆိုရှင်းလင်းခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မွန်ပြည်နယ်အတွင်းမှ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များ ဖြန့်ဖြူး ရောင်းချသူ ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

## ရေစကြိုမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သုံးစွဲရန်မသင့် စားသောက်ကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဒု-ခရိုင်ဦးစီးမှူး ဒေါ်မွန်မွန်စိုး ဦးဆောင်၍ ရေစကြိုမြို့နယ်တာဝန်ခံ ဦးမြတ်မင်းနှင့် ဝန်ထမ်းများအဖွဲ့သည် မိတ်ဖက်ဌာနများဖြင့် ပူးပေါင်း၍စက်တင်ဘာ ၁၄ ရက်က ရေစကြိုမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသောက်ရန်မသင့် စားသောက်ကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

အဆိုပါမီးရှို့ဖျက်ဆီးမည့် ကုန်ပစ္စည်းများသည် ရေစကြိုမြို့နယ်၊ တောင်ဦးကျေးရွာနှင့် ခံစပ်တောကျေးရွာရှိ လက်လီလက်ကားကုန်မျိုးစုံဆိုင် ၂၀ ဆိုင်တို့၌ စစ်ဆေးတွေ့ရှိခဲ့သော စားသုံးရန်မသင့်သက်တမ်းလွန်ကုန်ပစ္စည်းများ ဖြစ်ပါသည်။ သိမ်းဆည်းပစ္စည်းများဖြစ်သော သက်တမ်းလွန်နေသည့် Blue Mountain အချိုရည်ဘူးများ၊ Royal Lipo အချိုရည်ဘူးများ၊ Fresh Lemon အချိုရည်ဘူးများ၊ Lactasoy ပဲနို့ဘူးများ၊ Ve Ve မန်ကျည်းဖျော်ရည်ဘူးများ၊ စီးကရက်ပုံစံချိုချဉ်တောင့်များ၊ အမှတ်တံဆိပ်မပါသော နို့မှုန့်ထုတ်များ၊ တားမြစ်ထားသော အစိမ်းရောင်ခေါက်ဆွဲခြောက်ထုတ်များ၊ တံဆိပ်မပါရောင်စုံချိုချဉ်လုံး များစသည့်စားသောက်ကုန်ပစ္စည်းအမျိုးပေါင်း ၁၅ မျိုး၊ အရေအတွက် ၂၂၉ ခု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀ ခန့် တို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား/ကျောင်းသူများရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးရန် ပြင်ဆင်၍ သက်တမ်းလွန်နှင့် တားမြစ်အစားအသောက်များကို မစားသုံးရန်နှင့် ကုန်စုံဆိုင်များမှ ၎င်းပစ္စည်းများ ဆက်လက်ရောင်းချနေသည်ကို တွေ့ရှိပါက မိမိတို့စားသုံးသူရေးရာဦးစီးဌာနသို့ အသိပေးပြောဆိုနိုင်ကြောင်း အသိပညာများ ဖြန့်ဝေပေးခဲ့ပြီး မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သိရပါသည်။

**သူဇာကျော် (ပခုက္ကူ)**

## စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းဈေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် ညောင်ပင်ဝန်း အထက်တန်းကျောင်းတွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲ ကျင်းပ




စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူရေးရာဦးစီးဌာနနှင့်ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စစ်ကိုင်းမြို့၊ ညောင်ပင်ဝန်းဈေးရှိကုန်စုံဆိုင်များ၊ စတိုးဆိုင်များအား ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကုန်မျိုးစုံအရောင်းဆိုင်၊ စတိုးဆိုင် စုစုပေါင်း ၁၅ ဆိုင်အား ကွင်းဆင်း စစ်ဆေးခဲ့ပြီး၊ စီးကရက်အစားထိုးသုံးပစ္စည်း (လျှပ်စစ်အားသွင်း ) EVOD ၊ လုံခြုံစိတ်ချရမှုမရှိသော ကြက်အူချောင်း၊ ဆိုးဆေးလွန်ကဲမှုဖြစ်နေသော အမှတ်တံဆိပ်မပါ ငုံးဥချိုချဉ်ဗူးများ၊ အချိုရည်ဗူးများ၊ ငရုတ်သီး အရောင်တင်မှုန့်များ စစ်ဆေးတွေ့ရှိရ၍ ဆက်လက်ရောင်းချခြင်း မပြုရန် သိမ်းဆည်း၊ တားမြစ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်၍ စစ်ဆေးရေးအဖွဲ့သည်ညောင်ပင်ဝန်း အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများအား ခရိုင်ဦးစီးမှူး ဦးမြင့်စိုးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များလိုက်ပါ၍ ကျောင်းအတွင်း ရောင်းချနေသော ကျောင်းမုန့်ဈေးဆိုင် ၁၄ ဆိုင်အား စစ်ဆေးခဲ့ပါတယ်။ ရောင်းချနေသော ကျောင်းဈေးသည်များအား လက်လုပ်ချဉ်ဖြင့်ပြုလုပ်ထားသော အသုပ်စုံများ၊ ယင်နားစာများ၊ ဆိုးဆေးများသော အချိုရည်ဗူးများ ရောင်းချခြင်းမပြုရန်၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ ရွေးချယ်ရောင်းချရန်၊ ရောင်းချနေသော အစားအသောက်များ ယင်မနားစေရန် စနစ်တကျဖုံးအုပ်ထားရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး သက်တမ်းလွန်နေသော No.1 အမှတ်တံဆိပ်ပါ မွှေးစပ်ပုဇွန်မုန့်ထုပ် ၃၀ ထုပ်အား သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိမ်းစိမ်းလဲ့ (စစ်ကိုင်း)**

## မြိတ်မြို့ အခြေခံပညာမူလတန်းကျောင်း(၂)ကျောင်း၌ ကျောင်းသူ/သားများအား စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာသိကောင်းစရာများ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေး

မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ စက်တင်ဘာ ၁၈ ရက်နေ့တွင် မြိတ်မြို့၊ မြိတ်တောင်ကျေးရွာရှိ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း(လေယာဉ်စခန်း)နှင့် မြိတ်မြို့၊ မြိတ်တောင် ကျေးရွာ၊ ဘုတ်ချောင်းရပ်ရှိအခြေခံ ပညာမူလတန်းကျောင်း၌ ကျောင်းသူ/သားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် မြိတ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက ဌာနတွင်ဆောင်ရွက်လျက်ရှိသည့် လက်ရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း အကြောင်းကိုလည်းကောင်း၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် တိုင်တန်းနိုင်သော အချက်အလက်များကိုလည်းကောင်း၊ သုံးစွဲရန်မသင့်သည့် ဖော့ဘူး၊ ပလတ်စတစ်အိတ်များ၏ ဆိုးကျိုးအကြောင်းကိုလည်းကောင်း၊ ဓာတုဓာတ်ကြွင်းပါရှိသော သစ်သီးဝလံနှင့် ဆန်အကြောင်းကိုလည်းကောင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်ရမည့် အချက်များကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။ အလားတူခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက စားသုံးရန်မသင့်သည့် ဆိုးဆေးအကြောင်းကို လည်းကောင်း၊ သက်တမ်းလွန်ကုန်ဆုံးသည့် စားသောက်ကုန်ပစ္စည်းအကြောင်းကိုလည်းကောင်း၊ စားသုံးရန် မသင့်သည့် အစားအသောက်များကိုလည်းကောင်း၊ သောက်သုံးရန် မသင့်သည့် စပ်ဆေးအကြောင်းနှင့် သက်တမ်းလွန်ဆေးဝါးများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။ ၎င်းအပြင် ကျောင်းမုန့်ဈေးတန်းများသို့ သွားရောက်၍ ရောင်းချနေသော အစားအသောက်များအား အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင်မြိတ်မြို့၊ မြိတ်တောင်ကျေးရွာရှိ အမှတ်(၄)၊အခြေခံပညာမူလတန်းကျောင်း (လေယာဉ်စခန်း)မှ ဆရာ၊ဆရာမ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀ ဦးနှင့် မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ၊ ဘုတ်ချောင်းရပ်ရှိ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ဆရာမ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

## ပူတာအိုမြို့၊ ဇီးအွန်ကျေးရွာရှိ အထက(ဇီးအွန်)ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

ကချင်ပြည်နယ်၊ စားသုံးသူရေးဦးစီးဌာနနှင့် နမ့်ကျိုပရဟိတဖောင်ဒေးရှင်းအဖွဲ့တို့ ပူးပေါင်း၍ ပူတာအိုမြို့ ဇီးအွန်ကျေးရွာအုပ်စု၊ ဇီးအွန်ကျေးရွာရှိ အ. ထ. က (ဇီးအွန်)ကျောင်းတွင် စက်တင်ဘာ ၁၇ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခဲ့ပါသည်။

ပထမဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဒိန်ခန်ဒီးတန်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ အကြီးတန်းစာရေး ဒေါ်ခွာညိုဦးမှ စားသုံးသူအကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူအခွင့်အရေးများ၊ စားသုံးသူနစ်နာမှုများရှိပါက တိုင်ကြားနိုင်မှု အခြေ အနေနှင့် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာကို မည်သို့ရွေးချယ်ရမည့် ကျန်းမာရေးဗဟုသုတများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးမှ ဌာန၏ လုပ်ဆောင်ချက်များနှင့် ပြောင်းလဲ ပြုပြင်ထုတ်လုပ်ထားသော အစားအသောက်များ၏ အန္တရာယ်များကိုလည်းကောင်း၊ နမ့်ကျိုပရဟိတ ဖောင်ဒေးရှင်း၊ ကွင်းတာဝန်ခံ ဒေါ်စွဲ့ဖြူဖြူဆန်းမှ စားသုံးရန်မသင့် အစားအစာများအကြောင်း၊ အသင့်စားအန္တရာယ်များနှင့် ပလတ်စတစ်အန္တရာယ် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ ဆရာ/ဆရာမနှင့် ကျောင်းသူ/ကျောင်းသား စုစုပေါင်း ၆၁၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးပပ (ကချင်)**

CONSTRUCTION, POWER & MINING Myanmar 2018

INTERMACH MYANMAR

MTA MYANMAR

SUBCON MYANMAR
Industrial Subcontracting Exhibition

MYANMARWATER

RENEWABLE ENERGY
RE MYANMAR

# A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!

A unique combination of 4 special shows at 1 location featuring technologies and equipment covering a variety of industries including Industrial Machinery, Subcontracting & Sourcing, Construction, Mining, Water & Wastewater Management, Power and Renewable Energy.

**15 National Pavilions from 8 countries**
e.g. Singapore, Thailand, China, Taiwan, Korea, Japan, Malaysia and India

**500 Companies representing 1000 of Brands**

**Comprehensive Technical Seminars** and Activities related to all the industries

## 11-13 OCTOBER 2018

**Yangon Convention Centre (YCC)**
*Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.*

NEW VENUE

**9.00-17.00 hrs.**




**Pre-register at**
reg.ubmmyanmar.com

Supported by:
MCEA
REAM
Yangon Electricity Supply Corporation

Organised by:
UBM

For more informationplease contact UBM Myanmar
+95 1378 975

Vol: 18, No.38 Monday September 24 2018




## တိုက်စစ်မှူး အဂူရို မန်စီးတီးအသင်းနှင့် သုံးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

မန်စီးတီးအသင်းတိုက်စစ်မှူး အဂူရိုသည် အသင်းတွင် ၂၀၂၁ ခုနှစ်အထိ ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း အသင်းမှ တရားဝင်ကြေညာလိုက်သည်။ မန်စီးတီးအသင်းသည် လက်ရှိအချိန်တွင် တခြားပရီးမီးယားလိဂ်အသင်းများထက် ကစားသမားအင်အား ပိုမိုတောင့်တင်းသလို အရန်ကစားသမားအင်အားကလည်း ပြိုင်ဘက်အသင်းများထက် သာလွန်မှုရှိနေသည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် မန်စီးတီးအသင်း တာဝန်ရှိသူများသည် အသင်းရှိ ထိပ်တန်းကစားသမားများကို ဆက်လက်ထိန်းထားနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း တိုးလိုက်သည့် အဂူရိုက 'အစကတည်းက ကျွန်တော် မန်စီးတီးအသင်းမှာ ၁၀ နှစ်ကစားဖို့ ရည်ရွယ်ချက်ရှိပြီးသားပါ။ ခုတော့ အဲ့ဒီရည်ရွယ်ချက်တွေ ပြည့်ခဲ့ရပါပြီ။ မန်စီးတီးအသင်းနဲ့အတူ ဖြတ်သန်းခဲ့ရတဲ့ ခုနစ်နှစ်တာ ကာလအတွင်းမှာ ကျွန်တော့်အတွက် ရလဒ်တွေ ကောင်းခဲ့ပါတယ်။ အင်္ဂလန်ပရီးမီးယားလိဂ်ရဲ့ အကောင်းဆုံးအသင်းမှာ ကစားခွင့်ရခဲ့သလို ဘောလုံးလောကရဲ့ အကောင်းဆုံးနည်းပြဖြစ်တဲ့ ဂွါဒီယိုလာလက်အောက်မှာ ကစားရတာကိုလည်း များစွာဂုဏ်ယူရပါတယ်' ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး အဂူရိုသည် ၂၀၁၁ ခုနှစ်ကပင် အက်သလက်တီကိုအသင်းမှ မန်စီးတီးအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ထိပ်တန်း ဂိုးသွင်းရှင်တစ်ဦးလည်းဖြစ်သည်။

## လာဘ်မကောင်းသည့် ကစားသမားဟု မိုရာတာကို ဆာရီပြော ပက်ဒရို၏ ဒဏ်ရာမှာ စိုးရိမ်စရာမရှိကြောင်း သတင်းထုတ်ပြန်

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီက မိမိအသင်းမှ တိုက်စစ်မှူး မိုရာတာမှာ ဂိုးလာဘ်မရှိသလို ဘူပိတ်နေသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း PAOK အသင်းနှင့် ယူရိုပါလိဂ်ပွဲ အပြီးတွင် ပြောကြားလိုက်သည်။




နည်းပြ ဆာရီက 'ဒီပွဲမှာ မိုရာတာဟာ ပွဲချိန် ပထမပိုင်းမှာပင် သုံးဂိုးလောက်ရသင့်တယ်။ သူ့အနေနဲ့ ဂိုးသွင်းခွင့်တွေ အများအပြားရခဲ့တာပဲ။ ဒါကို သူအသုံးမချနိုင်ခဲ့ဘူး။ နောက်ဆုံးတော့ လူစားလဲခဲ့ရတဲ့အထိဖြစ်ခဲ့ရတယ်။ သူ့အနေနဲ့ဒီထက်မက အများကြီး ကြိုးစားဖို့လိုနေပါသေးတယ်' ဟု ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြဆာရီက PAOK နှင့်ပွဲတွင် မိမိတို့အသင်းကစားပုံမှာ ကောင်းမွန်ခဲ့ကြောင်း၊ နိုင်ပွဲရခဲ့သည်ကို ကျေနပ်မိသော်လည်း တိုက်စစ်ပိုင်း အားနည်းခဲ့ခြင်းကြောင့် ဂိုးများထပ်မံမသွင်းနိုင်ခြင်းကို စိတ်ပျက်မိကြောင်း၊ လာမည့် အပြောင်းအရွှေ့ရာသီတွင်အခွင့်အရေးရပါက တိုက်စစ်မှူးကောင်းတစ်ဦးကို ခေါ်ယူသွားရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ အခြားတစ်ဖက်တွင် ချယ်လ်ဆီးအသင်း၏ အဓိကအားထားရသည့် တောင်ပံကစားသမား ပက်ဒရိုမှာ ယူရိုပါလိဂ် အဖွင့်ပွဲစဉ်တွင် PAOK ဂိုးသမားနှင့်ထိခိုက်မိ၍ ဦးခေါင်းနှင့် လက်မောင်းတို့တွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။ ပက်ဒရို၏ ဒဏ်ရာမှာ ဖြစ်စက စိုးရိမ်စရာ အနေအထားတွင် ရှိခဲ့သော်လည်း လက်ရှိတွင် စိုးရိမ်စရာမရှိတော့ကြောင်း ချယ်လ်ဆီးအသင်းမှ တရားဝင် ထုတ်ပြန်ထားသည်။

ထို့ပြင် နည်းပြဆာရီက ပက်ဒရို၏ဒဏ်ရာမှာ စိုးရိမ်စရာမရှိ၍ ၎င်းကစားသမားအနေဖြင့် အသင်းနှင့် အချိန်တိုအတွင်း ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်းနှင့် တိုက်စစ်ပိုင်းအားနည်းနေမှုကို အချိန်မီပြင်ဆင်ရန် လိုအပ်နေကြောင်း ဝန်ခံပြောကြားသွားသည်။



## ပက်ဒရင်ဟိုကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိထား

ဘာစီလိုနာအသင်းသည် ကိုရင်သီရန်အသင်းမှ ဘရာဇီးလူငယ်ကစားသမား ပက်ဒရင်ဟိုကို ခေါ်ယူရန် အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် နှစ်စဉ်နှစ်တိုင်း လူငယ်ကစားသမားများကို ခေါ်ယူလေ့ရှိပြီး လူငယ်အသင်းတွင် လေ့ကျင့်ပျိုးထောင်ပေးကာ အရည်အသွေးကောင်းများ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်ပေးလေ့ရှိသည်။

အထူးသဖြင့် လူငယ်ကစားသမားများကို ခေါ်ယူလေ့ရှိသည့် ဘာစီလိုနာအသင်းသည် ယခုခေါ်ယူရန် သဘောတူညီထားသည့် ပက်ဒရင်ဟိုကို ယူရို ၂၅ သန်းဖြင့် သဘောတူညီထားကြောင်း သိရသည်။ အဆိုပါ အသက်(၂၀)ရှိ ဘရာဇီး လူငယ်ကစားသမား ပက်ဒရင်ဟိုသည် ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်သော်လည်း တိုက်စစ်ပိုင်းအားသာသူ တစ်ဦးလည်းဖြစ်သည်။

ကိုရင်သီရန်အသင်းတွင် ခြေစွမ်းပြနေသည့် ပက်ဒရင်ဟိုသည် လက်ရှိကစားနေသည့် ကိုရင်သီရန် အသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်း ရှိနေသေးသည်။

ဘာစီလိုနာအသင်းသည် အဆိုပါ ကစားသမားကိုခေါ်ယူပြီးပါက ဘာစီလိုနာအသင်းကြီးတွင် အသုံးပြုဦးမည်မဟုတ်ဘဲ လူငယ်အသင်းတွင်သာ ဦးစွာကစားစေမည်ဟု ဆိုသည်။ ဘာစီလိုနာအသင်းတွင် ကော်တင်ဟို၊ အာသာ၊ မယ်လ်ကွန်တို့ကဲ့သို့ ဘရာဇီးကစားသမားများ ရှိနေခြင်းကြောင့် ပက်ဒရင်ဟိုအတွက် များစွာအဆင်ပြေနိုင်မည်ဖြစ်ကြောင်းလည်း မှတ်ချက်ပေးနေကြသည်။

## ရာသီကုန်တွင် သီယာဂိုဆေးလ်ဗာကို ပီအက်စ်ဂျီအသင်း ရောင်းထုတ်တော့မည်

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းသည် အသင်း၏ နောက်ခံကစားသမား သီယာဂိုဆေးလ်ဗားကို ယခုနှစ် ရာသီကုန်တွင် ထုတ်ရောင်းတော့မည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အသက်(၃၃)နှစ်ရှိပြီဖြစ်သည့် သီယာဂိုဆေးလ်ဗားသည် ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်း ရှိနေသေးပြီး စာချုပ်သက်တမ်း မကုန်ဆုံးမီ ၎င်းကစားသမားကို ရောင်းထုတ်သွားရန် ပြင်ဆင်လာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

သီယာဂိုဆေးလ်ဗားသည် ၂၀၁၂ ခုနှစ်က အေစီမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာကာ အသင်းခေါင်းဆောင်တာဝန်ကိုရယူကာ ခြေစွမ်းပြကစားနေသူဖြစ်သည်။

လက်ရှိထွက်ပေါ်နေသည့် သတင်းများအရ သီယာဂိုဆေးလ်ဗားသည် ၎င်း၏အသင်းဟောင်း အေစီမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့နိုင်သည်ဟု သတင်းများ ပေါ်ထွက်နေသကဲ့သို့ တခြားစီးရီးအေ ထိပ်တန်းအသင်းများဖြစ်သည့် ဂျူဗင်တပ်၊ နာပိုလီနှင့် ရိုးမားအသင်းတို့ကလည်း သီယာဂိုဆေးလ်ဗားကိုခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်







## ပေါ့ဂ်ဘာမှာ ယခုထက် ပိုမိုကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်လာမည်ဟု မော်ရင်ဟိုပြော

မန်ယူအသင်းနည်းပြ မော်ရင်ဟိုက မိမိတို့အသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာမှာ နောင်အနာဂတ်တွင် ယခုထက်ပိုမိုကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်လာဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်အဖြစ် ယန်းဘွိုင်းအသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားခဲ့ရာတွင် ၃-၀ ဂိုးဖြင့် အနိုင်ရခဲ့ရာ ယင်းပွဲစဉ်အပြီးတွင် မော်ရင်ဟိုက ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာသည် ယန်းဘွိုင်းအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်ယူအသင်း၏ အသင်းခေါင်းဆောင်ရာထူးကို တာဝန်ယူခဲ့ပြီး ယင်းပွဲစဉ်တွင် မန်ယူအတွက် ပွဲချိန် ပထမပိုင်း ၃၅မိနစ်တွင် အဖွင့်ဂိုး သွင်းနိုင်ခဲ့သလို ပွဲချိန် ၄၄ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီပြစ်ဒဏ်ဘောကိုလည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ ထို့ပြင် ပွဲချိန် ၆၆မိနစ်တွင် မာရှယ်သွင်းယူခဲ့သည့် ဂိုးကိုလည်း ပေါ့ဂ်ဘာက ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာသည် နည်းပြ မော်ရင်ဟိုနှင့် ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလဟာလအတင်းများပြေပျောက်သွားပြီး နောက်ပိုင်းတွင် ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်လာကာ အသင်းကိုလည်း ကောင်းစွာဦးဆောင်လာနိုင်ခဲ့သည်။ နည်းပြ မော်ရင်ဟိုက ပေါ့ဂ်ဘာမှာ တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာကြောင်း၊ အနာဂတ်တွင် ကမ္ဘာ့အကောင်းဆုံး ကစားသမားသမားတစ်ဦးဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

# နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ စနစ်တကျ လိုက်ပါပြင်ဆင်ဆောင်ရွက်ရမည့် မြန်မာ့ E-Commerce

(အပိုင်း (၄))

■ မျိုးကေဝင်း

**(ယခင်တစ်ပတ်မှအဆက်)**

ပြည်ပမှ ဝယ်ယူ/ရောင်းချခြင်းအတွက်လိုအပ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ EMS အပါအဝင် DHL အမြန် ချောပို့စနစ်ဖြင့် အများဆုံးအသုံးပြုနေကြောင်း တွေ့ရှိရပါတယ်။ မြန်မာစာတိုက် လုပ်ငန်းအနေဖြင့်လည်း ပြောင်းလဲလာသည့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းရပ်များနဲ့အညီ E-Commerce လုပ်ငန်းစဉ်များအတွက် နောက်ကြောင်းခံ ခြေရာစနစ်ပါဝင်သည့် Delivery Services များအတွက် ပြောင်းလဲ ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်သည့် ရုံးခွဲ များစွာရှိပြီးဖြစ်ပါသည်။ လက်ရှိတွင် မြန်မာ့စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများကိုအသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အွန်လိုင်းလုပ်ငန်းပေါင်း (၁၀၀) ကျော်ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတကာတွင် Delivery services အတွက် သက်ဆိုင်ရာ ကုန်ပစ္စည်းသိုလှောင်ရုံ (wareho use)ကုန်ပစ္စည်း ဖြန့်ဖြူးရာ ကောင်တာ (Distribution Center) တွေကနေတစ်ဆင့် last mile delivery (ပစ္စည်းမှာယူသူထံ အရောက်ပို့စနစ်) နဲ့ self service pickup station (သတ်မှတ်ကောင်တာတွင်ကိုယ်တိုင် ယူဆောင်သည့်စနစ်) ကျင့်သုံးကြပြီး Cross Border E commerce လုပ်ငန်းများအတွက် သက်ဆိုင်ရာ Shipping/Air Cargo မှတစ်ဆင့် Trading Procedure အတိုင်း သယ်ယူပို့ဆောင်ပေးကြတာ ဖြစ်ပါတယ်။တရုတ်ရဲ့Alibaba E commerce ကုမ္ပဏီဟာဆို ကုန်ထုတ်လုပ်မှုနဲ့ ကုန်စည်ပို့ဆောင်ပေးမှုတွေမှာ လုပ်ငန်းပိုမိုတွင်ကျယ်စေဖို့Robot စက်ရုပ်လုပ်သားတွေကို ပြောင်းလဲအသုံးပြုလာသလို Drone ယာဉ်ငယ်တွေသုံးပြီး door to door ပို့ဆောင်မှုလုပ်ငန်းများကိုစမ်းသပ် ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။

အမေရိက Amazon.com ကနေ အီလက်ထရောနစ် ပစ္စည်းတစ်ခုကို ဝယ်ခဲ့တဲ့ ကိုစိုးအောင်ကတော့ သူတွေ့ကြုံခဲ့ရတာကို အခုလိုပဲပြောပြပါတယ်။ "DHL နဲ့ မြန်မာပြည် ရောက်လာတယ်၊ ဝယ်ထားတဲ့ ပစ္စည်းက ဒေါ်လာ ၅၀၀ ထက်ကျော်နေတဲ့အတွက် မြန်မာပြည်ရောက်လာတဲ့အခါမှာ ဒီအတိုင်း ထုတ်ယူလို့မရဘဲ ကုမ္ပဏီလိုင်စင်၊ ထသက၊ IE Code နဲ့အခြား စာရွက်စာတမ်းတွေ တောင်းလာတဲ့အခါမှာ ကျွန်တော်အတွက် တော်တော်လေး အခက်အခဲဖြစ်သွားခဲ့တယ်။ ကျွန်တော်လည်း အဲဒီလိုလုပ်ငန်းစဉ်တွေကို မလုပ်ဖူးတော့ အခက်အခဲရှိတာပေါ့ဗျာ။ လက်ရှိ မြန်မာပြည်ကို ပြည်ပက ကုန်ပစ္စည်းတစ်ခုခုတင်ပို့ တင်သွင်းမယ်ဆို ကုမ္ပဏီတွေအနေနဲ့ ပို့ကုန်သွင်းကုန်ကုမ္ပဏီ မှတ်ပုံတင် ပြုလုပ်ပြီးမှသာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနဲ့အညီ တင်သွင်းရတာ ဖြစ်ပါတယ်။ သတ်မှတ်အကောက်ခွန်နှုန်းထားများပေးဆောင်နိုင်ဖို့ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနိမ့်ဆုံး တန်ဖိုး ပမာဏနှင့် အကောက်ခွန်နှုန်း လိုင်းသတ်မှတ်ခြင်းအတွက် အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၇ နဲ့ ၂၀၁၇ ခုနှစ် မတ်လ ၂၈ ရက်နေ့က ထုတ်ပြန်ထားပါတယ်။ ဒီနေရာမှာ လေကြောင်းမှ တင်သွင်းတဲ့ အလျင်အမြန်ပေးပို့ထုတ်ယူလိုတဲ့ ကုန်ပစ္စည်းများ(Express Consignment Cargo) အပေါ်မှာ ပြည်ပတင်သွင်းမှုတစ်ခုချင်းကို အမေရိကန်ဒေါ်လာ ၅၀ ထက်မပိုရင် အကောက်ခွန် ကြေညာလွှာနဲ့ လိုအပ်သည့်စာရွက်စာတမ်း ပူးတွဲတင်ပြီး ထုတ်ယူနိုင်တာဖြစ်ပါတယ်။ One shipment ကိုတော့ ဒေါ်လာ ၅၀၀ အထိ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ သတ်မှတ်ပမာဏ ထက်ကျော်လွန်တဲ့ ကုန်ပစ္စည်းတွေဆိုရင်တော့ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပို့/တင်သွင်း ရပါတယ်။ အကယ်လို့ ပို့ကုန်သွင်း ကုန်လိုင်စင်ပါမစ်လိုရင်လည်း စီးပွားကူးသန်းဝန်ကြီးဌာနမှာ လိုင်စင်လျှောက်ထားဖို့ လိုပါမယ်။ တင်ပို့ တင်သွင်းကုမ္ပဏီလိုအပ်လာပါတယ်။

လူတစ်ဦးချင်းအနေနဲ့ သတ်မှတ်ပမာဏတစ်ခုထိသာ တင်သွင်းလို့ရတာဖြစ်ပါတယ်။ စီးပွားကူးသန်း ဝန်ကြီးဌာနအနေနဲ့လည်း ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားရန် လိုအပ်တဲ့ ကုန်ပစ္စည်းအမယ်များ(Negative List) ကိုလည်း HS Code လိုင်း ပို့ကုန် ၃၃၄၅ လိုင်းနဲ့သွင်းကုန် ၄၈၁၈ လိုင်းအထိ လျှော့ချသတ်မှတ်ပေးခဲ့ပြီး ဒါဟာ စုစုပေါင်းကုန်ပစ္စည်းရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို လိုင်စင်လျှောက်ထားဖို့မလိုအောင် ဖြေလျှော့ပေးထားပြီးဖြစ်ပါ တယ်။

အထက်ပါအခက်အခဲမျိုး မဖြစ်ပေါ်စေဖို့ နိုင်ငံတကာမှာလည်း မူဝါဒလုပ်ထုံး လုပ်နည်းအချို့ကို ဖြေလျှော့ပေးခြင်း၊ ကြားခံဝန်ဆောင်မှု ကုမ္ပဏီများထားရှိခြင်းတို့ကို ဆောင်ရွက်ကြပါတယ်။ လက်ရှိမှာလည်း နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စီးပွားကူးသန်းဝန်ကြီးဌာနအနေနဲ့လည်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ရှိ E Commerce လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီ အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဦးစားပေးအနေနဲ့ နိုင်ငံမှာ အဓိကလိုအပ်နေတဲ့ E commerce လုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်းမူဝါဒတွေ ချမှတ်ဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း လိုအပ်တဲ့ ဆက်စပ်တဲ့ ဥပဒေမူဝါဒတွေကို ဆက်စပ်ဝန်ကြီး ဌာနအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များက ဆောင်ရွက်ပေးနေကြတာလည်း ဖြစ်ပါတယ်။

အစိုးရအနေနဲ့လည်း cross border E commerce အတွက် အရေးပါတဲ့ ကုန်သွယ်မှုလုပ်ငန်းစဉ်တွေမှာ လျင်မြန်ချောမွေ့စေဖို့နဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက် ဆောင်ရွက်နိုင်ရေး အီလက်ထရောနစ်စနစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာမှာ စီးပွားကူးသန်းဝန်ကြီး ဌာနအနေနဲ့ ပို့ကုန်သွင်းကုန်လိုင်စင်စနစ်ကို (၂၀၀၄) ခုနှစ်ကစပြီး အီလက်ထရောနစ် application စနစ်နဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး (၂၀၁၆) ခုနှစ် ကစတင်ပြီး ကုန်ပစ္စည်းအမယ် အချို့ကို အွန်လိုင်းပေါ်ကနေ လျှောက်ထား ထုတ်ပေးခြင်းလုပ်ငန်းစဉ်တွေကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၂၀ မတိုင်ခင်မှာ ပို့ကုန်သွင်းကုန်လိုင်စင်စနစ်အပါအဝင် ဆက်စပ်တဲ့ ပို့ကုန်သွင်းကုန် ကုမ္ပဏီ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ပင်ရင်းသက်သေခံ လက်မှတ်ထုတ်ပေးခြင်း စတဲ့လုပ်ငန်းများ အားလုံးကို အွန်လိုင်းပေါ်ကနေ အပြည့်အဝ အသုံးပြုနိုင်အောင် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနအနေနဲ့လည်း မြန်မာ့အကောက်ခွန် အလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS) စနစ်ကို ၂၀၁၇ ခုနှစ်က စတင်ပြီး အသုံးပြုနိုင်အောင် ပြင်ဆင်ဆောင်ရွက်ပေးခဲ့တဲ့အတွက် အကောက်ခွန်ရှင်းလင်းရေးစနစ်တွေဟာ ယခင်ကထက် ပိုမိုမြန်ဆန်လာတာတွေ့ရပါတယ်။ အခုဆက်လက်ပြီး နယ်စပ်ကုန်သွယ်ရေးတွေစနစ်တွေမှာပါ အသုံးပြုနိုင်အောင် တိုးချဲ့ဆောင်ရွက်နေပါတယ်။

ကုမ္ပဏီများမှတ်ပုံတင်စနစ် (MyCo) ကိုလည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ၂၀၁၈ မှာ စတင်အသုံးပြုလာခဲ့ပါတယ်။ အခြား ဆက်စပ်အဖွဲ့အစည်းများမှာလည်း အခုလို လုပ်ငန်းအလိုက် နည်းပညာ ပြောင်းလဲ ဆောင်ရွက်လာကြတာဖြစ်ပြီးတော့ ဒါဟာ ကုန်သွယ်မှုလုပ်ငန်းစဉ်တွေကို တစ်နေရာတည်းကနေ ဆောင်ရွက်နိုင်မယ့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် (National Single Window)ရဲ့ ကနဦးလုပ်ဆောင်ချက်တွေလည်း ဖြစ်သလို Cross Border E Commerce လုပ်ငန်းစဉ်တွေအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

---

# v ,f, mxGfukefpöif;rsm; ty g t 0ifpkdu y sk,da&; xkwfukef rsm;&Jynfywif yMusqif;jcif;fuk ukpm;EkdifrSefvQif....

DOCA(Domestic)

**(ယခင်တစ်ပတ်မှအဆက်)**

မွေးမြူရေးဇုန်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီ၊ ကရင်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက် အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရှိရပေသည်။ သို့သော်လည်း နွားမွေးမြူမှုအများဆုံးနှင့် ဆိတ်မွေးမြူမှုအများဆုံးဖြစ်သည့် မကွေးတိုင်းဒေသကြီးတွင်မူ မွေးမြူရေးဇုန်များ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပေသည်။ မကွေးတိုင်းဒေသကြီးတွင် စားကျက်မြေပေါများခြင်း၊ မွေးမြူမှုများပြားခြင်းတို့ကြောင့် မွေးမြူရေးဇုန်များအကောင်အထည်ဖော်ရန် အလားအလာကောင်းလျက်ရှိပေသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက သက်ဆိုင်ရာဌာနများ၊ မွေးမြူရေးလုပ်ကိုင်ကြသည့် ဒေသခံတောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ မကွေးတိုင်းဒေသကြီးအတွင်း သိုး၊ ဆိတ် မွေးမြူရေးဇုန်များ သတ်မှတ်ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဦးစားပေးအဆင့်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ထားရှိသော သိုး၊ ဆိတ်မွေးမြူရေးဇုန်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်-

**မကွေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားသော သိုး၊ဆိတ်မွေးမြူရေးဇုန်များ**

| ဇုန်အမည် | နေရာဒေသ | မွေးမြူကောင်ရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဆိတ် | သိုး | |
| တောင်စင်ဇုန် (ဦးစားပေး - ၁) | ရေစကြိုမြို့နယ်၊ မင်းကန်အုပ်စု၊ တောင်စဉ် ကျေးရွာ | ၈၃၃၈ | ၈၅ | ဇုန်သတ်မှတ် ဖော်ဆောင်ပြီး ဇုန်ကော်မတီ ဖွဲ့စည်းထားရှိပြီး |
| ကိုင်းမကြီးဇုန် (ဦးစားပေး - ၂) | ရေစကြိုမြို့နယ်၊ မြေခဲတောင် အုပ်စု၊ ကိုင်းမကြီး ကျေးရွာ | ၇၀၀ | - | |
| စံပြဇုန် (ဦးစားပေး - ၃) | ပွင့်ဖြူမြို့နယ်၊ စံပြကျေးရွာ | ၁၄၇ | ၂၄၀၀ | |
| ရွှေပေတောဇုန် (ဦးစားပေး - ၄) | ရေနံချောင်း မြို့နယ်၊ ပေတော ကျေးရွာ | ၂၉၈ | ၅၅၆ | |
| ဖောင်လင်းဇုန် (ဦးစားပေး - ၅) | စလင်းမြို့နယ်၊ ဖောင်းလင်း ကျေးရွာ | ၁၃၈ | ၃၈၅၈ | |
| ကျူတောဇုန် (ဦးစားပေး - ၆) | ပေါက်မြို့နယ်၊ ကျူတော ကျေးရွာ | ၁၈၆၄ | ၂၄၇ | |

ထိုသို့ အလားအလာကောင်းသည့် နေရာဒေသများတွင် မွေးမြူမှုအလိုက် ဇုန်များသတ်မှတ်ဖော်ဆောင်ထားခြင်းဖြင့် မွေးမြူရေးကဏ္ဍအား အရှိန်အဟုန်မြင့် တိုးတက်စေမည်ဖြစ်ပေသည်။ ဇုန် သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများသည် လူနေအိမ်ခြေများနှင့် သီးခြားဖြစ်စေသည့်အတွက် လူထုကျန်းမာရေး ထိခိုက်မှုမရှိသည့်အပြင် မွေးမြူရေး လုပ်ငန်းများသည်လည်း ဇီဝလုံခြုံမှုကောင်းမွန်စွာ ရရှိစေမည် ဖြစ်ပေသည်။ ထို့ကြောင့် အလားအလာကောင်းသော ဒေသများတွင် ရေရှည်စီမံချက်များ ချမှတ်၍ မွေးမြူရေးဇုန်များ ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်သင့်ပေသည်။ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ခြင်းသည် အသားကဏ္ဍထုတ်ကုန်တိုးတက်စေသည် သာမက တိုင်းပြည်၏ မွေးမြူရေးပို့ကုန်တိုးတက်စေမည်ဖြစ်ပေသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

## တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုဆိုးဆေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုဆိုးဆေးများ၊ ပစ္စည်းများ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကိုင်တွယ်အသုံးပြုရမည့် နည်းလမ်းများကို သုံးစွဲသူများသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာစားသုံးသူများသမဂ္ဂ၊ မြန်မာနိုင်ငံဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ အစားအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအဖွဲ့တို့နှင့် ပူးပေါင်း၍ စက်တင်ဘာလ ၁၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၊ ကနောင်ခန်းမ၌ စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများကို ဓာတုဗေဒပစ္စည်းများနှင့်ပတ်သက်ပြီး လုပ်ထုံး/လုပ်နည်း၊ အသုံးပြုပုံ ဆောင်ရန်/ရှောင်ရန်တို့ကို အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် စက်မှုဇုန်အတွင်းရေးမှူး ဦးယဉ်အောင်က အဖွင့်စကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဓာတုဆိုးဆေးနှင့် ပတ်သက်သည့် ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဓာတုပစ္စည်း ဆိုးဆေးများအကြောင်းကို သိသင့်သိထိုက်သော အကြောင်းအရာများ၊ လိုက်နာသင့်သော အကြောင်းအရာများကိုလည်း ယခုဟောပြောပွဲမှရရှိပြီး မှတ်သားလိုက်နာပေးစေလိုကြောင်း၊ ဓာတုပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းတို့ကို စနစ်တကျလိုက်နာပေးကြရန် တိုက်တွန်းပါကြောင်း၊ အစားအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်ရီရီမြင့်က မြန်မာ့အစားအစာကို ကမ္ဘာက သိလာပြီဖြစ်သည့်အတွက် အစားအသောက်များ၏ ဖြည့်စွက်ပစ္စည်းဖြစ်သည့် ဓာတုဆိုးဆေးများကို အသုံးပြုမည်ဆိုပါက နိုင်ငံတကာ အသိအမှတ်ပြုထားသော ဆိုးဆေးများနှင့် အချိုးအစားအတိုင်း အသုံးပြုစေလိုကြောင်း၊ ဓာတုဆိုးဆေးသည် ပုံသေနည်းအရ ဖော်စပ်ထားခြင်းဖြစ်သည့်အတွက် အရောင်ကို တိတိကျကျဖြစ်ပေါ်စေပြီး သဘာဝဆိုးဆေးသည် အရောင်ကို တိတိကျကျဖော်စပ်၍မရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက ဓာတုဗေဒပစ္စည်းများကြောင့် ကင်ဆာရောဂါဖြစ်ခြင်းအပြင် မျိုးရိုးဗီဇကိုပါ ထိခိုက်နိုင်ကြောင်းနှင့် ဓာတုဗေဒပစ္စည်းများနှင့် အလုပ်လုပ်သည့်အခါ အန္တရာယ်ရှိသတင်းအချက်အလက်များကို အထူးဂရုပြုလိုက်နာကြစေလိုကြောင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ မန်နေဂျာ ဒေါ်ကေသီအုန်းက အစာ၊ ဆေးဝါးနှင့် အလှကုန်သုံးဆိုးဆေးများ၊ ဆိုးဆေးအန္တရာယ်များအကြောင်းနှင့် အစာထုတ်ရာတွင် အစာ၏မူလ အရသာ၊ အနံ့နှင့် အာဟာရပြည့်စုံခြင်းသည်သာ အဓိကကျသဖြင့် အစာဖြည့်စွက်ပစ္စည်းများသည် အများအားဖြင့် ဓါတုဗေဒနည်းသုံးပစ္စည်းများဖြစ်၍ မလိုအပ်ပါက မသုံးခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ မြန်မာစားသုံးသူများသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင်က မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဖြစ်ပေါ်လာပုံနှင့် နိုင်ငံတကာ စားသုံးသူများ၏အခွင့်အရေးများ၊ ရပိုင်ခွင့်များ အကြောင်း၊ မြန်မာနိုင်ငံဓာတုကုန်ထုတ် လုပ်ငန်းရှင်များအသင်းမှ ဦးမျိုးမင်းသူက ဓာတုဗေဒပစ္စည်းများနှင့် ပတ်သက်၍ ထိန်းချုပ်ဓာတုဗေဒပစ္စည်းအမျိုးအစားများနှင့် ထပ်တိုး ဓာတုဗေဒပစ္စည်း အမျိုးအစားများ အကြောင်းတို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာစားသုံးသူများသမဂ္ဂ၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ အစားအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တောင်ဥက္ကလာပ မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ပါတယ်။

**လဲ့လဲ့ဌေး (စားသုံးသူ၊ ရန်ကုန်)**

## ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကျိုင်းတုံခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၉/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ရာ ကျိုင်းတုံခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ယနေ့ခေတ်ကမ္ဘာ့နိုင်ငံများမှာလည်း စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချရသောဘဝ ပိုင်ဆိုင်နိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဌာန်းဆောင်ရွက်လာခြင်းအား သိရှိရကြောင်း၊ ကျိုင်းတုံခရိုင်အတွင်းရှိ ပြည်သူများစားသုံးသူအခွင့်အရေး ရရှိခံစားနိုင်ရေး စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။ ထို့နောက် အတွင်းရေးမှူးက ယခင်လက ကျင်းပပြုလုပ်ခဲ့သော (၈/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအား ဝိုင်းဝန်းဆွေးနွေးအကြံပေးစေလိုကြောင်း၊ စားသုံးသူပြည်သူများအခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးသင့်သည်ကို အကြံပြုဆွေးနွေးစေလိုကြောင်း၊ ဓာတ်မြေသြဇာ/ပိုးသတ်ဆေး ပေါင်းသတ်ဆေး/မျိုးစေ့ တင်သွင်းရောင်းချသူများအား ဥပဒေနှင့်အညီ ရောင်းချရန် အသိပညာပေးမှုများ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာ ဌာနများအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားပြီး တက်ရောက်လာသူများမှလည်း အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရန်နောင် (ကျိုင်းတုံ)**

## ကလေးမြို့ တံတားဦးဈေးတွင်းနှင့် ဈေးအပြင်တွင် ရောင်းချလျက်ရှိသော ကုန်စုံဆိုင်၊ အရောင်းဆိုင်များ၊ ဆေးဆိုင်များတွင် သက်တမ်းလွန် အစားအသောက်များနှင့် ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ တံတားဦး ဈေး ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များသို့ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင်၊ ခရိုင် ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်မြမြသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးတန်းစာရေး ဦးနေယုမောင်မောင်၊ ကလေးမြို့မရဲစခန်း ဒု-ရဲအုပ် ဦးမုန်ဟရဲ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဈေးခေါင်း ဦးလေးတွာလ်တို့ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်က သွားရောက်စစ်ဆေးခဲ့ကြရာ သက်တမ်းလွန် အစားအသောက်များ ထုပ်ပိုးမှုမကောင်းသော အစားအသောက်များ၊ မှိုတက်နေသော အစားအသောက်များ၊ FDA မှ တားမြစ်ထားသော အစားအသောက်များ၊ မည်သည့် အမှတ်တံဆိပ်မှမပါသော အစားအသောက်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ စံမမှီဆေးဝါးများ၊ FDA မှ တားမြစ်ထားသောဆေးဝါးများ၊ မှတ်ပုံ တင်မထားသောဆေးဝါးများ၊ စပ်ဆေးများ ရောင်းချနေမှုများ ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြပါသည်။ စစ်ဆေးတွေ့ရှိသော အစားအသောက်များ၊ ဆေးဝါးများကို သိမ်းဆည်းခြင်း၊ နောင် ရောင်းချခြင်းမပြုရန် သိရှိကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း၊ သတိပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မြင့်အောင် (ကလေး)**

## မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

စာသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ ၁၄ ရက်က မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများဖြစ်သည့် အမှတ်(၄)နှင့် အမှတ်(၆) ကျောင်းများသို့ ဟောပြောပွဲကျင်းပခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာသွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ကျောင်းသား/ကျောင်းသူလူငယ်များသည် ငယ်စဉ်ကပင် ကုန်စည်/ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူသုံးစွဲသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို အခြေခံပညာကျောင်းများတွင် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ စားသုံးသူ၏အခွင့်အရေး၊ တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေး၊ တာဝန်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ကုန်စည်/ဝန်ဆောင်မှုကို ဝယ်ယူသုံးစွဲ ခဲ့ရာတွင် မကျေနပ်၍ တိုင်ကြားလာမှုများကို ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုများ၊ ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များ၊ Online မှ ရောင်းချသည့် လူသုံးကုန်ပစ္စည်းများကို သေချာစွာစိစစ်ဝယ်ယူသုံးစွဲရန်၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး ဌာန (Consumer Information and Complaint Center, CICC ) ဖွဲ့စည်းထားမှု၊ CICC သို့ တိုင်ကြားရာတွင် စာ(သို့မဟုတ်) နှုတ်(သို့မဟုတ်) ဖုန်းဖြင့် တိုင်ကြားနိုင်မှု၊ တိုင်ကြားရာတွင် ကုန်စည်ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲခဲ့သည့် ပြေစာအထောက်အထားအခိုင်အလုံဖြင့် တိုင်ကြားရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်လျှင် မအောင်မြင်နိုင်ပါသဖြင့် ဌာနဆိုင်ရာ များ၊ စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းရှင်၊ NGOs အဖွဲ့အစည်းများမှ တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များမှလည်း မိမိတို့ကျောင်းအတွင်း လုံခြုံစိတ်ချရမှုမရှိသည့် ပစ္စည်းများရောင်းချနေပါက တာဝန်ခံဆရာမထံအသိပေးတိုင်ကြားရန် လိုအပ်ကြောင်း၊ ယနေ့ဟောပြောခဲ့သည်များကို သူငယ်ချင်းများ၊ မိဘများနှင့်အခြားသူများကိုပြန်လည်မျှဝေပေးရန် လိုအပ်ကြောင်းတို့ကို အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့ပါသည်။

အလားတူ အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်းတွင်လည်း စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေးဟော ပြောပွဲကို ကျင်းပခဲ့ကြောင်းနှင့် ဟောပြောပွဲများ ကျင်းပပြီးနောက် တာဝန်ခံဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဟောပြောပွဲများသို့ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနှင့်ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း ၂၄၄ ဦး၊ အမှတ် (၆)အခြေခံပညာအလယ်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း ၁၈၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထားလှိုင် (ရန်ကုန်)**

# တောင်ကိုရီးယားအနေဖြင့် ပြည်ပသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကုမ္ပဏီများကို အခွန်စည်းကြပ်သွားမည်

တောင်ကိုရီးယားအစိုးရ အနေဖြင့်Google,Apple,Amazonနှင့် အခြားသော ပြည်ပမှ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကုမ္ပဏီများကို အခွန်စည်းကြပ် ကောက်ခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ လုပ်ငန်းများသည် အခွန်ပေးဆောင်ရခြင်းမရှိဘဲ နှစ်စဉ်ဒေါ်လာဘီလီယံချီ၍ ဝင်ငွေရရှိနေမှုအပေါ် ဝေဖန်မှုများ ကြီးထွားလာခြင်းကို မူဝါဒချမှတ်သူများအနေဖြင့် အာရုံစိုက်မှုရှိလာပြီးနောက် အဆိုပါဆုံးဖြတ်ချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ Naver, Kakao နှင့် အခြားသော ပြည်တွင်းကိုရီးယားကုမ္ပဏီများသည် ၎င်းတို့၏ ပြိုင်ဘက်ဖြစ်သည့် လုပ်ငန်းတူ ပြည်ပကုမ္ပဏီများအနေဖြင့် ဝင်ငွေခွန် ပေးဆောင်သင့်ကြောင်း အငြင်းပွားမှု ဖြစ်ပေါ်ခဲ့သည်မှာလည်း ကြာမြင့်ခဲ့ပြီဖြစ်သည်။

လက်ရှိဥပဒေအရ ပြည်ပမှ သတင်းအချက်အလက် အခြေခံကုမ္ပဏီများ၏ နိုင်ငံတွင်းရရှိသည့် အမြတ်နှင့် ရောင်းအားတို့ကို မဖြစ်မနေ ဖော်ထုတ်ပြသရန် သတ်မှတ်ထားခြင်းမရှိသဖြင့် အစိုးရအနေဖြင့် နိုင်ငံတကာကုမ္ပဏီများကိုအခွန်ကောက်နိုင်ခြင်း မရှိကြောင်း၊ ထို့အပြင် ကိုရီးယားနိုင်ငံ၏ Corporate Tax Act အရ ပြည်ပကုမ္ပဏီများသည် ကိုရီးယားနိုင်ငံအတွင်း အခြေစိုက်ကုမ္ပဏီတည်ထောင်သည့်အခါမှသာ အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်ရာ ပြည်ပကုမ္ပဏီများသည် ကိုရီးယားတွင်လုပ်ငန်းများ ချဲ့ထွင်လာကြသော်လည်း ၎င်းတို့၏ အခြေစိုက်ကုမ္ပဏီများမှာမူ အမေရိကန်၊ တရုတ်စသည့် အခြားသော နိုင်ငံများတွင် ထားရှိသောကြောင့် အဆိုပါဥပဒေပါအချက်သည် ပြည်ပကုမ္ပဏီများ အခွန်ရှောင်နိုင်မည့် အခွင့်အရေးကို ဖန်တီးပေးနေကြောင်း ဝေဖန်ပြောဆိုမှုများ ရှိလာခြင်းဖြစ်သည်။ အဆိုပါ ကုမ္ပဏီများသည် ကိုရီးယားတွင် ကြီးမားသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း အခွန်ပေးဆောင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူသိတတ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ ပါဝင်ဆောင်ရွက်မှု နည်းပါးနေကြောင်း ဝေဖန်မှုများလည်း များပြားလာခြင်း ဖြစ်သည်။




ကမ္ဘာကျော် IT firm တစ်ခုဖြစ်သည့် Amazon သည် ကိုရီးယားနိုင်ငံမှ ဝယ်ယူသူများ မှာယူသည့်ပစ္စည်းများကို အခမဲ့ပို့ဆောင်ပေးခြင်းစနစ်ကို မကြာသေးမီက စတင်ခဲ့ပြီး ကိုရီးယားဈေးကွက်ကို ထိုးဖောက်လျက်ရှိသည်။ ကမ္ဘာကျော်Googleနှင့်Appleကုမ္ပဏီများသည်လည်း ၎င်းတို့၏ Application များကို ရောင်းချခြင်းအားဖြင့် ကိုရီးယားနိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများ အကျိုးအမြတ်များ ရရှိနေကြောင်း၊ သို့ဖြစ်ရာ ကိုရီးယား အခြေစိုက် ကုမ္ပဏီများဖြစ်သည့် Naver၊Kakao အစရှိသည့် ကိုရီးယား ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းများစွာကို လိုက်နာရသည့်အပြင် သတ်မှတ်အခွန်အခများလည်း ပေးဆောင်နေရသဖြင့် ပြည်ပကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြိုးစားရုန်းကန်နေရသည့်အနေအထားဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့နည်းပညာကုမ္ပဏီများကို အခွန်ကောက်ခံနိုင်ရေး မူဝါဒနှင့် ပတ်သက်၍ OECD မှ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အထူးလုပ်ငန်းအဖွဲ့ဝင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ပါဝင်ဆောင်ရွက်ဆွေးနွေးလျက်ရှိကြောင်း အဆိုပါဌာနမှ ပြောကြားချက်အရသိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**

# ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံ၏ GDP မထိခိုက်နိုင်ကြောင်းခန့်မှန်း

ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဆန်းစစ်ရန် လေ့လာဆန်းစစ်သူများမှ အလောတကြီး ကြိုးစားနေကြကြောင်း သိရသည်။ ထိုဆန်းစစ်မှုပြုလုပ်ခြင်းသည် အခြားသောနိုင်ငံများအပေါ် ကျရောက်သည့်ပြင်ပသက်ရောက်မှုကို ချင့်ချိန်ရန်အတွက် မှန်ကန်သော နည်းလမ်းဖြစ်သော်လည်း တရုတ်နိုင်ငံအတွက်မူ ထင်သလောက် ထိရောက်မှုမရှိဘဲ တရုတ်နိုင်ငံအစိုးရသည် တိုးတက်မှုပန်းတိုင်များသို့ ရောက်ရှိရန် ကြိုးစားနေသောကြောင့် U.S နှင့်ဖြစ်ပွားသည့် ကုန်သွယ်ရေးစစ်ပွဲသည် မည်မျှပင် ပြင်းထန်နေစေကာမူ တရုတ်နိုင်ငံ၏ GDP ကို ထိခိုက်စေမည်မဟုတ်ကြောင်း တရုတ်နိုင်ငံမှ ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံအစိုးရသည် အလုပ်လက်မဲ့ကျဆင်းမှုကို ထိန်းသိမ်းရန် လူမှုရေးနှင့် နိုင်ငံရေးရည်မှန်းချက်များကို ပြည့်စုံစွာ ထည့်သွင်းစဉ်းစားခြင်းဖြင့် ယခုနှစ်အစောပိုင်းတွင် GDP တိုးတက်မှုနှုန်းအဆင့်ကို သတ်မှတ်ခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် ဖြစ်ပွားနေသော ပြဿနာများကို တည်ငြိမ်စွာ ဖြေရှင်းနိုင်ရန်အတွက် အဓိကအချက်နှစ်ချက်ကို ဆန်းစစ်နေကြောင်း၊ ပြည်နယ်အစိုးရများအနေဖြင့် ဘဏ်စနစ်များတွင် ချေးငွေကိစ္စရပ်ကို ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့ရည်မှန်းချက်သို့ရောက်ရန် လိုအပ်သော ချေးငွေအသစ်ချပေးရန် ဘဏ်များကို ခွင့်ပြုချက်များ ပေးထားကြောင်း သိရသည်။

သို့ဖြစ် ၍ တရုတ်နိုင်ငံသည် ၎င်းတို့လိုချင်သော GDP တိုးတက်မှုနှုန်းသို့ ရရှိနိုင်ကြောင်း၊ GDP သည် အစိုးရ၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဦးစားပေးမှုများကို ညွှန်ပြနိုင်ပြီး တရုတ်နိုင်ငံစီးပွားရေး၏ ကုန်သွယ်ရေးစစ်ပွဲ အကျိုးသက်ရောက်မှုများကိုပါ ညွှန်ပြနိုင်ကြောင်း သိရသည်။

**အိသက်သက်စံ**

# အမေရိကန်ပြည်ထောင်စုအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နုတ်ထွက်လျှင် ၎င်း၏စီးပွားရေး လုပ်ငန်းများ ပရမ်းပတာဖြစ်သွားနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှ သတိပေး

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းမရှိပါက အမေရိကန် ပြည်ထောင်စုအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်တွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်သူ Mr. Trump မှ ပြောဆိုခဲ့ပါသည်။

အမေရိကန်သမ္မတ၏ အဆိုပါ ပြောကြားချက်နှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်လျှင် ကမ္ဘာတစ်ဝန်းရှိ ၎င်း၏စီးပွားရေးလုပ်ငန်းများ ပရမ်းပတာ ဖြစ်သွားနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှ ဩဂုတ် ၃၁ ရက်တွင် ပြန်လည် သတိပေး ပြောဆိုခဲ့ကြောင်း Bloomberg စီးပွားရေးသတင်းအေဂျင်စီ၏ ဆက်သွယ်မေးမြန်းချက်သတင်းတွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်ရေးပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုအပါအဝင် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန် ပြည်ထောင်စုအနေဖြင့် ပြဿနာအတွက် အဖြေရှာခြင်းမရှိဘဲ နုတ်ထွက်မည်ဆိုပါက မည်သူ တစ်ဦးတစ်ယောက်အတွက်ကိုမျှ ကောင်းကျိုးဖြစ်ထွန်းစေလိမ့်မည်မဟုတ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၁၁ ရာခိုင်နှုန်းကို ကုန်သွယ်မှုပြု လျက်ရှိရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နုတ်ထွက်မည်ဆိုပါက အဖွဲ့ဝင် နိုင်ငံများသာမက အမေရိကန်ပြည်ထောင်စုကိုယ်တိုင် ပြင်းထန်သော ရိုက်ခတ်မှုဒဏ်ခံရလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ဖြေကြားချက်တွင် အဖွဲ့ဝင်အင်အားကြီး နိုင်ငံများအကြား ကိုယ်ကျိုး စီးပွားအကာအကွယ်ပေးသည့် မူဝါဒများကို ပိုမိုချမှတ်ကျင့်သုံးလာကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့်လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံမှ တင်သွင်းမည့် ကုန်စည်များအပေါ် အမေရိကန် ဒေါ်လာ ၂၀၀ ဘီလီယံအထိ အကောက်ခွန်များ တိုးမြှင့် ကောက်ခံလာမည်ဟု မျှော်လင့်ရကြောင်း၊ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအပေါ် အမေရိကန်ပြည်ထောင်စုမှ ကျေနပ်ခြင်းမရှိ၍ နှစ်နိုင်ငံအကြား ဆွေးနွေးဖြေရှင်းမှု မအောင်မြင်ခဲ့သည့် နောက်ပိုင်း လွန်ခဲ့သောဇူလိုင်လမှစတင်ကာ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အကြား အကောက်ခွန်နှုန်းထားများ အပြန်အလှန်တိုးမြှင့်ကောက်ခံခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ တန်ဖိုးအထိ ကောက်ခံခဲ့ပြီးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မိတ်ဖက်အဖွဲ့ဝင်နိုင်ငံအချို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုလားလျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုအပေါ် တရားမျှတစွာ ဆက်ဆံခြင်းမရှိကြောင်း၊ အထူးသဖြင့် အငြင်းပွားမှုများတွင် အမေရိကန်ပြည်ထောင်စုမှ အမြဲရှုံးလျက်ရှိကြောင်း၊ အမေရိကန်သမ္မတ၏ စွပ်စွဲချက်ကိုမူ ၎င်းအနေဖြင့်လက်ခံခြင်းမရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အနေဖြင့် အမေရိကန်ပြည်ထောင်စု အပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ် သာတူညီမျှ ဆက်ဆံ လျက်ရှိကြောင်း၊ အဖြစ်မှန်အနေဖြင့် တင်ပြရမည်ဆိုပါက အမေရိကန်ပြည်ထောင်စုနှင့်ပတ်သက်သော အငြင်းပွားမှုဖြစ်ရပ်များမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံများထက် အများဆုံး တင်သွင်းခံခဲ့ရကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ စတင်တိုင်ကြားသော အငြင်းပွားမှုဖြစ်ရပ် ၉၀ ရာခိုင်နှုန်းအပေါ် အမေရိကန် ပြည်ထောင်စုမှ အနိုင်ရရှိခဲ့ကြောင်း၊ သို့ရာတွင် အခြားသော အဖွဲ့ဝင်နိုင်ငံများမှ စတင်တိုင်ကြားသော အငြင်းပွားမှုဖြစ်ရပ်အများစုတွင် အမေရိကန် ပြည်ထောင်စုမှ ရှုံးနိမ့်ခဲ့ကြောင်း အချက်များကို အဆိုပါသတင်းတွင် ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။


**ညီညီအောင်**
**(WTO သံမှူး) ဂျီနီဗာမြို့**

# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**




No. (124-125) Bayintnaung Road, Industrial Zone (4), Shwe Pyi Thar Township, Yangon.
01-618699, 01-618700




# HYPER AUTO

## HYPER AUTO CAR SALE CENTRE



No(3),Yadanarmon(7) Street, Yadanarmon Housing, Hlaing Township, Yangon, Myanmar.
PH : 01 503324, 09 775111123, 09 777166123
Gmail : hyperautosalecentre@gmail.com

C B BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည် ဖွင့်လှစ်ပေးခြင်း။

## Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေး စနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

## Export/Import Financing
### ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများ ဝင်ရောက်ခြင်း။
  **( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
  **( Outward Remittance )**



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# COMMERCE INTERNATIONAL

## ဂျပန်စီးပွားရေးလုပ်ငန်းများက eSports ကို ပစ်မှတ်ထားလာ



ဂျပန်နိုင်ငံ၏ ပြည်တွင်း၊ ပြည်ပရှိ စီးပွားရေးလုပ်ငန်းများက ယှဉ်ပြိုင်ကစားရသော ဗီဒီယိုဂိမ်းများပါဝင်သည့် eSports ဟုခေါ်သော အီလက်ထရွန်းနစ်အားကစားလုပ်ငန်းကို ဆောင်ရက်ရန် ကြိုးပမ်းလာကြသည်။ eSports ဈေးကွက်သည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာတိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားကြပြီး ကုမ္ပဏီအများစုက eSports ကို စီးပွားရေးလုပ်ငန်းသစ်တစ်ခုအဖြစ်အလေးပေးလာကြသည်။

ဂျပန်နိုင်ငံတွင် အကြီးမားဆုံးဗီဒီယိုဂိမ်းပြပွဲကြီးဖြစ်သည့် Tokyo Game Show 2018 ကို ချီဘားဒေသ မကူဟာရီမက်ဆီတွင် စက်တင်ဘာ ၂၀ ရက်က စတင်ကျင်းပခဲ့ပြီး ယင်းပြပွဲ၌ ထိုင်ခုံပေါင်း ၆၀၀ ပါဝင်သည့် စတိတ်စင်တစ်ခုလည်းပါဝင်ခဲ့သည်။

ထိုစတိတ်စင်ပေါ်တွင် အမေရိကန်ကုမ္ပဏီတစ်ခုက ပြုလုပ်ထားသော "FIFA 18" ဟုခေါ်သည့် အားကစားဂိမ်းတစ်ခုလည်း ပါဝင်ခဲ့သည်။ ဂိမ်းကစားမည့်သူများသည် J.League ၏ Urawa Red Diamonds ကဲ့သို့သော ပရော်ဖက်ရှင်နယ်ဘောလုံးအသင်းများနှင့် ပရော်ဖက်ရှင်နယ်စာချုပ်များ ချုပ်ဆိုကြသည်။

အချို့သော အားကစားအသင်းများကို လူသိများလာစေရန် ရည်ရွယ်ချက်ဖြင့် ငွေသားဖြင့်ဆုချီးမြှင့်သော eSports ပြိုင်ပွဲများကို ကမ္ဘာအနှံ့အပြားတွင် ကျင်းပပေးခဲ့သည်။

ယခုနှစ် Tokyo Game Show တွင်ကုမ္ပဏီများနှင့် အဖွဲ့အစည်းပေါင်း ၆၆၈ ခုစံချိန်တင်ပါဝင်ပြသခဲ့ပြီး ပြသသူအများစုက eSports နှင့် ဆက်နွယ်နေသော အကြောင်းအရာများကို ပြသခဲ့ကြသည်။

ကုမ္ပဏီအများစုသည် ယခုပြပွဲတွင်ပထမအကြိမ်အဖြစ် ပါဝင်ပြသခဲ့ခြင်းဖြစ်ပြီး ထိုသို့ပြသခဲ့သည့်အထဲတွင် ဗီဒီယိုဂိမ်းများအတွက် ပီစီကွန်ပျူတာများကို သီးသန့်ထုတ်သော ကုမ္ပဏီများနှင့် ကစားသူများ ဂိမ်းကစားနေစဉ် သက်တောင့်သက်သာရှိစေမည့် ကုလားထိုင်များကိုထုတ်လုပ်သည့် ကုမ္ပဏီများလည်း ပါဝင်သည်။

ယခုနှစ်ဖေဖော်ဝါရီက ဂျပန်ဂိမ်းကုမ္ပဏီကြီးများနှင့် အခြားကုမ္ပဏီများသည် Japan eSports Union ကို စတင်တည်ထောင်ခဲ့ကြပြီး ပရော်ဖက်ရှင်နယ် eSports ကစားသမားကို အသိအမှတ်ပြုလက်မှတ်များ စတင်ထုတ်ပေးခဲ့သည်။

## အိန္ဒိယဆန်ဈေးနှုန်း ပြန်လည်မြင့်တက်ပြီး ထိုင်းဆန်ဈေးကျဆင်း



အိန္ဒိယဆန် ပို့ကုန်ဈေးနှုန်းများသည် ဝယ်လိုအား မြင့်တက်လာပြီးနောက် ပြန်လည်မြင့်တက်လာခဲ့သည်။ တိုင်ဖုန်းမုန်တိုင်းဒဏ်ခံရသော ဖိလစ်ပိုင်နိုင်ငံမှ ဗီယက်နမ်ဆန်အမှာစာများ ပိုမိုမြင့်တက်လာမည့် အလားအလာရှိသော်လည်း ထိုင်းနိုင်ငံမှဆန်များကပိုမိုဈေးသက်သာသည့်အတွက် ဗီယက်နမ်ဆန်ဈေးမှာမူ ကျဆင်းခဲ့သည်။

ဆန်ထိပ်တန်း ပို့ကုန်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ၅မှတ်ဆန်ကွဲပြုတ်ဆန်ဈေးနှုန်းက ယခုရက်သတ္တပတ်အတွင်းမှာ အမေရိကန်ဒေါ်လာနှစ်ဒေါ်လာနှုန်းမြင့်တက်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၇၃ မှ ၂၇၇ အထိ ရောက်ရှိခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်းက ၁၇လအတွင်း အနိမ့်ဆုံးအထိ ရောက်ရှိခဲ့ရာမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

'လွန်ခဲ့တဲ့ ရက်အနည်းငယ်က အာဖရိကဝယ်လက်တွေဆီက စုံစမ်းတာတွေ မြင့်တက်လာတယ်'ဟု အိန္ဒိယတောင်ပိုင်းပြည်နယ် အန္ဒရာပရာဒေ့ရှ်ပြည်နယ်၊ ကာကီနာဒါအခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ အိန္ဒိယရူပီးငွေကြေးတန်ဖိုး ကျဆင်းသည့်အတွက် အိန္ဒိယဆန်ဈေးက လောလောဆယ်မှာ ဈေးပြိုင်ပြီးရောင်းချနိုင်သည့်အခြေအနေရှိသည်။

အိန္ဒိယရူပီးငွေကြေး တန်ဖိုးက ၂၀၁၈ ခုနှစ်အတွင်းမှာ ၁၃ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ပြီး ယခုသီတင်းပတ်စောစောပိုင်းက စံချိန်တင်နှုန်းအထိ ကျဆင်းခဲ့သဖြင့် ပို့ကုန်တင်ပို့နိုင်မည့် စွမ်းရည်တိုးတက်ခဲ့သည်။

တစ်ချိန်တည်းမှာ အိမ်နီးချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်း မြင့်တက်သည်ကို အခွင့်ကောင်းယူ၍ လယ်သမားများက တိုးချဲ့စိုက်ပျိုးခဲ့သဖြင့် နွေရာသီတွင်စိုက်ပျိုးသော ဘိုရိုအမျိုးအစား ဆန်အထွက်မှာ တန်ချိန် ၁၉ ဒ သမ ၅သန်းရှိသည့်အတွက် မူလရည်မှန်းထားသော တန်ချိန် ၁၉ သန်းထက် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

ယခင်နှစ်က ပုံမှန်နှစ်စဉ်ဆန်ထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကိုထုတ်လုပ်လျက်ရှိသော ဘိုရိုဆန်ထုတ်လုပ်မှုသည် ရေလွှမ်းမိုးမှုကြောင့် သီးနှံများပျက်စီးသဖြင့် ခုနစ်နှစ်အတွင်း အနိမ့်ဆုံးနှုန်းအထိ ကျဆင်းခဲ့သည်။

ဗီယက်နမ်တွင် ကုန်သည်တို့က ၅ မှတ်ဆန်ကွဲကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ မှ ၄၀၅ အထိ ရောင်းချသည့်အတွက် ယခင်ရက်သတ္တပတ်က ရောင်းချခဲ့သော တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀ မှ ၄၀၅ နှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းခဲ့သည်။

နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုကို ထိခိုက်စေခဲ့သော တိုင်ဖုန်းမုန်တိုင်းဖြစ်ပွားပြီးနောက် ဖိလစ်ပိုင်နိုင်ငံမှ ဝယ်လိုအားမြင့်တက်မည့် အလားအလာကို တွေ့နေရသော်လည်း ထိုင်းနိုင်ငံဆန်ဈေးနှုန်းများက နိမ့်ကျနေသည့်အတွက် ဗီယက်နမ်ဆန်ဈေးက မြင့်တက်လာခြင်းမရှိသည်ကို တွေ့ရသည်။

ဆန်ဝယ်လိုအားမှာ တန့်နေသော်လည်း ဒေသတွင်းရှိ အထူးသဖြင့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ထားသည့်အတွက် ဆန်ဈေးနှုန်းများမှာ မကြာမီ မြင့်တက်လာလိမ့်မည်ဟု ကုန်သည်တို့က ခန့်မှန်းသည်။

စံမီအောင် စုစည်းသည်

## ဗီယက်နမ် အထည်ချုပ်လုပ်ငန်းကို တီထွင်ဆန်းသစ်ရန် လိုအပ်

ဗီယက်နမ် အထည်ချုပ်လုပ်ငန်းကို ကမ္ဘာ့တန်ဖိုးကွင်းဆက်တွင် ပါဝင်နိုင်စေရေးအတွက် အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဖြတ်ကျော်ရန်လိုအပ်သောကြောင့် ဗီယက်နမ်အထည်ချုပ်လုပ်ငန်းများသည် ၂၀၁၉ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။ ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းများ၏ ပို့ကုန်အလားအလာနှင့်ဆိုင်သော နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ဟန်ွိုင်းမြို့၌ကျင်းပခဲ့ရာ ၎င်းကိစ္စကို အဓိကထား၍ဆွေးနွေးခဲ့ကြသည်။

၂၀၁၉ ခုနှစ်သည် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းအတွက် စိန်ခေါ်မှုများသော နှစ်တစ်နှစ်အဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားတွင် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တို့က ပြောသည်။ ပိုမိုမြင့်မားသော တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ကမ္ဘာ့တန်ဖိုးကွင်းဆက်တွင် အနေအထားသစ်တစ်ခုသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ၎င်းကဏ္ဍတွင် ကြီးမားသောပြောင်းလဲမှုများကို ဆောင်ရွက်ရန်လိုကြောင်း ကျွမ်းကျင်သူတို့ကပြောသည်။

စတုတ္ထစက်မှုတော်လှန်ရေးကလည်း ၎င်းစက်မှုလုပ်ငန်းအပေါ်တွင် ထူးခြားသော ဂယက်ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေပြီး စက်ကိရိယာများနှင့် ဝန်ထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ထုတ်လုပ်သူများအား တွန်းအားပေးလာနိုင်ဖွယ်ရှိကြောင်းလည်း ကျွမ်းကျင်သူတို့ကပြောသည်။

သို့သော်လည်း ဗီယက်နမ် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းသည် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့မှ ပြင်းထန်သော ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းနှင့် အခွင့်အလမ်းကောင်းများကို အရအမိဆုပ်ကိုင်နိုင်ရေးအတွက် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန်လိုကြောင်း ၎င်းတို့ကပြောသည်။

**Don't Trash Our Future**

**ကျွန်ုပ်တို့ အနာဂတ်သာယာလှပဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့။**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ